
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အသင်၏ဆက်လက်ထွက်ရှိလာမည့်စာအုပ်များ

၁။ ညရဲ့ရစ်ပတ်နှောင်ဖွဲ့တတ်သော

ယခုလ

၂။ မိုးပြောတဲ့နှင်းဆီပုံပြင်

ဆက်လက်၍

၃။ ဝိုင်ချိုချိုလေးတစ်ခွက်

၄။ ကောင်းကင်ဘုံသို့တမ်းချင်းတစ်ပုဒ်

၅။ ကြင်ယာတော် ခခလေး

၆။ ပန်းနုရောင်သင်္ကေတလေးရဲ့အနားသတ်မှာ

၇။ ရင်သို့ကြွေလင်း လတစင်း

၈။ စံပယ်တခင်းပေးရန်ရှိသည်။

၉။ အကြင်နာတကယ်စစ်ရင်

၁၀။ အချစ်မျှော်နှင်တဲ့အမုန်းယာဉ်



# ၁

"သူတို့လာပြီ"

ကျွက်စီ ကျွက်စီ ဖြစ်နေကြသော ကျောင်းသားတစ်စု မီးကိုရေနဲ့ငြိမ်းသတ်လိုက်သလို ငြိမ်သက်သွားကြသည်။ ကန်တင်း ထဲဝင်လာသော ကျောင်းသူနှစ်ယောက်က သူတို့၏အာရုံကိုအပြည့် အဝ သိမ်းကျုံးယူငင်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေကေရီ"ဆိုသော ပန်းလေးတစ်ပွင့်ပမာ လှပသော သချ်ာမေဂျာကွင်းနှင့် သူမရဲ့မဟာတံတိုင်းကြီးလို့ အားလုံးက သမုတ်ထားကြတဲ့ မျက်နှာတည်တည် တင်းတင်းလေးနဲ့ "နီတျာတျာ"။ အခုတလော ကျောင်းသားအားလုံး၏ပါးစပ်ဖျား မှာတော့ မေကေရီထက်ပိုပြီး "နီတျာတျာ"က ရေပန်းစားလို့နေသည်။

"အဲဒီ ငချွတ်မလေးက ဒီလောက်တောင် စွမ်းလို့လား"

ကျောင်းသားအုပ်စုထဲမှ တစ်ယောက်က တီးတိုးမေးလိုက်သည်။ နီတျာတျာနဲ့ ရင်ဆိုင်ဖူးသော ကျောင်းသားတချို့၏ မျက်နှာပေါ်တွင် ညစ်ကျယ်ကျယ်အပြုံးတို့ ကိုယ်စီနေရာယူနေကြသည်။

"အေးလေ ... မင်း စမ်းကြည့်ချင်တယ် ဆိုရင်တော့သွားပေါ့၊ မင်းက ဒုသနှစ်ကျောင်းသားဆိုတော့ ငါတို့ထက်တော့ အတွေးအခေါ်ပိုသာမှာပါ"

ဒုသနှစ်ကကျောင်းသား "ကျော်ဇောခန့်"ကတော့ ဘဝင်လေဟပ်သွားကာ ခေါင်းတညိတ်ညိတ် ပြုံးနေရင်းက ထိုမိန်းကလေးဝိုင်းဆီသို့ မြောက်ကြွ မြောက်ကြွ ခြေလှမ်းတွေနဲ့ လျှောက်လှမ်းသွားသည်။





"ထိုင်မယ်နော်"

မိန်းကလေးနှစ်ယောက် ခွင့်မပြုခင် သူက သူမတို့ဝိုင်းက လွတ်နေတဲ့ခုံမှာ ခပ်တည်တည် ဝင်ထိုင်လိုက်သည်။

"ကျွန်တော် 'မေကေရီ'ကို စိတ်ဝင်စားလို့ပါ၊ ပြီးတော့ နီတျာတျာရဲ့မေးခွန်းတွေကို ဖြေနိုင်မယ်လို့ ယုံကြည်မိလို့ပါ၊ ကျွန်တော့်နာမည် ကျော်ဇောခန့်ပါ"

"အဲဒီလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့ ယောကျ်ားမျိုးကို ကျွန်မတို့ကလည်း ကြိုဆိုပါတယ်၊ ဒီနေရာမှာ ကျွန်မ တစ်ခုပြောချင်တာက ကျွန်မ ဒီလိုမေးခွန်းတွေမေးတယ်ဆိုတဲ့အကြောင်းက တမင်ညစ်နေတာတော့ မဟုတ်ဘူး ...

ယောကျ်ားဆိုတဲ့လူသားကို ကမ္ဘာဦးစကတည်းက မိန်းကလေးတွေရဲ့ အားကိုးရာလို့ သဘာဝတရားတစ်ခုက သတ်မှတ်ပေးခဲ့တယ်လေ၊ မိန်းမတွေဘက်ကလည်း အဲဒီယောကျ်ားတွေအတွက် အများကြီးပေးဆပ်ခဲ့ရတာပဲ"

နီတျာတျာ ဆိုတဲ့ ကောင်မလေးလေသံက ဇာကယ့်ဆရာမကြီးလေသံပင်၊ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုအပြည့်ရှိသည့်ပုံ ပေါ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိုက်တန်ရဲ့လားဆိုတာ စဉ်းစားစရာပဲ၊ ဉာဏ်ရည်နိမ့်တဲ့ ယောကျ်ားမျိုးကို အားကိုးမိရင် ရိုးသားမှုရှိခဲ့ရင်တောင် တော်တော် စိတ်ပျက်စရာကောင်းလိမ့်မယ်၊ အင်းလေ ... ရှင်က ကျွန်မမေးတဲ့မေးခွန်းကို ဖြေနိုင်မယ်လို့ ယုံကြည်တယ်ဆိုကတည်းက ဉာဏ်ရည်မြင့်တဲ့လူတစ်ယောက်ဖြစ်မှာပါ"

"ကျွန်တော့်ကို ဘယ်လိုမေးခွန်းမျိုးမေးမှာလဲ၊ အထွေထွေဗဟုသုတလား၊ သမိုင်းကြောင်းလား၊ သင်္ချာဉာဏ်စမ်းတွေလား၊ ဘယ်လိုမျိုးလဲ"

"ရှင် နည်းနည်းမှ သတင်းမကြားမိဘူးလား၊ ကျွန်မက ဖြေဆိုသူကို အခွင့်အရေးပေးတတ်တယ်၊ ရှင်ဖြေချင်တဲ့ ကဏ္ဍကိုသာ ပြောလိုက်ပါ၊ ရှင့်အတွက် ကျွန်မမှာမေးခွန်းအဆင်သင့်ရှိတယ်"

တော်တော်ကြီးကျယ်တဲ့ ကောင်မလေးပဲဟု ကျော်ဇောခန့် မှတ်ချက်ချမိသည်။ ရှေ့ကကောင်တွေ ဒီလောက်အခွင့်အရေးပေးတာတောင် ရအောင်မဖြေနိုင်တာ အံ့သြပါရဲ့ဟု သူတစ်ဖက်က လှည့်တွေးမိပြန်သည်။





"ကျွန်တော်က ဒဿနိကကျောင်းသားတစ်ယောက် ဆိုတော့ အတွေးအခေါ်ပိုင်းကို ပိုပြီးအားသာတယ်လို့ ပြောရမှာပေါ့၊ ကျွန်တော့်ကို တွေးတောဆင်ခြင်ပြီးဖြေရတဲ့ မေးခွန်းခက်ခက်လေးမေးရင် ပိုသင့်တော်လိမ့်မယ်"

ကျော်ဇောခန့်စကားကြောင့် နီတျာတျာက မေဇော်ရီကို ဝင့်ဝင့်စားစား ပြုံးကြည့်လိုက်သည်။

"ကောင်းပြီလေ ... ရှင် သေသေချာချာ နားထောင်ပါ၊ အိမ်တစ်အိမ်မှာ လူသုံးယောက် နေထိုင်ကြတယ်၊ အလုပ်ကလည်းသုံးမျိုးပေါ့၊ သူတို့သုံးယောက်ကို A,B,C လို့ ထားကြပါစို့။ A ရဲ့အလုပ်က နေ့ရောညပါ ကျောခိုင်းနေတဲ့ အတွဲကိုကျောင်းရတယ်၊ B ရဲ့အလုပ်ကတော့ တံတိုင်းချောင်းနဲ့ သူ့ပိုင်နက်ထဲရောက်လာသူတွေကို ရိုက်တဲ့အလုပ်တဲ့၊ အင်း ... ဒါပေမဲ့လည်း အခြေအနေကိုကြည့်ပြီး သူက နူးနူးညံ့ညံ့နဲ့ ကိုင်တွယ်တတ်ပြန်ပါတယ်တဲ့၊ အဲဒီအတွက် သူ့ကို ဘက်လိုက်တယ်ဆိုပြီး ဘယ်သူကမှလဲ အပြစ်မမြင်ကြဘူးတဲ့"

ကျော်ဇောခန့် နှုတ်ခမ်းအသာတွန့် ပြုံးလိုက်သည်။ ဒါက ဘာများခက်လို့ပါလဲ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"C ရဲ့အလုပ်ကတော့ နည်းနည်းထူးဆန်းတယ်၊ သူက ...
ညဘက်ထွက်တယ် ဇီးကွက်မဟုတ်ဘူး ...
မိတ်ကပ်လိမ်းတယ် မင်းသမီး မဟုတ်ဘူး ...
မတောင်းပဲနဲ့ပေးတယ် အလှူလုပ်တာမဟုတ်ဘူး ...
ခရီးသွားတယ် ဒါပေမဲ့ ခရီးသည်မဟုတ်ဘူး"

"မေးခွန်းက ဒါပဲလား"

ကျော်ဇောခန့်က ပျင်းရိပျင်းတွဲသံဖြင့် မေးလိုက်သည်။

"ပထမအဆင့်ကို ရှင် မှန်ကန်အောင်ဖြေဆိုနိုင်ခဲ့ရင် ဒုတိယမေးခွန်းကလည်း အဆင်သင့်ပါပဲ"

"အင်း ... ဒါဆို ကျွန်တော်ဖြေပြီနော်၊ ပထမ A ရဲ့အလုပ်ကတော့ ဆိုက်ကားနင်းတာပဲ၊ ကျောခိုင်းထားတဲ့အတွဲကို နေ့ရောညပါ ကျောင်းတယ်ဆိုတော့လေ"

"ရှင် မှန်ပါတယ်"

ကျော်ဇောခန့် မျက်လုံးအရောင်တောက်သွားသည်။

"B ရဲ့အလုပ်ကတော့ ဖြစ်နိုင်တာတွေ အများကြီးရှိနေတယ်၊ အဲဒီထဲက အဖြစ်နိုင်ဆုံးကို ပြောရမယ်ဆိုရင်တော့





သူက ဆရာမ၊ ဒါမှမဟုတ် ဆရာတစ်ယောက်ဖြစ်လိမ့်မယ်၊ သူ့ကို ဘယ်သူကမှလဲ အပြစ်မမြင်ကြဘူး ဆိုတော့လေ"

"မှားတယ် ... B ရဲ့အလုပ်က အဝတ်လျှော်တဲ့အလုပ်"

"ဟာ ... ခင်ဗျား ဒါ တမင်ညစ်တာ"

"ဘယ်မှာညစ်လို့လဲ၊ စောင်တွေ၊ ခြင်ထောင်တွေလျှော်ရင် တုတ်နဲ့ရိုက်ရတာပဲဟာ၊ ပြီးတော့ ချေးသိပ်မရှိတဲ့အဝတ်တွေကို ဖွတ်လျှော်ရတယ်လေ။ အဲဒါ နူးနူးညံ့ညံ့နဲ့ကိုင်တွယ်တာပေါ့"

"ထားတော့ဗျာ၊ ကျွန်တော် တစ်ခုမှားတယ်ပဲထား၊ C ရဲ့အလုပ်ကတော့ ... အင်း ... ဘယ်လိုပြောရမလဲ၊ ဘယ်လိုခင်ဗျားမေးခွန်းမှားနေတယ်ဆိုရင်တော့ ကျွန်တော့်အဖြေလည်း မှားမှာပဲနော်"

"ကျွန်မမေးခွန်း မမှားပါဘူး၊ ရှင်ဖြေမှာသာ ဖြေစမ်းပါ၊ ဒီမေးခွန်းရဲ့အဖြေမှန်မှ ရှင် ဒုတိယမေးခွန်းကို ဖြေဆိုခွင့်ရှိမယ်၊ ဒုတိယမေးခွန်းကိုပါ ဖြေဆိုနိုင်တယ် ဆိုရင်တော့ ကော့ရီက ရှင့်ကို လက်ခံစဉ်းစားပေးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇောခန့် ခေါင်းကုတ်နေသည်။ ဘာအလုပ်မျိုးပါလိမ့်။ ရေးတေးတေးထင်သည့်အလုပ်ကျပြန်တော့လည်း သူ့ပါးစပ်က ပြောမထွက်၊ မိန်းကလေးဖြစ်ပြီး ဒီမေးခွန်းတော့ မမေးလောက်ဟု သူ ထင်သည်။ ဒီ့ထက်ပိုပြီးလည်း စဉ်းစားလို့ကလည်းမရ။

"အဲဒီ C ရဲ့အလုပ်က ဟိုဟာလေ ... ဟိုဟာ ..."

"ဘယ်ဟာလဲ"

မေဇေကရီရော နီတျာတျာပါ၊ ပြိုင်တူမေးလိုက်ကြသည်။ ကျော်ဇောခန့် မျက်နှာကြီး နီရဲလာသည်။ နောက်ဆုံးတော့ သူ အရှုံးပေးလိုက်ရတော့သည်။

"ရှင် ပန်းပေးတယ်ဆိုရင် ကျွန်မ ပြောပြမယ်၊ C က ဘုရားပွဲဈေးမှာ ထမနဲ့တို့ ဟာလဝါတို့ရောင်းတဲ့ အမျိုးသမီးပဲ၊ ပွဲဈေးက ရှင်သိတဲ့အတိုင်းပဲ ညဘက်ထွက်ရတာလေ၊ မိတ်ကပ်လိမ်းတယ် ဆိုတာကတော့ စကားထာလေးလှသွားအောင် ပြောလိုက်တာပါ၊ သနပ်ခါးလည်းလိမ်းကြပါတယ်၊ မတောင်းဘဲနဲ့ ပေးတယ်ဆိုတာတော့ ဈေးဝယ်သူတွေကို အမြည်းကျွေးတာကိုပြောတာ၊ ခရီးသွားတယ်





ဆိုတာက သူတို့က ပွဲရှိတဲ့နေရာတွေ လိုက်ရောင်းရတာကိုး"

ကျော်ဇောခန့် ခေါင်းငိုက်စိုက်ချကာ ထိုဝိုင်းမှထ, ထွက်လေသည်။ သူ့အလာကို စောင့်မျှော်မေးမြန်းမည့် သူတွေကလည်း အဆင်သင့် လည်ဆန့် ပါးစပ်ဖြင့်လို့ပေါ့။

♥○♥



www.burmeseclassic.com

၂

ကျောင်းမှာနီတျာတျာရဲ့သတင်း ရေပန်းစားလာတာနဲ့အမျှ နီတျာတျာကို စိတ်ဝင်စားတဲ့ ယောကျာ်းလေးတွေလည်း များသထက်များလာခဲ့သည်။ မေဇကေရီရဲ့အလှမှာ ယစ်မူးနေတဲ့ လူငယ်အချို့ကတော့ နီတျာတျာကို အရှုပ်ထုပ်သဖွယ် မြင်လာကြပြီး မျိုးတူအူတို မိန်းကလေးတစ်စုကလည်း တမင်သက်သက်





popoular လုပ်သည်ဟု အထင်ရောက်ကာ နီတျာတျာကို မျက်စိစပါးမွေးစူးစ, ပြုလာပါသည်။

"ကျွန်တော့်နာမည် လင်းဝဏ္ဏပါ၊ ကျွန်တော်က သမိုင်းမေဂျာကပါ၊ သမိုင်းနဲ့ပတ်သက်တဲ့ ဘယ်အရာကိုမဆို ကျွန်တော် နှံ့နှံ့စပ်စပ် သိထားတာမို့ နီတျာတျာမေးချင်တဲ့ မေးခွန်း မေးလို့ရပါတယ်"

မေဇကေရီက ပါဝါမျက်မှန်ပုလင်းဖင်လောက်ရှိသည့် စာကြမ်းပိုးရုပ်နှင့် ထိုကျောင်းသားကိုကြည့်ကာ စိတ်အပျက်ကြီးပျက်နေသည်။ ဒီတစ်ခါ တျာတျာ နိုင်ပါ့မလား တွေးရင်းစိတ်ပူလာသည်။ ကိုယ်ကြွေးကြော်ထားသည့် ကိုယ့်စကားနှင့်ကိုယ်မို့ ဒီကိုရုပ်ဆိုးနှင့် ပိတ်မိသွားရင်တော့ ပေါက်ပေါက်ရှာရှာ ကြံစည်သူ တျာတျာကိုပါ တစ်ဝက်ခွဲပေးပစ်မည်ဟု တေးထားလိုက်သည်။

"ဒါဆိုရင် ရှင် ပျူအကြောင်းတော့ သိမှာပေါ့နော်"

"သိသင့်သလောက် သိပါတယ်"

"ဒါဆို ပျူမြို့တော် ဘာကြောင့်ပျက်စီးခဲ့ရတာလဲ၊ ဘာကြောင့် ပျူလူမျိုးပျောက်ပြီး ပျူဘာသာစကားပါ ဆိတ်သုန်းသွားခဲ့ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း ... ခရစ်နှစ် ၈၃၂-ခု (Ad-832)မှာ နန်ကျောင် ဖျက်လို့ ပျူမြို့တော်ပျက်စီးခဲ့ရပါတယ်၊ နောက်ရောက်လာတဲ့ မြန်မာတွေနဲ့ရောနှောသွားပြီး ပျူလူမျိုးပျောက်ပြီး ဘာသာစကားပါ ပျောက်သွားခဲ့တယ်လေ၊ ပျူတွေဟာ ခရစ်နှစ် တစ်ရာစုနှစ်လောက်က ယွန်နန်နယ်စပ်မှာရှိကြပြီး သုံးရာစုနှစ်လောက်မှာတော့ မြန်မာနိုင်ငံမြေပြန့်ဖြစ်တဲ့ ဧရာဝတီမြစ်ဝှမ်း ရွှေဘိုနယ်ကနေ ပြည်အထိ နေထိုင်ကြပုံပေါ်တယ်"

"မှန်ပါတယ်"

မေကေရီရဲ့မျက်နှာက ဆီးရွက်လောက် ငယ်သွားသည်။

"နောက်ထပ်မေးခွန်း ထပ်မေးမယ်နော်၊ ဗုဒ္ဓမြတ်စွာဘုရားရုပ်ပွားတော်မှာ သက်န်း'အစိုဝတ်'ဆိုတာရှိတယ်၊ အဲဒီ အဓိပ္ပာယ်ကို တိတိကျကျ ပြောပြပါ"

"ဗျာ ... သင်္ကန်း'အစိုဝတ်'ဟုတ်လား"

"ဟုတ်တယ်လေ"





ယင်းဝတ္ထုက ကျက်ထား၊ မှတ်ထားဖူးတာမှန်သမျှ အကုန်ဆွဲထုတ် ရှာဖွေနေမိသည်။ မသိတာမဟုတ် သိသည်။ တိတိကျကျ ပြောပြပါဆိုတော့ သူ အခက်တွေ့နေရသည်။

"ဘယ်လိုလဲ ... ရှင် မဖြေနိုင်တော့ဘူး မဟုတ်လား"

မေကေရီက အခုမှ ဟင်းချနိုင်သွားသည်။ ဒီမိန်းမ တစ်နေ့ တစ်နေ့ တချွတ်ချွတ်နဲ့ ရေးနေမှတ်နေတာ၊ အခုလိုကျတော့လည်း အသုံးဝင်လှသည်။

"အဲဒီ သင်္ကန်းဝတ်ရုပ်ပွားတော်တွေကို သိပ်ပြီးရှေးကျတဲ့ ခေတ်မှာပဲ တွေ့ရတာ၊ သင်္ကန်းတော်က ကိုယ်လုံးတော်နဲ့ ကပ်ပြီး သိပ်ပါးတယ်။ နို့သီးတော်တစ်စုံနဲ့ ချက်တော်ကို မြင်နေရတယ်၊ အဲဒီသင်္ကန်းကို 'အစိုဝတ်'သင်္ကန်းလို့ခေါ်တယ်"

"ဟာ ... အခုမှပဲ ကျွန်တော် မှတ်မိသွားပြီ"

"မရတော့ဘူးလေ၊ စိတ်မကောင်းပါဘူး၊ ရှင် မအောင်မြင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်လက်ပျက်နဲ့ ထ,သွားသော ထိုမှန်ကြောင်ကိုကြည့်ပြီး သူမတို့ မျက်နှာချင်းဆိုင်ကာ ပြိုင်တူ ပြုံးလိုက်ကြသည်။

"တျာတျာ ... နှင် စတန့်ထွင်တာက ကိစ္စမရှိဘူး၊ ငါက ပါ ကြားထဲက အကြောင်းကြောင်းကောင်တွေနဲ့ ပတ်သက်နေရဦးမယ်"

"အိုး ... ကျုပ်မေးခွန်းတွေ ဖြေနိုင်တယ်ဆိုရင် တော်ရုံတန်ရုံလူတော့ မဟုတ်လောက်ဘူးလေ၊ ရှင့်အတွက်စေတနာထားပြီး အရည်အချင်းရှိတဲ့ ဖူးစာဖက်ကို ရှာပေးနေတာ အပြစ်မပြောပါနဲ့"

"ငါတော့ မျက်ခုံးလှုပ်နေပြီ တျာတျာ၊ တော်သေးတာပေါ့၊ ဟိုကောင် မှန်ကြောင်မဖြေသွားနိုင်တာ ဖြေနိုင်လို့ကတော့ ကြံစည်တဲ့နှင်လည်း တစ်ဝက်ပဲနော်"

"အေးပေါ့ ... အေးပေါ့ ... ဟိုက ပုံမှမလာတာ၊ အပျံစားအမိုက်စားလေးဆို ရှင် ဒီလေသံထွက်လာမှာ မဟုတ်ဘူး"

"ရယ်တော့ အရယ်ရသားနော်"





မေကေရီက တခစ်ခစ်နှင့် ရယ်နေသည်။ နီတျာတျာကတော့ မေကေရီ့ကို မျက်စောင်းလေးတချက် လှလှပပထိုးလိုက်သည်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



၃

“နီတျာတျာ

☞ ကျွန်တော့်နာမည်က

အရှင်နှစ်ပါးပေါ်ထွန်းတဲ့

မြေမှာနေတဲ့

ဗြဟ္မာရဲ့သားပါ …





☞ ကျွန်တော့်ရဲ့အထူးပြုဘာသာရပ်မှာ

ဗျည်းတူနှစ်လုံးနဲ့

သရတူနှစ်လုံးပါနေတယ် …

☞ 7 ရအောင်

ဂဏန်းတူငါးလုံးနှစ်တွဲပါတဲ့(ဂဏန်းဆယ်လုံး)

ကိန်းတန်းတစ်ခုနဲ့လုပ်နိုင်သလား။

(မှတ်ချက် … 0 ပါ၍ မရပါ။)

☞ အဖြေကိုသိရင်

ရွှေရဲ့ချစ်သူနဲ့

နွေရဲ့ရွှေ နှစ်ခုပေါင်းထားတဲ့

နာမည်ရှိသူနဲ့ ဆက်သွယ်လိုက်ပါ …။

“ဘာလဲဟ”

မေကေရီက နီတျာတျာ ကမ်းပေးသော စာရွက်ခေါက်လေးကိုဖတ်ပြီး အလိုမကျဖြစ်သွားသည်။

“ဒါက ကျုပ်အတွက် တမင်ကို အကွက်ကျကျ စီစဉ်ထားတာ သိပ်ကိုသိသာနေတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



“ဟီဟိ … သူရဲ့ကောင်းတော့ ပေါ်လာပြီ၊ ကြည့်ရတာ အဲဒီတစ်ယောက်က ငါ့ကို စိတ်ဝင်စားလို့ နင့်ရဲ့မေးခွန်းတွေကို လာဖြေတာ မဟုတ်ဘဲ၊ နင့်ကို စိတ်ဝင်စားလို့ သူ့မေးခွန်းကို ဖြေခိုင်းတာပဲ”

“ဟင့် … သေပါလား၊ သူ့မေးခွန်းကို ကျုပ်က ဘာလို့ဖြေရမှာလဲ၊ သူနဲ့ ဘာကတိကဝတ် လုပ်ထားတာမို့လို့လဲ”

“အိုးဟို … အဲဒီလိုတော့ မလုပ်နဲ့လေ တျာတျာ၊ တော်ကြာ နီတျာတျာ ဆိုတဲ့မိန်းမက မေးခွန်းပဲမေးတတ်ပြီး ဖြေတတ်လောက်တဲ့ဉာဏ် မရှိဘူးဆိုပြီး အကဲ့ရဲ့ခံနေရပါဦးမယ်၊ ဘာပဲဖြစ်ဖြစ် လုပ်ကြည့်စမ်းပါ၊ ဒီလိုမေးခွန်းတွေကို နင်လည်း လက်တန်းမေးနိုင်ခဲ့တာပဲ”

“ဟင်း … တကယ်ထူးဆန်းတယ်၊ ဒီနေ့ ရှင်ကျောင်းမတက်လို့ ကျုပ်တစ်ယောက်တည်းမို့ ကန်တင်းတောင်မသွားတာ၊ အခန်းထဲအထိ ဈေးသည်ကောင်လေးက လာပေးတာ”

“ဟဲ့ … သူက ဘယ်လိုပုံစံလဲ နင် မမေးလိုက်ဘူးလား”

“မေးစရာလား၊ အမှန်လည်း သိရမှာမှမဟုတ်တာ၊ ပါးစပ်





ညောင်းရုံပဲရှိမယ်၊ ကျုပ်ကိုသိပ်ပြီးသိစေချင်ရင် သူ့အလိုလို ပေါ်လာလိမ့်မယ်”

“မထင်ပါဘူး၊ ဒီလို ပေါက်ပေါက်ရှာရှာမေးခွန်းမျိုး မေးနိုင်တယ် ဆိုကတည်းက အဲဒီငနဲက နင်နဲ့စီးချင်းထိုးဖို့ အသင့်ပြင်ပြီးသားလေ၊ ဟဲ ဟဲ … ဘာပဲဖြစ်ဖြစ် နင်ဝင့် လည်တာပဲ တျာတျာ၊ နင်သာ သူ့ရဲ့ question တွေကို စိတ်ဝင်စားပြီး လိုက်ရှာရလိမ့်မယ်”

“တော်စမ်းပါဟာ၊ နီတျာတျာဆိုတဲ့မိန်းမက ယောကျ်ားတွေကို ဘယ်တုန်းက စိတ်ဝင်စားလို့လဲ၊ ရှင်မသိဘူးလား ဧကရီ”

နီတျာတျာရဲ့ မာဆတ်ဆတ် စကားကြောင့် ဧကရီ ငြိမ်နေလိုက်သည်။

“ဘာပဲဖြစ်ဖြစ် သူ့မေးခွန်းတွေကို ကျုပ် ရအောင်ဖြေမှာပါ၊ ရှင်လည်း ကျန်းမာရေးဂရုစိုက် ဧကရီ၊ မနက်ဖြန်ကျောင်း မတက်နိုင်သေးရင် မတက်နဲ့ဦးလေ”

ဧကရီ့နဖူးပေါ် လက်ကလေးခပ်ဖွဖွတင်ပြီး တျာတျာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ငါ ဒီလိုကြီးနေရတာ ပျင်းလှပြီ၊ ပြီးတော့ နင့်ကိုလည်း တအားလွမ်းတယ် တျာတျာ"

"ပိုပြီ"

ကျေနပ်အားရကဲ့အရိပ်လေးက တျာတျာ မျက်နှာပေါ်မှာ လင်းနေသည်။

"မပိုပါဘူး၊ နင်ရှာပေးတဲ့ ဖူးစာဖက်ကို မညည်းမညူနဲ့ လက်ခံမယ့် နင့်ရဲ့အချစ်ဆုံးသူငယ်ချင်း အစစ်ပါနော်"

"ဟုတ်ပါပြီ ... စကားကလည်း တတ်လိုက်တာ၊ ဒါဆို ကျုပ် လစ်တော့မယ်၊ ရှေ့ကဒရိုင်ဘာမျက်နှာက အခု လောက်ဆို ပုပ်သိုးနေလောက်ပြီ၊ သိတယ် မဟုတ်လား၊ သူတို့က တာဝန်အရ လုပ်ပေးနေရတာလေ၊ စေတနာပါတာ မဟုတ်ဘူး"

"အေး ... အေး သွားတော့လေ၊ နင် အခြေရရင် ငါ့ကိုလည်း ဖုန်းဆက်ဦးနော် တျာတျာ၊ သိပ်လည်းစဉ်းစားမနေနဲ့ဦးနော်၊ တော်ကြာ ငယ်ငယ်ရွယ်ရွယ်နဲ့ ခေါင်းမွေးဖြူကုန်ဦးမယ်"





"စိတ်ချ ... ၂၄–နာရီတောင် မကြာစေရဘူး၊ သူ့မေးခွန်းကို ကျုပ်ဖြေနိုင်မှာပါ၊ ဝွတ်ဒ်ဘိုင် ဧကရီ"

မေဧကရီက ချစ်သူငယ်ချင်း နောက်ကျောလေးကို ကြည့်ကာ ခပ်ပြုံးပြုံးလေး ကျန်ခဲ့သည်။

♥ ◯ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၄

“ဘယ်လိုလဲ တျာတျာ၊ နှင် အဖြေသိပြီလား”

မေကေရီက သူမဘေးနားခုံမှာ ဘီယာဘူးကို ဆင်တက်နှင်းထားသည့်ရုပ်နှင့် ဝင်ထိုင်လိုက်တဲ့ တျာတျာရဲ့မျက်နှာရိပ် မျက်နှာကဲကိုကြည့်ကာ မေးလိုက်သော်လည်း မနေ့က ဖုန်းမဆက်ကတည်းက ဒီမိန်းမ တိုင်ပတ်နေပြီမှန်း အတပ်သိပြီးသား။





“နှင် လုံးဝအဖြေရှာလို့ မရဘူးပေါ့”

“ရှာလို့မရတာ မဟုတ်ဘူး၊ ရှာကိုမရှာရသေးတာ”

“ဟင် ... ဘာလို့”

“ကြီးကြီးနဲ့ကျုပ် ညက အကြီးအကျယ် စကားများတယ်၊ သူတို့အရိပ်အောက်မှာ ခိုနေလို့ သူတို့အမိန့်ကို နာခံရမယ်ဆိုတဲ့ အချိုးမျိုး ချိုးနေလို့ပါ”

တျာတျာမျက်ဝန်းမှာ မျက်ရည်ကြည်တွေ ဝေသီနေသည်။

“ဒီလောက်တော့ ရှိမှာပေါ့ တျာတျာရာ၊ သည်းခံလိုက်ပါ”

“သည်းခံပါတယ်၊ ကျုပ်တို့ဘဝကို လုံခြုံမှုရှိအောင် ခေါ်စောင့်ရှောက်ပေးထားလို့လေ၊ ဒါပေမဲ့ တစ်ခါတလေကျတော့ မခံနိုင်တော့ဘူး၊ ပေါက်ကွဲပစ်လိုက်ချင်တယ်”

“ဘာပဲဖြစ်ဖြစ်လေ၊ သူတို့လည်း နှင့်ကို ဂရုစိုက်တာပဲ တျာတျာ၊ တကယ်ဆို လှည့်မကြည့်ဘဲထားလို့ ရနေတာပဲ”

“ငါ နားလည်ပါတယ် ကေရီရယ်၊ ဒါပေမဲ့ ညကကိစ္စကိုလည်း နားထောင်ကြည့်ပါဦး၊ ကျုပ်ကို ကျောင်းပြီးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးစားမလို့တဲ့ ဒါဖြစ်သင့်သလား၊ အဘက်ဘက်က ပြည့်စုံတဲ့သူမို့ သူတို့နားချတာပါတဲ့လေ”

“ဟယ် ... ဟုတ်လား၊ သူက ဘယ်သူတဲ့လဲ”

“နာမည်က သွေးသစ်တဲ့၊ ကိုကိုစိုးရဲ့သူငယ်ချင်း၊ နိုင်ငံခြားက ပြန်လာတာ သိပ်မကြာသေးဘူးတဲ့၊ သူ့အဖေကဟိုမှာ နိုင်ငံသားခံယူထားပြီး နောက်အိမ်ထောင်နဲ့တဲ့၊ သူကငယ်ငယ်လေးကတည်းက အမေမရှိတော့တာတဲ့၊ ဒီမှာ အထည်ချုပ်စက်ရုံတစ်ခု ဖွင့်မလို့တဲ့လေ၊ လောလောဆယ်တော့ လေးလေးတိုးရဲ့အထည်ချုပ်စက်ရုံမှာ ရှယ်ယာဝင်ထားတယ်လို့ ပြောတာပဲ”

“နင် သူ့ကို မြင်ဖူးလား တျာတျာ”

“ဟင့်အင်း ... သူကတော့ ကျုပ်ကိုမြင်ကတည်းက အရမ်းစိတ်ဝင်စားလို့ ကြီးကြီးနဆီမှာ တောင်းထားတာတဲ့၊ ကျုပ်က အရုပ်မို့လို့လား၊ ကျုပ် အပြတ်ငြင်းပစ်လိုက်တယ်”

“နမြော်စရာကြီးဟယ်၊ နည်းနည်းပါးပါး ကြည့်လိုက်ပါဦးလား”





ဆရာမတစ်ယောက် အခန်းထဲဝင်လာ၍ သူတို့စကားစ,ပြတ်သွားကြသည်။ အချိန်ပြည့်လို့ ဘဲလ်သံကြားတာနှင့် ဇေကရီက တျာတျာ့ဘက်လှည့်လာပြန်သည်။ ဒီမိန်းမ စာထဲရောအာရုံရောက်ရဲ့လား မသိ။

“ဒီနေ့ ငါတို့ ကန်တင်းမသွားတော့ဘူး တျာတျာ၊ မဖြေနိုင်တဲ့မေးခွန်းတွေကို မျက်နှာပြောင်တိုက်ပြီး လာဖြေမယ့်ကောင်တွေကို စိတ်ရှုပ်လို့၊ အခန်းထဲမှာပဲ ထမင်းစားပြီး မနေ့ကစာရဲ့အဓိပ္ပာယ်ကို ရှာရအောင်”

“သဘောပဲလေ၊ နေဦး ...”

တျာတျာက သူမအေးလွယ်အိတ်ထဲမှစာကို ထုတ်ယူလိုက်သည်။

“ပထမဆုံး သူ့နာမည်ကို အရင်စဉ်းစားကြတာပေါ့၊ အရှင်နှစ်ပါးဆိုတာ ဘာကိုဆိုလိုတာပဲ ရှင် သိလား ဇေကရီ”

“အရှင်နှစ်ပါးဆိုတာ သီပေါမင်းနဲ့ စုဖုရားလတ်ကိုပြောတာ ဖြစ်မှာပေါ့”

“မဟုတ်သေးဘူး ထင်တယ်၊ သူတို့နှစ်ယောက်က မန္တလေးနေပြည်တော်မှာ ပေါ်ထွန်းတယ်ပဲဟာ၊ နာမည်ကို ဘယ်လိုသွားယူမလဲ”



www.burmeseclassic.com

www.burmeseclassic.com



တျာတျာ့စကားကို ကေရီ ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဟာ … ကျုပ်သိပြီ ကေရီ၊ အရှင်နှစ်ပါးဆိုတာ နေမင်းနဲ့ လမင်း ဖြစ်မယ်၊ ဘာလို့လဲဆိုတော့ နေရော လပါ ပေါ်ထွန်းတဲ့မြေဆိုရင် နာမည်ကို ဖော်လို့ရတယ်လေ၊ နေနဲ့လ ပေါ်ထွန်းတဲ့မြေက ကောင်းကင်ပဲ"

"ကောင်းကင်၊ ဝေဟင်၊ အာကာ၊ ဝေဟံ အကုန်ဖြစ်နိုင်တာပဲ မိတျာရဲ့"

"ဟုတ်ပြီ … ဟုတ်ပြီ၊ ကျုပ်တို့အဖြေနဲ့ နီးစပ်လာပြီ၊ ဆက်တွေးရအောင်၊ ဗြဟ္မာရဲ့သားဆိုတာကိုလေ"

"ဗြဟ္မာရဲ့သားကို ဘယ်လိုခေါ်ပါလိမ့်"

ကေရီတစ်ယောက် ခေါင်းခြောက်နေသည်။

"ကျုပ် သဘောပေါက်သွားပြီ၊ လူဆိုတာ ဗြဟ္မာကြီးလေးဦးက ဆင်းသက်လာတာတဲ့၊ ဒီတော့ သူက ဗြဟ္မာရဲ့သားဆိုတော့'လူ'ပေါ့"

"ဟင် … ဒီတော့ သူ့နာမည်က ကောင်းကင်လူလား၊ ဝေဟင်လူ၊ အာကာလူ၊ ဝေဟံလူ၊ ဟင် … ဘယ်နာမည်ကြီးလဲ မသိဘူး"





"အို … တို့တွေ တစ်ခုကျန်သေးတယ်လေ၊ 'မိုးလူ' … ဟုတ်တယ်၊ ဒီနာမည်က 'မိုးလူ'ဖြစ်ကိုဖြစ်ရမယ်"

"ဟယ် … ငါတို့ တော်လိုက်ကြတာ"

မေကေရီနဲ့ နီတျာတျာတို့နှစ်ယောက် ထမင်းစားဖို့ပင် မေ့လျော့ပြီး ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်နိုင်သဖြင့် အပျော်ကြီး ပျော်နေကြကာ နောက်ထပ်မေးခွန်းတွေကိုဖြေဖို့သာ အာသီသရှိနေတော့သည်။

"သူ့မေဂျာမှာ ဗျည်းတူနှစ်လုံးနဲ့ သရတူနှစ်လုံး ပါနေတယ်တဲ့၊ ဒါ သိပ်တော့မခက်ပါဘူး၊ ဘာသာတွေအကုန်လုံးကို စာလုံးပေါင်းကြည့်ကြတာပေါ့၊ အင်္ဂလိပ်လိုက ပိုဖြစ်နိုင်မယ်ထင်တယ်"

"Chemistry … Physics … Mathematics ဟုတ်ပြီ၊ သူ့သင်္ချာကပဲဖြစ်မယ်၊ a နှစ်လုံးပါပြီးတော့ t နှစ်လုံးလည်း ပါတယ်လေ။ ဟုတ်တယ်မလား တျာတျာ"

"m နှစ်လုံးလည်း ပါသေးတာပဲဟာကို၊ ဒါမဟုတ်ဘူး၊ ဆက်ပေါင်းကြည့်ရအောင် English … History … Geology … Psychology ဟာ … ဒီကောင် တော်တော်



www.burmeseclassic.com

www.burmeseclassic.com



လူလည်ကျတာပဲ၊ ဘူမိမှာလည်း ဗျည်းတူနှစ်လုံးနဲ့ သရတူနှစ်လုံးပါနေတယ်၊ ဆိုက်ကိုမှာရောပဲ၊ Myanmar မှာရောပဲ”

“ဘာဖြစ်ဖြစ်ဟာ ဘာမှမသိတာထက်စာရင်တော့အထောက်အကူရပါတယ်ဟ၊ ပြီးတော့ သူ့နာမည်လည်း သိနေတာပဲ၊ တတိယတစ်ခုက ဂဏန်းတူငါးလုံးနှစ်တွဲပါတဲ့ ကိန်းတန်းတစ်ခုနဲ့ 7 ရအောင် လုပ်ရမယ်တဲ့၊ ဟင်း ... ကျုပ်တို့ကို လာပညာစမ်းချင်သေးတယ်”

“လွယ်တော့ လွယ်မလိုပဲ”

“ဘာလွယ်မလိုလဲလည်း၊ လွယ်ကိုလွယ်တာပါ၊ ဒီမှာကြည့်လေ ကျုပ် ရေးပြမယ်”

တျာတျာက စာအုပ်တစ်အုပ်ရဲ့နောက်ကျောကိုလှန်ရင်း အက္ခရာကိန်းတန်းတစ်ခုကို ချရေးလိုက်သည်။

“(7x1) - (7x1) + (7x1) - (7x1) + (7x1) = 7 ”

“ဂဏန်းတူငါးလုံးနှစ်တွဲဆိုတော့ 7 ငါးလုံးနဲ့ 1 ငါးလုံးပါတယ်လေ၊ ဒီကိန်းတန်းကို ရှင်းလိုက်ရင် 7 ရတယ်၊ ဒါလေးများ ငါတန်း ခြောက်တန်းတောင် တွက်တတ်တယ်”





“ဟုတ်ပြီ ... ဟုတ်ပြီ ... နောက်ဆုံးတစ်ခုပဲ ကျန်တော့တယ်ဟေ့”

မေဇကေရီနဲ့ နီတျာတျာတို့ ခေါင်းချင်းဆိုင်၍ စဉ်းစားနေကြပြန်ပါသည်။ အချိန်တွေကလည်း သူမတို့နှစ်ယောက်ရဲ့ ဆာလောင်လာမှုကို လျစ်လျူရှုကာ ပုံမှန်အတိုင်း လည်ပတ်နေသည်။ ကျောင်းပြန်တက်ဖို့ မိနစ်အနည်းငယ်သာ လိုတော့သော်လည်း သူမတို့နှစ်ယောက်ကတော့ ဖွဲနုပဲကြီးစွာ ကြိုးစားအဖြေရှာနေကြဆဲ။

“ရွှေရဲ့ချစ်သူတဲ့၊ ရွှေရဲ့ချစ်သူက ကြေးပေါ့”

ဇကေရီက တွေးတွေးဆဆလေး ပြောလိုက်သည်။

“ဖြစ်နိုင်ပါတယ်၊ ဒါဆို ငွေရဲ့ရွှေဆိုတာကရော ဘာဖြစ်မလဲ”

“ရေပေါ့ ... ရေဆိုတာ ငွေမှာတော့ ရွှေပဲလေ”

“ဟင် ... ဒါဆို ‘ကြေးရေ’ ဖြစ်နေမှာပေါ့၊ ‘ကြေးရေ’ ဆိုတဲ့ လူနာမည်တော့ ရှိမှာမဟုတ်တာ သေချာတယ်”

“ဟင် ... ဘယ်လိုကြီးလဲ မသိဘူး”



www.burmeseclassic.com

www.burmeseclassic.com



ကေရီက စူပွပွနဲ့ ပြောလိုက်သည်။ နောက်ဆုံးမေးခွန်းကျမှ လာတစ်နေသဖြင့် ဒေါသလည်း တော်တော်ထွက်နေသည်။ ဗိုက်တွေက တကြွက်ကြွက် ဆာလောင်မှုကို စတင်ခံစားမိ၍ ထမင်းချိုင့်ကို ဖွင့်မည်အလုပ် အတန်းပြန်တက်သည့် ဘဲလ်သံကြားရ၍ နှစ်ယောက်စလုံး မျက်နှာရှုံ့မဲ့သွားကြသည်။ အတန်းလစ်လို့လည်းမဖြစ်။ အခုပြန်တက်သည့်အချိန်က tutorial ဖြစ်ရမှာလေ။

♥○♥





## ၁

ခြံရှေ့မှာ မဝံ့မရဲမျက်နှာနှင့် အမျိုးသမီးတစ်ယောက်သည် ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်အရွယ် သူမမျက်နှာနှင့် ဆန့်ကျင်ဘက် ရဲရင့်နေသောမျက်နှာထားပိုင်ရှင် ကောင်မလေးတစ်ယောက်၏လက်ကိုဆွဲကာ ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... တျာတို့မှာလည်း ခြေတွေလက်တွေ ရှိနေတာပဲ၊ တျာ သူတို့နဲ့မပတ်သက်ချင်ဘူး"

"တျာ ... သမီးမာနကို မေမေ သိပါတယ်၊ ဒါပေမဲ့ သမီး ရှေ့ရေးအတွက်ပဲ မေမေစဉ်းစားတယ်၊ မေမေတို့ရဲ့အခြေအနေကို သမီး သိပါတယ် တျာ၊ မေမေ့သမီးလေးကို ပညာတစ်ဝက်တစ်ပျက်နဲ့ ဒုက္ခအရောက်မခံနိုင်ဘူး"

မေမေ့စကားကြောင့် တျာ ငိုချင်နေသည်။ တျာတို့ဘဝက ဘယ်လောက်ဆိုးလိုက်လဲ။

ခြံထဲမှာ ကိုကိုစိုးနဲ့ သူ့သူငယ်ချင်းနှစ်ယောက် စကားပြောရယ်မောနေကြသည်။ အဲဒီထဲက တစ်ယောက်က တျာတို့ကို လှမ်းတွေ့သွားဟန်ဖြင့် ကိုကိုစိုးကို တစ်စုံတစ်ခုပြောလိုက်ပုံရသည်။

"လာ ... အန်တီဖွေး၊ တျာတျာ လာလေ၊ ဘာရပ်လုပ်နေတာလဲ၊ လူခေါ်ဘဲလ်တီးလိုက်ပါလား"

ကိုကိုစိုးက အပြုံးနဲ့အပြေးလေးလာပြီး ခြံတံခါးဖွင့်ပေးသည်။

"မမနု ရှိလား ကိုစိုး"





"မေမေလည်းရှိတယ်၊ ကြီးကြီးစုလည်း ရှိတယ်၊ အန်တီဖွေး ဝင်သွားလိုက်နော်၊ ကျွန်တော် သူငယ်ချင်းတွေနဲ့ စကားပြောနေလို့"

တျာ့ကိုကိုင်ထားတဲ့ မေမေ့လက်တွေက အေးစက်လာသလိုပင်၊ တျာ့ကြောင့် မေမေ သူများဆီမှာ အောက်ကျနောက်ကျခံရတာမျိုး တျာ မလိုလားမိတာ အမှန်ပင်။

"ဩော် ... နှင်းဖွေး လာ၊ တျာတျာ လာလေ၊ ထိုင်ကြ"

ကြီးကြီးနု ထိုင်နိုင်းတဲ့ခုံပေါ်မှာ တျာတို့သားအမိ ဝင်ထိုင်လိုက်ကြသည်။

"ညည်း ဘာဆက်လုပ်မယ် စဉ်းစားထားလဲ နှင်းဖွေး၊ အခုလေးတင်ပဲ ငါနဲ့ မိစုတို့ ညည်းတို့သားအမိနှစ်ယောက်နဲ့ပတ်သက်ပြီး တိုင်ပင်နေကြတာ၊ ဟိုအကောင်ကိုတော့ ငါတို့စာရင်းထဲတောင် မသွင်းထားဘူး"

"ဟုတ် ... မမစု၊ ကျွန်မလည်း တျာ့အတွက်ပဲ စိတ်ဝင်စားပါတယ်၊ သူရှိတုန်းကလည်း ကျွန်မတို့မလောက်ငခဲ့ပါဘူး၊ မမနုတို့ ထောက်ပံ့တဲ့ငွေတွေကိုလည်း ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အနည်းအကျဉ်းလောက်ပဲ မြင်ရတာပါ၊ တျာရဲ့ကျောင်းစရိတ်နဲ့ အိမ်စရိတ်နဲ့ လုံးလည်ချာလပတ် ဖြစ်နေခဲ့တာ၊ အိမ်လခကလည်း ရှေ့လဆို ပေးရတော့မယ်"

"သူ့ဒီလိုဖြစ်သွားတာ ညည်းညံ့ဖျင်းမှုတွေ အများကြီးပါနေတယ် နှင်းဖွေး၊ သူ့ခြေလှမ်းတွေ မှုမမှန်ကတည်းက ညည်း ငါတို့ကို အသိပေးသင့်တယ်၊ အဲဒီ ငနိုင် ဆိုတဲ့ ကောင်က ငယ်ငယ်ကတည်းက သူလုပ်ချင်ရာကိုပဲ ဖွတ်လုပ်တတ်တာ၊ ဘာမှတွေးတော ဆင်ခြင်တာမျိုး ရှိတာမဟုတ်ဘူး"

မေမေက ခေါင်းငုံ့နေသည်။ မေမေ့ရင်ထဲမှာ မျက်ရည်မိုးတွေ ရွာနေပြီမှန်း တျာ သိသည်။ မေမေက ဖေဖေ့ကို မျက်နှာအညိုမခံနိုင်လောက်အောင် ချစ်ပါသည်။ ပြီးတော့ တျာ့ကိုလည်း ငုံထားမတတ် ချစ်သည်။

ဒါကြောင့် ကျောင်းဆရာမအလုပ်ကို ထွက်ပစ်၍ တျာ့အတွက် လိုလေသေးမရှိ ဂရုစိုက်နိုင်သည့် မိခင်ကောင်း ဖြစ်ရန်နှင့် ဖေဖေ့အတွက် အိမ်ရှင်မကောင်း ပီသအောင် နေထိုင်ခဲ့သည် မဟုတ်လား။





"သူ့ရဲ့တာဝန်မဲ့မှုကိုတော့ ငါ တကယ်ကို ဩချပါတယ်၊ တျာက အခု ကိုးတန်းတက်ရမှာ မဟုတ်လား၊ နောက်နှစ်ဆို ဆယ်တန်းရောက်ပြီ၊ ညည်းလည်း ကလေးကို ဘာမှလုပ်ပေးနိုင်မှာ မဟုတ်ဘူး၊ ဒီကြားထဲ ယောကျ်ားထပ်ယူသွားရင် ငါတို့တူမလေးဘဝကတော့ သွားပါပြီ"

"တျာ့မေမေက ဒီလိုမိန်းမစားမျိုး မဟုတ်ပါဘူး ကြီးကြီးစု"

တျာ့လေသံက အတော်မာသွားသည်။

"တကယ်လို့သာ တျာတျာက အမေဖြစ်ပြီး ညည်းက သမီးဖြစ်ခဲ့ရင် ငါတို့ စိတ်ချတယ် နှင်းဖွေး၊ ဘာလို့လဲဆိုတော့ တျာတျာက ညည်းလို ပျော့စိစိမနိုင်သလို၊ ဟိုကောင်လိုလည်း စိတ်မနုဘူး၊ ညည်းတို့နှစ်ယောက်နဲ့ မတူတာကိုပဲ ငါတို့ ကျေးဇူးတင်ရလိမ့်မယ်"

ကြီးကြီးစုက တျာ့ကို စိတ်ဆိုးဟန်မပြဘဲ စကားဆက်ပြောနေသည်။ ကြီးကြီးနုကလည်း ကြီးကြီးစုစကားကို ထောက်ခံဟန် ခေါင်းတဆတ်ဆတ်ညိတ်ရင်း သူတို့ရဲ့ဆုံးဖြတ်ချက်ကို ထုတ်ဖော်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ညည်းတို့သားအမိနှစ်ယောက် ဒီသီရိဂေဟာမှာပဲ လာနေပါ၊ ငါတို့မှာ တာဝန်ရှိတယ် မဟုတ်လား၊ ပြီးတော့ ဒီအိမ်ကလည်း အမွေဆိုင်အိမ်ပဲ၊ သူ့ရဲ့နောက်အိမ်ထောင်ကိုလည်း ငါတို့ လုံးဝအသိအမှတ်မပြုဘူး၊ ညည်းတို့ ဒီမှာလာနေလိုက်ရင် ငါတို့ ဘာမှစိတ်ပူစရာမလိုတော့ဘူးလေ၊ ညည်း စဉ်းစားပေါ့၊ အမွေပဲလိုချင်တယ် ဆိုရင်တော့ အခွမ်းမပေးနိုင်သေးဘူး၊ ရောင်းဖြစ်တဲ့တစ်နေ့တော့ ရမယ်"

"ကျွန်တော်တို့ ဒီကိုလာတာ အမွေလာတောင်းတာ မဟုတ်ပါဘူး ကြီးကြီးနု"

"ကျွန် ... သမီးပါးစပ် ပိတ်ထားစမ်း၊ မမနုတို့ မမစုတို့ ကောင်းသလိုသာ စီစဉ်ကြပါ၊ ကျွန်မအတွက် ဘာမှမလိုအပ်ပါဘူး၊ ကျွန် ရှေ့ရေးလေး အဆင်ပြေချောမွေ့ရင် တော်ပါပြီ"

ဤသို့ဖြင့် သီရိဂေဟာဆိုသည့် စံအိမ်ကြီးပေါ်သို့ ကျွန်တော်တို့သားအမိ ရောက်သွားကြတော့သည်။ မေမေ့ကို ကြီးကြီးနုရဲ့ရွှေဆိုင်မှာ အလုပ်တစ်နေရာပေးပြီး၊ ကျွန်ကိုတော့ ကျောင်းဆက်





ထားပေးကြသည်။ အိမ်မှုကိစ္စတွေ ကျွန်တော်တို့သားအမိ လုပ်စရာမလိုအိမ်ဖော်တွေပဲ လုပ်ရသည်။ ဒါပေမဲ့ မမသွယ်နဲ့ ကိုကိုစိုးတို့ကို ဆက်ဆံတဲ့ပုံမျိုးနဲ့တော့ ကျွန်တော်တို့ကို ဘယ်သူကမှ မဆက်ဆံကြပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က အိမ်ရှင်အစစ်တွေမှ မဟုတ်ကြပဲ။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



## ၆

"ဟယ် ... သွားပါပြီ"

မေကေရီရဲ့ အထိတ်တလန့်အသံနှင့်အတူ မေကေရီရဲ့ထဘီပေါ် အကြည့်ရောက်သွားမိသည်နှင့် တစ်ပြိုင်နက်တည်း မဆင်မခြင်၊ စည်းမရှိကမ်းမရှိ ရေနွေးနဲ့ပက်လိုက်သည့်လူဆိုးတျတျာရဲ့ဒေါသမျက်ဝန်းတွေ အုပ်မိုးသွားသည်။





"ဟဲ့ ... ဒါ ဘာလုပ်တာလဲ၊ နည်းနည်းပါးပါး ရှေ့ကြည့် နောက်ကြည့်ပါလား"

"ဟာ ... ဆောရီးပဲဗျာ၊ ကျွန်တော် တကယ်တောင်းပန်ပါတယ်"

ထိုကျောင်းသားက မေကေရီ့ကိုကြည့်ကာ အနူးအညွတ် တောင်းပန်နေသည်။

"ဓာတ်လမ်းထွင်ဖို့ ကြိုးစားတာဆိုရင်တော့ ဒီလိုနည်းနဲ့ မရဘူးနော်၊ ကြိုပြောထားတာ"

"ဟာ ... ခင်ဗျား ဘယ်လိုမိန်းမမျိုးလဲဗျ၊ လောကကြီးတစ်ခုလုံးမှာ ခင်ဗျားသူငယ်ချင်းတစ်ယောက်ပဲ မိန်းမလား၊ သူတစ်ယောက်တည်း လှတာလား၊ တွေ့သမျှလူကို ခင်ဗျား ဘာလို့ ရန်ဒီလောက်လိုနေတာလဲ၊ ခင်ဗျားက သူ့ရဲ့ဘာလဲ၊ သက်တော်စောင့်လား။ ဒါမှမဟုတ် ခင်ဗျားက ယောကျ်ားလျာလား၊ ဒီလောက်အဖြစ်သည်းနေရအောင်"

"ဘာပြောတယ်၊ နင် ရိုင်းလှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



နီတျာတျာရဲ့ခြေလှမ်းတွေက ထိုကျောင်းသားဘေးနားသို့ လေအလျင်လို ရွေ့လျားသွားသည်။

"တျာတျာ ... စိတ်လျှော့ပါဟယ်၊ လူတွေဝိုင်းကြည့်နေကြတယ်။ ရှက်စရာကြီးဟယ်၊ သူလည်း တမင်လုပ်တာမှ မဟုတ်တာ၊ မတော်တဆ ဖြစ်တာပဲဟာကို"

မေဇကရီက တျာတျာ့လက်တွေကိုဆွဲပြီး တောင်းတောင်းပန်ပန်နှင့် ခေါ်နေသည်။

"ဟော့ကောင် မိုးလူ"

သူ့ကို စားတော့ဝါးတော့မလို စူးစိုက်ကြည့်လာသော "နီတျာတျာ"ဆိုသည့်ကောင်မလေးကို သူ မျက်တောင်မခတ်တမ်း ပြန်ကြည့်ပစ်လိုက်သည်။ ဘေးနားက သူငယ်ချင်း ထိန်လင်းက သူ့ပခုံးကို အသာအယာပုတ်ပြီး သတိပေးနေသည်။

နီတျာတျာနှင့် မေဇကရီတို့က "မိုးလူ"ဆိုသည့် နာမည်ကို ကြားလိုက်တာနှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။





"ဪ ... ဟော် ... သူက ငါတို့ရှာတဲ့အထိ မစောင့်နိုင်လို့ တမင် ငါတို့ရှေ့မှာ ကိုယ်ရောင်လာပြတာကိုး"

နီတျာတျာ မဲ့တဲ့တဲ့လေး ပြုံးလိုက်ကာ ...

"ရော့ ... ဒီမှာ ရှင်ရေးထားတဲ့စာ၊ အဲဒီထဲက အဖြေသုံးခုကို ကျွန်မ ဖော်နိုင်ပြီးပြီ"

နီတျာတျာက သူမဘေးအိတ်ထဲမှ စာရွက်ပြာပြာလေးကိုထုတ်ပြီး "မိုးလူ"ရှေ့ ချပေးလိုက်သည်။

"ဘာလဲ ... ကျွန်တော် ဘယ်တုန်းက ခင်ဗျားတို့ကိုစာပေးဖူးလို့လဲ"

မိုးလူ ကြောင်တောင်တောင် ဖြစ်သွားသည်။ နီတျာတျာ ချပေးတဲ့စာကို သူ ကောက်ဖတ်လိုက်သည်။ တွေ့ပါပြီ တရားခံကို "မြပိတောက်"မှ "မြပိတောက်"အစစ်ပင်။

"ကဲ ... ဘာငြင်းချင်သေးလို့လဲ၊ ကောင်းပြီလေ ရှင်က ကျွန်မတို့ရဲ့စည်းကမ်းကို ပြောင်းပြန်လှန်ချင်နေတယ်ဆိုရင်လည်း ရတယ်၊ ဇကရီ့ကို စိတ်ဝင်စားရင် ဒီထက်ပိုခက်တဲ့မေးခွန်းလေးတွေ စဉ်းစားလိုက်ပါဦး၊ ကျွန်မ ဖြေနိုင်



www.burmeseclassic.com

www.burmeseclassic.com



သရွေ့ ရှင် ဧကရီ့နား ခြေတစ်လှမ်းတောင် လှမ်းခွင့်မရှိဘူးဆိုတာ ယုံထားလိုက်"

"တောက်"

မိုးလူ မေးကြောကြီးတွေ ထောင်ထသည်အထိ အံကိုတင်းတင်းကြိတ်ကာ တောက်ခေါက်လိုက်သည်။ ဘလိုင်းကြီးအစွပ်ခွဲခံရတာကို ပိုပြီးခံပြင်းမိသည်။

"ဟာ ... ဟောကောင် ဘယ်သွားမလို့လဲ"

"မြပိတောက်ကို သွားရှာမလို့"

မိုးလူ ကုန်တင်းထဲက ကသောကမျောထွက်လာခဲ့သည်။ ရင်ထဲမှာ ဒေါသတို့ကြောင့် ဗလောင်ဆူနေသည်။ သင်းကြောင့် သူ့ကို ဟိုနှစ်ယောက်က အထင်လွဲသွားသည်။ မေဧကရီဆိုသည့် သချာကွင်းက သိပ်လှတာ သူ လက်ခံမိသော်လည်း သူမကို တစ်ခါဖူးမှ စိတ်ကူးမယဉ်ခဲ့ဖူးပါ။ သို့သော် "နီတျာတျာ" ရဲ့မေးခွန်းတွေကိုတော့ အမေးခံရတဲ့လူတိုင်းကို မေးကြည့်တတ်ခဲ့သည်။ သူကပုစ္ဆာတွေကို အဖြေထုတ်ရတာထက် မေးခွန်းအသွင်ပြောင်းရတာကို ပိုနှစ်သက်သည် မဟုတ်လား။





"ဝတုတ်မ ... ပြောစမ်း၊ ဒီစာ နင့်လက်ချက် မဟုတ်လား"

ဆိုက်ဆိုက်မြိုက်မြိုက် သူတို့အဆောင်ရဲ့ကော်ရစ်ဒါထောင့်မှာ သူငယ်ချင်းတစ်အုပ်စုနဲ့ နေကြာစေ့တွေ တဖျောက်ဖျောက်ခွာစားပြီး လေပေါနေတဲ့ မြပိတောက်ကိုတွေ့တော့ သူ့ဒေါသဒီဂရီ ပိုတိုးလာခဲ့သည်။

"ဩော် ... ကျွတ် ကျွတ် ကျွတ် ... နီတျာတျာ ဆိုတဲ့မိန်းမက တော်တော်အသုံးမကျတဲ့ မိန်းမပဲ၊ ငါက ဒီစာကိုကိုင်ပြီး ငါ့ဆီရောက်လာမယ့်သူဟာ နီတျာတျာပဲ ဖြစ်မယ်ထင်ထားတာ"

"ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ ဝတုတ်မ၊ ပြောစမ်းပါဦး၊ နင် ဘာတွေလျှောက်လုပ်ထားတာလဲ၊ ဘာအဓိပ္ပာယ်နဲ့လဲ"

သူ့မျက်နှာက ဘယ်လောက်တောင် တင်းမာနေလဲမသိ၊ မြပိတောက်ဘေးနားက ကျူရှင်တစ်ခုတည်းတက်သည့်ကောင်မလေးအုပ်စု အလှို့လှို့ မသိမသာ လစ်ထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လျှောက်လုပ်တာ မဟုတ်ဘူး မိုးလူ၊ တစ်နေ့ တစ်နေ့ နင်မေးတဲ့မေးခွန်းတွေကို မဖြေနိုင်လို့ နီတျာတျာနဲ့ နင်နဲ့ ဘယ်သူကပိုတော်လည်း သိချင်လို့၊ စမ်းသပ်ကြည့်မလို့"

"သြော် ... ဒါဆို နင်ပြီးခဲ့တဲ့တစ်ပတ်က ငါ့နာမည်ကိုရော နင့်နာမည်ကိုပါ ပဟေဠိဖွက်ခိုင်းတာ အကြံနဲ့ပေါ့၊ ပြီးတော့ ငါ့မေးတဲ့မေးခွန်းတွေကိုလည်း ယူသုံးထားသေးတယ်"

"အဟုတ်ပဲ၊ နင်လည်း သူနဲ့ မယှဉ်ကြည့်ချင်ဘူးလား၊ သူ့ရဲ့ကြိုတင်ကြံစည်ထားတဲ့ မေးခွန်းတွေကို ထိုးဖောက်ဖို့ မလွယ်ကူလို့ သူ့ကို မေးခွန်းပြန်မေးပေးလိုက်တာ၊ ဒါမှ နင် ရေရှည် သူတို့နဲ့ပတ်သက်လို့ ရမယ်လေ"

မြပိတောက်က သူမအတွေးကို မိုးလူ လက်ခံနိုင်လောက်အောင် ဖြန့်ပြလိုက်သည်။

"အပြောကတော့ ခပ်လွယ်လွယ်ပဲ၊ အခု သူတို့က ငါ့မေကောရီကို စိတ်ဝင်စားလို့ ချဉ်းကပ်တာလို့ ထင်သွားကြပြီ၊ အဲဒီကိစ္စ ဘယ်လိုလုပ်ကြမလဲ"





"ဒါကတော့ နင့်အပေါ်မှာပဲ မူတည်တယ် မိုးလူ၊ နင် မီးစင်ကြည့်ကပေါ့၊ စိတ်ပင်စားစရာတော့ တော်တော်ကောင်းမှာပါ။ နင့်ဘက်က တွက်ကြည့်ရင် ဘာမှရှုံးတာမှ မဟုတ်တာ၊ အမြတ်တောင် ထွက်နိုင်သေးတယ်"

"ဒီတော့ ငါက နင့်ကိုတောင် ကျေးဇူးပြန်တင်ရမှာပေါ့ ဟုတ်လား ... မြပိတောက်"

ပါးစုံ့နှစ်ဖက်ထွက်နေသော မြပိတောက်ရဲ့မျက်နှာပြည့်ဖောင်းဖောင်းက အပြုံးတစ်ခုကြောင့် ပို၍လုံးထွက်လာသည်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



## ၇

မိုးပြာရောင်ဂါဝန်လေး ဝတ်ထားသော ဆံပင်စင်းစင်းဝဲဝဲလေးနဲ့ ချစ်စရာကောင်မလေးတစ်ယောက်ကို သူ့မျက်ဝန်းထဲ ဘယ်နှကြိမ် ဘယ်နှခါတောင် မြင်ယောင်နေလဲ မသိပါ။ သူမလေးကို စ,ပြီးတွေ့ကတည်းက သူ့နှလုံးသား ခုတ်လိုက်သွားခဲ့သည်။





သူငယ်ချင်းကျော်စိုးမင်းရဲ့ညီမ ဆိုတာ သိလိုက်စဉ်ခဏ သူ့ရင်ထဲမှာ အပျော်စိတ်တွေ လျှံနေတော့သည်။ ကျော်စိုးမင်းက သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းမို့ သူမလေးနဲ့ သူနဲ့ကြားမှာ အဆက်အသွယ် ပြတ်တောက်မှု ဖြစ်စရာမှ မလိုအပ်တော့တာ။

"တျာ" ... ဒီနာမည်လေးကို သူ ခပ်တိုးတိုးလေး ခေါ်နေမိသည်။

သူ့ဖုန်းရဲ့ reoording file ထဲမှာ "တျာ့"ကိုပြောလိုသမျှစကားတွေကို သူ အရှက်မရှိ အသံသွင်းနေခဲ့မိသည်။ မှောင်မိုက်လှတဲ့ အထီးကျန်လှတဲ့ သူ့ကမ္ဘာငယ်လေးထဲမှာ "တျာ" ကသာ အလင်းရောင်ကို ဆောင်ကြဉ်းပေးနိုင်တဲ့ သူ့ရဲ့နတ်မိမယ်လေးပါ။

"ဟုတ်ကဲ့ အန်တီနု"

အန်တီနု ပြောလာမယ့်စကားကို နားထောင်ဖို့ သူ့နှလုံးခုန်သံက မြန်လွန်းနေပြီး စိုးရိမ်စိတ်နဲ့ မျှော်လင့်စိတ်ပေါင်းစပ်ထားတဲ့ ခံစားမှုက သူ့လက်တွေကို တုန်ယင်စေသည်။

"အေး ... သား သွေးသစ်၊ ပြောရမှာတော့ စိတ်မကောင်းပါဘူး၊ တျာတျာက မင်းရဲ့ကမ်းလှမ်းမှုကို လုံးဝကိုငြင်းပယ်လိုက်တာ၊ စိတ်ရှာတ်တော့ ကျမသွားပါနဲ့ဦး၊ ဒီလိုကိစ္စမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ လူကြီးတွေချည်းပဲ အပူကပ်လို့ရတာ မဟုတ်ဘူး၊ အန်တီပြောတာ မင်း သဘောပေါက်တယ် မဟုတ်လား”

“ဟုတ်ကဲ့ … ကျွန်တော် နားလည်ပါပြီ အန်တီနု၊ ကျွန်တော့်ဘက်က တတ်နိုင်သလောက် ကြိုးစားကြည့်ပါ့မယ်၊ ဒါပေမဲ့ အန်တီနုရဲ့အကူအညီတော့ လိုတာပေါ့နော်”

“ပြောစရာလား သွေးသစ်၊ မင်းကို သားတစ်ယောက်လို အန်တီနုက ချစ်ပြီးသားလေ၊ ခက်နေတာက တျာတျာပဲ၊ သူ့အဖေကိစ္စက သူ့နှလုံးသားကို ဒဏ်ရာကြီးကြီး ရသွားခဲ့တာလားတော့ မသိဘူး၊ ယောကျ်ားတွေဆို သူ တစ်စက်မှကို အထင်မကြီးတာ”

“ကျွန်တော် နားလည်ပါတယ် အန်တီနု၊ ကျွန်တော်ကြိုးစားမှာပါ”

သွေးသစ် ဖုန်းကိုကိုင်ပြီး ငိုင်နေမိသည်။ “တျာ”… ကိုယ် မင်းနှလုံးသားကိုရဖို့ဆိုရင် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကြိုးစားမှာပါ။ အဲဒါ အတ္တတစ်ခုဖြစ်ခဲ့မယ်ဆိုရင် အဲဒီအတ္တက မင်းကို ချစ်ခြင်းကြောင့် ပေါက်ဖွားလာရတာပဲ “တျာ”။

♥ ○ ♥





## ၈

ဆံပင်ကို ခပ်ပါးပါးညှပ်ထားကာ မထူမပါးမျက်ခုံး၊ ...းသားပွင့်လင်းပုံရတဲ့ မျက်ဝန်းတစ်စုံ၊ သူ့မျက်ဝန်းတွေကို သေချာ ...က်ကြည့်ရင် နည်းနည်းလေး အပြာရောင်သမ်းနေသလိုပင်။ ...ပြီးတော့ သူ့ရဲ့မထူမပါးနဲ့ ပုံကျပန်းကျနိုင်တဲ့ နှုတ်ခမ်းနှစ်လွှာ၊



www.burmeseclassic.com

www.burmeseclassic.com



တဖြောင့်တည်းစင်းနေတဲ့ သူ့နှာတံလေး၊ အသားညိုနေလို့သာ သူ့ချောမောမှုက သိပ်မပေါ်လွင်တာပဲ ဖြစ်လိမ့်မည်။

သူမတို့ရှေ့မှာထိုင်နေတဲ့ "မိုးလှု"ဆိုတဲ့သူကို ကေရီ ရော၊ တျာတျာပါ စိတ်ထဲက လူချောတစ်ယောက်ဖြစ်ကြောင်း ကျိတ်၍ သတ်မှတ်နေကြချိန်တွင် မိုးလှု တစ်ယောက်ကတော့ ထိုမိန်းကလေးနှစ်ယောက်တို့၏ စေ့စေ့စပ်စပ် အကြည့်ကြောင့် အနေရခက်နေပြီး မြပိတောက်ကိုသာ စိတ်ထဲက အကြိမ်ကြိမ်အခါခါ ကျိန်ဆဲနေမိသည်။

"ရှင့်မေးခွန်းတွေအားလုံးကို ကျွန်မ ဖြေဆိုနိုင်ခဲ့တယ်နော် ကိုမိုးလှု"

"ဟုတ်လို့လား နီတျာတျာ၊ နောက်ဆုံးမေးခွန်းကို မင်းမ ဖြေနိုင်ခဲ့ဘူးလေ"

"ဟင့်အင်း ... ကျွန်မ ဖြေနိုင်ခဲ့တယ်၊ ရှင့်ရဲ့စာကိုပြန်ပေး ပြီးမှ တွေးမိသွားတာ၊ ငါးပိနဲ့လောက်၊ ရွှေနဲ့ကျောက်တဲ့ ရွှေက ကျောက်နဲ့မှပိုတင့်တယ်တယ်တဲ့၊ ကျောက်မှာ နေနဲ့လ၊ ရွှေနဲ့မြဆိုတဲ့စကားနဲ့ ညှိလိုက်ရင် မြကျောက်က ရွှေရဲ့ချစ်သူ ဖြစ်နိုင်တယ်"





"ဟုတ်ပါတယ်၊ ပြီးတော့ နေ့ရဲ့ရွှေဆိုတာကိုရော ခင်ဗျား ဘယ်လိုအဓိပ္ပာယ်ဖော်မလဲ"

"နေ့ရဲ့ရွှေဆိုတာ အဝါရောင်ပန်းကို ရည်ညွှန်းတာဖြစ်နိုင် တယ်၊ ငုဝါနဲ့ ပိတောက်လေ"

"ဟုတ်တယ် ... အဲဒီနှစ်ခုထဲက ခင်ဗျား ဘာကိုရွေးမှာ လဲ"

"ရွှေဆိုတာ တန်ဖိုးရှိတဲ့အရာတစ်ခုပါ၊ ငုဝါနဲ့ပိတောက်နဲ့ ယှဉ်ရင် ပိတောက်က ပိုတန်ဖိုးကြီးတယ်၊ ဒါကြောင့် ပိတောက်ကို ကျွန်မ ရွေးလိုက်တယ်၊ ဒီတော့ ဆက်သွယ် ရမယ့်သူက မြပိတောက်ပဲ"

"ခင်ဗျား တော်ပါတယ်၊ ဒါပေမဲ့ အချိန်က တစ်ပတ်လောက် ကြာသွားတယ်၊ ခင်ဗျားရဲ့စည်းကမ်းအရဆို အခုမေး၊ အခုဖြေလုပ်ရမှာလေ၊ ဒီတော့ ဒီပွဲမှာ ခင်ဗျားနိုင်တယ်လို့ ယူဆလို့မရဘူး"

"OK လေ ... ရှင်က လက်ရည်တူတဲ့ ပြိုင်ဘက်မို့လို့ ပြိုင်ပွဲစည်းကမ်းကိုလည်း ပြုပြင်ပြောင်းလဲရမှာပေါ့၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို မေးခွန်းသုံးခုမေးမယ်၊ ဒီလိုပဲ ရှင်ကလည်း ကျွန်မကို မေးခွန်းသုံးခု ပြန်မေးရမယ်၊ မေးခွန်းတစ်ခုကိုဖြေဆိုချိန် တစ်ပတ်တိတိရမယ်"

"အနိုင်အရှုံးကို ဘယ်လိုသတ်မှတ်မှာလဲ"

"ကျွန်မက ရှင်မေးတဲ့မေးခွန်း သုံးခုလုံးကို ဖြေနိုင်ပြီး ရှင်က နှစ်ခုပဲဖြေနိုင်ခဲ့ရင် ရှင်အရှုံးပေါ့ လွယ်ပါတယ်"

"ဒါဆို ကျွန်တော်တို့ရဲ့ပြိုင်ပွဲက လေးဆယ့်နှစ်ရက်ကြာမှာပေါ့"

"ဟုတ်တယ်... တစ်ပတ်အတွင်း မဖြေနိုင်ရင်တော့ အရှုံးပဲနော်၊ ပွဲပြီးသွားလို့ ရှင်နိုင်ခဲ့ရင် ကေရီက ရှင့်ကို အဖြေပေးလိမ့်မယ်၊ ကျွန်မကလည်း နှောင့်ယှက်မှာမဟုတ်ဘူး၊ ရှင်ရှုံးခဲ့ရင်တော့ အရင်လူတွေအတိုင်း ကေရီနဲ့ဝေးဝေးကို ထွက်သွားလိုက်ပါ"

"ကျွန်မတို့ရဲ့ ပြိုင်ပွဲကို လာမယ့်တနင်္လာနေ့မှာ စ,ကြမယ်"

"မသိလို့ မေးပါရစေနော်၊ အချစ်ဆိုတဲ့အရာကို ဒီလိုပဲ စည်းမျဉ်းဥပဒေသတွေနဲ့ ချုပ်ကိုင်လို့ရသလား၊ တကယ်ပဲ





မေကေရီရဲ့နှလုံးသားက ခင်ဗျားရဲ့အနိုင်အရှုံးပေါ်မှာ မူတည်နေတာလား နီတျာတျာ"

"ဟုတ်တယ် ကိုမိုးလူ"

သူ့စကားတွေမှာ ဝေ့သံပါနေမှန်းသိ၍ တျာ ခပ်တည်တည် မျက်နှာပေးနှင့် ယုံကြည်မှုအပြည့်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟင်း ဟင်း ဟင်း... ခင်ဗျားမှားနေပြီထင်တယ် နီတျာတျာ၊ မသိသေးရင် ပြောလိုက်ဦးမယ်၊ ပြည့်ရှင်မင်းတောင် သူ့နှလုံးသားရဲ့လိုအင်ဆန္ဒကို သူ့မင်းမိန့်နဲ့ မချုပ်ကိုင်နိုင်ဘူး"

"တောက်"

ခနဲ့တည့်တည့်ပြောပြီး ထွက်သွားတဲ့ သူ့ရဲ့ကျောပြင်ကို တျာ ပိတ်ပက်ထုပစ်လိုက်ချင်သည်။

"ငါ သူ့ကိုမုန်းတယ် ကေရီ၊ သူနဲ့ ငါ့ရဲ့ပြိုင်ပွဲမှာ ငါလုံးဝနိုင်စေရမယ်"

မေကေရီက နီတျာတျာ့ကို မျက်လုံးရွဲကြီးတွေနှင့် ကြည့်နေသည်။ တကယ်ဆို ကိုမိုးလူ ပြောသွားတာတွေကတကယ့်



www.burmeseclassic.com

www.burmeseclassic.com



အမုန်တရားပင်။ ကေရီ့မှာလည်း နှလုံးသားရှိသည်၊ ချစ်တတ်တဲ့စိတ်လည်းရှိသည်။ တျာတျာ့အလိုကျ လိုက်လျောနေခဲ့တာလည်း တျာတျာ့ခံစားမှုကို နားလည်လို့၊ တျာတျာ့ဘဝကိုစာနာလို့၊ ပြီးတော့ သူမကိုယ်တိုင်ကလည်း တကယ်ရင်ခုန်ရမယ့်သူကို မတွေ့သေးတာလည်းပါသည်လေ။

♥○♥





## ၉

ခပ်နွမ်းနွမ်းရုပ်အင်္ကျီနှင့် အရောင်ခပ်မှိုင်းမှိုင်းပုဆိုးတစ်ထည်ကို တွဲဖက်ဝတ်ထားသော လူရွယ်တစ်ယောက်သည် ပခုံးထက်မှ အိတ်တစ်လုံးကိုလွယ်ပြီး ခြံထဲသို့ လှမ်းမျှော်ကြည့်နေသည်။ ခြံထဲက လူရိပ်လူရောင်မတွေ့ရသဖြင့် လူခေါ်ဘဲလ်လေးကို တစ်ချက်နှိပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးလာဖွင့်ပေးသော အိမ်ဖော်ကောင်မလေးနောက်သူ ခေါင်းငိုက်စိုက်နှင့် လိုက်လျှောက်လာသည်။

"ထိုင်ကွယ့်"

ဒေါ်နုနုခင်က သူ့ကို ခေါင်းဆတ်ပြပြီး ထိုင်ခိုင်းလိုက်သည်။

"မင်းနာမည်က ဘယ်သူ"

"နေဇော်ပါ အန်တီ"

"အေး ... မင်းကို အန်တီ့သားကိုယ်တိုင် အာမခံပေးထားတာဆိုတော့ သိပ်ပြီးမေးမြန်းစရာတော့ မရှိပါဘူး၊ မင်းလုပ်ရမှာက မနက်ဆို အန်တီ့ကို ဆိုင်ပို့ပေးရမယ်၊ ပြီးတော့ အန်တီ့သမီးနဲ့တူမကို ကျောင်းပို့ပေးရမယ်၊ ပြီးတော့ အန်တီ ခိုင်းစရာကိစ္စပေါ်လာရင် အသင့်ဖြစ်အောင် အန်တီတို့ဆိုင်မှာ မင်း နေရမယ်၊ ညနေကျောင်းကြိုပေးရမယ်၊ အန်တီ့ကို ပြန်ကြိုရမယ်"

"ဟုတ်ကဲ့ အန်တီ"

အိမ်ဖော်ကောင်မလေးတွေက ထိုလူရွယ်ကိုချောင်းမြောင်းကြည့်နေကြသည်။ ကြည့်လည်းကြည့်ချင်စရာ သူ့ရုပ်ကလေးက အတော်ကို သန့်ပြန့်နေသည် မဟုတ်လား။





"အေး ... ဒီနေ့ မင်းလာမယ်ဆိုလို့ အန်တီ ဆိုင်ကနေတောင် တစ်ခေါက်ပြန်လာတာ"

"အားနာလိုက်တာဗျာ ... ဆိုင်ကို ကျွန်တော်ပဲ လာခဲ့မှာပေါ့"

"တျာတျာ ... ဒီနေ့ ကျူရှင် ဘယ်အချိန်သွားရမှာလဲ"

နားထဲတွင် အသံတွေကြားနေရသော်လည်း တျာတျာကတော့ ဒရိုင်ဘာအသစ်မျက်နှာကို စူးစမ်းကြည့်နှင့်တောင်မကြည့်မိဘဲ လက်ထဲကစာအုပ်ကိုသာ သဲကြီးမဲကြီး ဖတ်နေမိသည်။

"တျာ ... ဒီနေ့ ကျူရှင်မသွားဘူး ကြီးကြီးနု"

"ဟင် ... ကျူရှင်က စနေ၊ တနင်္ဂနွေနှစ်ရက်တည်းတက်ရတာကို မနေ့ကလည်း မသွားဘူး၊ ဒီနေ့လည်း မသွားတာဘာသဘောလဲ"

ကြီးကြီးနုရဲ့လေသံမာမာကြောင့် တျာ စာအုပ်ကိုမျက်နှာမှခွာလိုက်သည်။ ဒီလိုပဲ တျာမှာ လွတ်လပ်ခွင့်ဆိုတာဘာမှမရှိ၊ နေရာတကာ ဝင်ပါသည်။ အမိန့်ပေးသည်။ ဖြေရှင်းချက်ကို စောင့်နားထောင်တတ်သည့်အကျင့်လည်း တစိုးတစိမှပင်မရှိကြပါ။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအကြည့်တွေ ပြန်ပြင်လိုက်စမ်း တျာတျာ၊ ညည်း ကျူရှင်လခကို ညည်းအမေပေးတာ၊ ငါနဲ့ဘာမှမသက်ဆိုင် ဘူးလို့ ညည်းပြောချင်တာလား၊ ဘဝမမေ့နဲ့ မိတျာ၊ ငါ ဒါပဲပြောချင်တယ်၊ ညည်းအချိုးတွေပြင်"

တျာ နေရာက ထ,ထွက်လာခဲ့သည်။ ဒရိုင်ဘာ အသစ်လူရဲ့မျက်ဝန်းတွေထဲမှာ တျာ့ကို ကရုဏာသက်သည့်အရိပ် ကို လှမ်းမြင်လိုက်ရသည်။ ဒီတစ်ပတ် ဆရာမတွေ ခရီးသွားလို့ ကျူရှင်ပိတ်ထားတာ "တျာ" ကြိုးကြိုးနကို ရှင်းမပြချင်တော့ပါ။

"ကဲ ... ဒါဆို မင်း မနက်ဖြန်ကစ,ပြီး အလုပ်ဆင်းလို့ ရပြီ၊ မနက်ခုနစ်နာရီတိတိ ရောက်အောင်လာခဲ့ပါ၊ လခ ကတော့ အန်တီသား ပြောထားတဲ့အတိုင်းပဲနော်"

"ဟုတ်ကဲ့ ... ကျွန်တော် သဘောတူပါတယ် အန်တီ"

သူ့မျက်ဝန်းတွေရဲ့အကြည့်က ညှို့ခန်းထဲကအပြင် အဆင်တွေဆီ ရောက်သွားသည်။ ဘာမှပြောစရာစကား မရှိတော့၍ သူတို့နှုတ်ဆိတ်သွားကြသည်၊





"ဒါဆို ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

သူ ချိုသောအပြုံးတွေနှင့် နွေးနွေးထွေးထွေးခွင့် တောင်းလိုက်သည်။

♥ ○ ♥

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ကန်တင်းက စားပွဲနှစ်လုံးကို ဆက်ထားပြီး ကျောင်းသားတစ်အုပ်စု ထိုင်နေကြသည်။ တခြားဝိုင်းမှ ကျောင်းသားကျောင်းသူများကလည်း မိုးတိုးမတ်တတ်ရပ်တဲ့သူကရပ်၊ ဟိုနားတစ်စု၊ ဒီနားတစ်စုနဲ့ ထိုစားပွဲဆီ အကြည့်ရောက်နေကြသလို၊





ကျောင်းသားတချို့ကတော့ ကုန္ဒြေမဆည်နိုင်ဘဲ ထိုဝိုင်းနားသွားပြီး ရစ်သီရစ်သီ လုပ်နေကြသည်။ ဒီနေ့ နီတျာတျာကို စိန်ခေါ်ထားသည့် ကျောင်းသားတစ်ယောက်နှင့် နီတျာတျာတို့ရဲ့ ဉာဏ်ကစားပြိုင်ပွဲကျင်းပတော့မည် မဟုတ်လား။ ပြီးခဲ့တဲ့သောကြာနေ့ကတည်းက ဒီသတင်းက တစ်ကျောင်းလုံးမှာ ပျံ့နှံ့နေခဲ့တာလေ။

"မိတ်ဆက်ပေးရဦးမယ် နီတျာတျာနဲ့ ဇကေရီ၊ ဒါက မြဝိတောက်လေ၊ သူတို့တွေကလည်း ကျွန်တော့်သူငယ်ချင်းတွေပဲ၊ သူက ထိန်လင်း၊ သူက မိုးဥ၊ သူက ချစ်စု၊ သူကတော့ ကြည်ပြာတဲ့"

"ဟုတ်ကဲ့"

နီတျာတျာနဲ့ ဇကေရီက အားလုံးကိုပြုံးပြ ခေါင်းဆတ် အသိအမှတ်ပြုလိုက်သည်။

"ကျွန်တော် မေးခွန်းသုံးခုအတွက် တွေးထားတာလေးရှိတယ်၊ အဆက်အစပ်မရှိတဲ့ မေးခွန်းတွေမေးမယ့်အစား အဆက်အစပ်ရှိတဲ့ မေးခွန်းတွေမေးရင် ပိုကောင်းမလားလို့"

"ရှင်ပြောတာ ကျွန်မ နားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုဗျာ ... ခင်ဗျားက ကျွန်တော့်ကို မေးချင်ရာမေးမယ်၊ ကျွန်တော်ကလည်း ခင်ဗျားကို မေးချင်ရာမေးမယ်ဆိုရင် ဘာအဆက်အစပ်မှမရှိလို့ သိပ်စိတ်ဝင်စားစရာ မကောင်းဘူး၊ တရားမျှတမှုလည်း မရှိနိုင်ဘူး၊ ဥပမာဗျာ ... ကျွန်တော့်မှာမရှိတဲ့ ကျွန်တော်လည်း လက်လှမ်းမမီလောက်တဲ့ ရှားပါးစာအုပ်တစ်အုပ် ခင်ဗျားဆီမှာ ရှိနေခဲ့မယ်ဆိုရင် ကျွန်တော် အဲဒီမေးခွန်းရဲ့အဖြေကိုသိဖို့ တစ်ပတ်မပြောနဲ့ နှစ်နဲ့ချီပြီးတောင် ကြာသွားနိုင်တယ်၊ ခင်ဗျားကလည်း နှိုက်နှိုက်ချွတ်ချွတ် မေးမှာပဲလေ”

“ဒီတော့ ...”

“အရမ်းစိတ်ဝင်စားစရာကောင်းတဲ့ အစီအစဉ်တစ်ခု ကျွန်တော့်မှာရှိတယ်၊ ဒါက ဘာလဲဆိုတော့ ကျွန်တော်က ပုံတစ်ပုံ ခင်ဗျားကိုပြောပြမယ်၊ အဲဒီပုံပြင်အဆုံးမှာ မြုပ်ကွက်လေးတွေရှိတယ်၊ အဲဒီမြုပ်ကွက်လေးတွေကို ခင်ဗျားကဖော်ထုတ်ပြီး အဲဒီပုံပြင်ရဲ့အဆက်ကို ပြောပြနိုင်ရမယ်၊ ခင်ဗျားပြောတဲ့ပုံပြင်အဆုံးမှာလည်း ပဟေဠိလေးတွေရှိရ





မယ်၊ အဲဒါကို ကျွန်တော်က အဖြေရှာပြီး သူ့ရဲ့အဆက်ပုံပြင်ကို ပြန်ပြောပြရမယ်”

“အင်း ... ကောင်းသားပဲ၊ အဖြေရှာမရရင် ပုံပြင်ကိုလည်း ဆက်လို့ရတော့မှာ မဟုတ်ဘူးပေါ့”

“သေချာတာပေါ့”

သူ့အပြုံးတွေက ယုံကြည်ချက်အပြည့်ဖြင့် တောက်ပလို့နေသည်။

“ဆက်စပ်မှုရှိနေတာမို့ တစ်ကြိမ်မဖြေနိုင်ခဲ့ဘူးဆိုတာနဲ့ ပွဲသိမ်းပဲပေါ့”

“အဟုတ်ပဲ”

သူ့ရဲ့ အားတက်သရော်ပြောသံက တျာ့ရင်ထဲ နည်းနည်းတော့ လှုပ်ခတ်သွားသည်။ ဒါ ဖန်တီးနိုင်မှုစွမ်းအားနဲ့ ဖြတ်ထိုးဉာဏ်နှစ်ခု ပေါင်းထားတဲ့ အဆင့်မြင့်ပြိုင်ပွဲတစ်ခုပဲ၊ တျာ သူ့ကိုနိုင်ပါ့မလား။

ကေရီ့မျက်နှာကလည်း တျာ့ကို စိုးရိမ်စိတ်ကြောင့် ချော်ပွင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကောင်းပါတယ်၊ ထူးဆန်းသလို စိတ်ဝင်စားဖို့လည်း ကောင်းမှာပါ၊ အမှန်အတိုင်း ပြောရရင် လောလောဆယ်မှာတော့ ကျွန်မ ဘာမှတွေးမရသေးလို့ ရှင်ပဲ ရှင့်ပုံပြင်ကို အရင်စ,လိုက်ပါ၊ ရှင်က စီစဉ်သူဆိုတော့ ကြိုတင်လည်း ပြင်ဆင်ထားမှာပါ”

ကေရီက တျာ့လက်ကလေးတစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လာသည်။

“ခင်ဗျား ဂရင်းပုံပြင်တွေတော့ သိမှာပေါ့နော်၊ ဂျေကော့ဂရင်းနဲ့ ဝီလင်ဂရင်းတို့ရေးခဲ့တဲ့ ဂျာမန်ရိုးရာပုံပြင်တွေလေ”

“သိပါတယ်၊ Snow White ပုံပြင်က အဲဒီထဲက တစ်ပုဒ်ပဲ မဟုတ်လား”

“ဟုတ်ပါတယ်၊ စုစုပေါင်းရှိတာကတော့ အပုဒ် ၂၁၀ ပေါ့၊ အဲဒီထဲက ပုံပြင်တစ်ပုဒ်ကို ကျွန်တော်ပြောပြမယ်၊ ခင်ဗျားလည်း ကြားဖူးချင် ကြားဖူးနိုင်တယ်လေ၊ မူရင်းပုံပြင်တစ်ခုလုံးတော့ မဟုတ်ဘူး၊ အခြေခံပြီးပြောတာ၊ အဲဒီထဲမှာ ပဟေဠိလေးတွေ ထည့်ပြီးတော့ပေါ့”

“ပြောကြည့်ပါ”





တစ်စစနှင့် တခြားဝိုင်းကလူတွေပါ သူတို့ဝိုင်းနားသို့ ရောက်လာကြသည်။

“တစ်ခါက ဆင်းရဲတဲ့သစ်ခုတ်သမားတစ်ယောက်ရှိတယ်၊ သူ့မှာသားခုနစ်ယောက်ရှိပြီး အငယ်ဆုံးသားလေးကတော့ အရမ်းကို ပုကွသေးကွေးလို့ “ငပုလေး”လို့ နာမည်ပေးထားခဲ့တယ်၊ သစ်ခုတ်သမားက ငပုလေး ဆယ့်နှစ်သားအရွယ်အထိတော့ သူ တတ်စွမ်းသမျှနဲ့ ရှာဖွေကျွေးမွေးခဲ့ပါတယ်၊ ဒါပေမဲ့ ကလေးတွေကြီးလာလေ သူကျွေးမွေးဖို့ မတတ်နိုင်လေပဲ။ ဒါကြောင့် သူ့ရှေ့မှာ ကလေးတွေအစာငတ်သေဆုံးမှာ မကြည့်ရက်လို့ ကလေးတွေကို တောထဲခေါ်သွား၊ လှည့်ပတ်ပြောဆိုပြီး ထားခဲ့လို့ အိမ်ပြန်လာခဲ့တယ်တဲ့”

“ဟင်း ... ဘယ်လိုအဖေမျိုးလဲ မသိဘူး”

ကျောင်းသူတစ်ယောက်ရဲ့အသံ ထွက်လာတော့ “တျာ” အသာအယာ ပြုံးလိုက်သည်။ လောကကြီးမှာ လူအမျိုးမျိုးရှိလို့ အဖေအမျိုးမျိုးလည်းရှိတာ သံသယဖြစ်စရာမှ မလိုတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ပဲ မကြာခင်မှာ မိုးတွေရွာ လေတွေတိုက်လို့ ကလေးတွေ အရမ်းကြောက်လန့်ကုန်တယ်တဲ့၊ ဒါပေမဲ့ ငပုလေးက သူ့အစ်ကိုတွေထက် သတ္တိကောင်းပြီး ဉာဏ်လည်းရှိတာမို့ မကြောက်ရွံ့ဘဲ သူ့အစ်ကိုတွေကို ကယ်တင်ဖို့ကြံစည်စိတ်ကူးတာပေါ့လေ"

"လေနည်းနည်းငြိမ်တော့ ငပုလေးက မြင့်မားတဲ့သစ်ပင်ကြီးတစ်ပင်ပေါ်တက်ပြီး ဟိုဟိုဒီဒီ ကြည့်ရှုတယ်တဲ့။ သူတို့နဲ့သိပ်မဝေးတဲ့ အကွာအဝေးမှာ အလင်းရောင်တစ်ခုကို မြင်ရတော့ ဝမ်းသာသွားပြီး သူ့အစ်ကိုတွေကိုခေါ်ပြီး အဲဒီဘက်ကို မှန်းဆလာခဲ့တယ်တဲ့ ...

မကြာခင်မှာပဲ သူတို့ဟာ မီးထွန်းထားတဲ့ အိမ်တစ်အိမ်ကို ရောက်ရှိလာခဲ့တာပေါ့၊ အိမ်တံခါးကပိတ်ထားလို့ ငပုလေးက တံခါးခေါက်လိုက်တယ်၊ မိန်းမတစ်ယောက်က တံခါးကို ဖွင့်ပေးတယ်တဲ့"

မိုးလူက စိတ်ပါဝင်စားစွာ နားထောင်နေတဲ့လူတွေအားလုံးကို ဝေ့ကြည့်လိုက်ပြီး ရှေ့ကအအေးပုလင်းထဲက အအေးတစ်ငုံကို စုပ်ယူသောက်လိုက်သည်။





"မူရင်းပုံပြင်မှာတော့ အဲဒီမိန်းမက ဘီလူးကြီးသိမ်းပိုက်ထားတဲ့မိန်းမတဲ့၊ ကျွန်တော်ကတော့ ပညာရှိအမျိုးသမီးလို့ ပြင်လိုက်တယ်၊ အဲဒီအမျိုးသမီးက ငပုလေးကို ဘာကိစ္စရှိလို့လဲလို့မေးတယ်၊ ငပုလေးက ဖြစ်ကြောင်းကုန်စင်ပြောလိုက်တယ်တဲ့ ...

အဲဒီအမျိုးသမီးကပြောတယ်၊ 'ငါတို့အိမ်မှာ တည်းခိုချင်တယ်ဆို အလကားတော့မရဘူး၊ ငါမေးတဲ့မေးခွန်းကိုဖြေနိုင်ရမယ်'တဲ့၊ ငပုလေးကလည်း တည်းခိုခွင့်ရမယ်ဆိုရင် မေးတဲ့မေးခွန်းကို ဖြေပါ့မယ်လို့ ပြန်ပြောလိုက်တယ်တဲ့"

ကျောင်းသားအားလုံး စိတ်ဝင်စားစရာ မေးခွန်းပိုင်းရောက်လာပြီမို့ အသက်ပင်ဝဝမရှူတော့ဘဲ အာရုံစိုက်ပြီး နားစွင့်နေကြသည်။

"အမျိုးသမီးကပြောတယ်၊ ငါ့မှာ နာမည်တူတဲ့ သားနှစ်ယောက် သုံးစုံရှိတယ်၊ မောင်နီနှစ်ယောက်၊ မောင်ပြာနှစ်ယောက်၊ မောင်ဖြူနှစ်ယောက်ပေါ့၊ နာမည်မတူတဲ့သားသုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်က အလုပ်မလုပ်ကြဘူး၊ နောက်ထပ်နာမည်မတူတဲ့ သားသုံးယောက်ကတော့ မုဆိုး၊ သစ်ခုတ်သမားနဲ့ မီးသွေး ဖုတ်သမားဆိုတဲ့ အလုပ်တွေကို လုပ်ကြတယ် ...

မောင်နီက သစ်ခုတ်သမား မဟုတ်ဘူး၊ အလုပ်မလုပ်တဲ့ မောင်ဖြူက ဒီကနေ မိုင်လေးဆယ်အကွာက ရွာမှာ နေတယ်၊ သူ့ဘေးအိမ်မှာနေတဲ့မုဆိုးရဲ့ဝင်ငွေရဲ့ ဆယ်ပုံ တစ်ပုံကို နှစ်စဉ်ထောက်ပံ့ငွေအဖြစ်ရတယ်၊ မီးသွေးဖုတ် သမားနဲ့ နာမည်တူတဲ့အလုပ်အကိုင်မရှိတဲ့ကောင်က ငါနဲ့ နေတယ် ...

မောင်ပြာရဲ့ဝင်ငွေက တစ်နှစ်ကို ရွှေဒင်္ဂါးဆယ်ပြား ရတယ်၊ အလုပ်မရှိတဲ့ မောင်ပြာနဲ့ မီးသွေးဖုတ်သမားတို့ ပြိုင်ပြီး ငါအခုနေတဲ့တောထဲဝင်ရင် အလုပ်မရှိတဲ့ မောင်ပြာ က ပိုပြီးတောကျွမ်းတယ်၊ ဒီတော့ မင်း ဖြေပေးရမှာက ငါနဲ့အတူနေတဲ့သူတွေက ဘယ်သူတွေဖြစ်ပြီး ငါနဲ့အတူ မနေတဲ့သူတွေက ဘယ်သူတွေလဲတဲ့”

“ဟင်း”





ကျောင်းသားအားလုံး သက်ပြင်း ချနေကြသည်။ နီတျာတျာက ဘယ်လိုနေမည်မသိ၊ နားထောင်တဲ့သူတွေကတော့ မျက်စိတော်တော်လည်သွားကြသည်။ နီတျာတျာလည်း ခေါင်းရှုပ် သွားဟန်တူသည်။ မိုးလူက သူ့ကျောပိုးအိတ်ဘေးအိတ်ထဲမှ အဆင်သင့်ထည့်ထားသော စာရွက်ခေါက်လေးကိုယူပြီး နီတျာတျာ ကို လှမ်းပေးလိုက်သည်။

“အဲဒီမေးခွန်းကို ကျွန်တော် ကွန်ပျူတာနဲ့ စာရိုက်လာခဲ့ တယ်၊ အချိန်က တစ်ပတ်တောင်ရှိသေးတာပဲ၊ နီတျာတျာ ဖြေနိုင်မှာပါ၊ ပြီးတော့ ပုံပြင်ကိုလည်း ဆက်ပြောနိုင်မယ် လို့ ယုံကြည်တယ်”

ကျောင်းတက်ဘဲလ်သံ ကြားရတာမို့ ကျောင်းသား အားလုံး ဦးတည်ချက်အနှံ့အပြားဖြင့် ဖရိုဖရဲ ပြိုကွဲသွားကြသည်။ တျာတျာက သူကမ်းပေးသော စာရွက်ခေါက်လေးကို လှမ်းယူ လိုက်သည်။

“ရှင် ယုံကြည်တဲ့အတိုင်း ကျွန်မ ဖြေနိုင်မှာပါ ကိုမိုးလူ”

နီတျာတျာနှင့် မေဇေကရီတို့ ကန်တင်းထဲမှ ဖင့်နွဲ့ သော ခြေလှမ်းတွေနှင့် ထွက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက သိပ်ကြောက်စရာကောင်းတဲ့ ပြိုင်ဘက်တစ်ယောက်ပဲ"

တျာတျာ့ရင်ထဲက တိုးတိုးလေးကျိတ်ပြီး မှတ်ချက်ချမိသည်။

♥ ○ ♥





## ၁၁

စောစောစီးစီး ဒရိုင်ဘာအသစ် ကားရေဆေးနေတာကိုတွေ့တော့ တျာတျာ မျက်မှောင်ကြုတ်မိသည်။ ဒီလူ ဒီအချိန်ရောက်ဖို့ ဘယ်အချိန်ကများ ထ,လာသည်မသိ။ သူက အရပ်ရှည်ရှည်၊ အသားဖြူဖြူနှင့် ရုပ်ကလည်း တော်တော်ချောပါသည်။ ဝတ်ထားသည့်အင်္ကျီနှင့် ပုဆိုးတို့နဲ့တောင် မတန်လှပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုစိုး ... ကြီးကြီးနဲ့ အသစ်ခေါ်တဲ့ ဒရိုင်ဘာက ငယ်တလည်းငယ်၊ ချောကလည်းချောနဲ့ ဘယ်လိုဖြစ်တာလဲ၊ ပြောတုန်းကတော့ မမသွယ်တို့ တျာတို့နဲ့ မတိမ်းမယိမ်း ဘယ်တော့မှ မရှာဘူးဆို၊ မီးဆိုတာ မလောင်ခင်ကတားရမယ်ဆို"

အိမ်ထဲက လေးလေးတိုး အတက်ချိုကေ့စ်ကိုဆွဲပြီး ထွက်လာခဲ့သော ကိုကိုစိုးနားသွားပြီး တျာ ခပ်အုပ်အုပ်မေးလိုက်သည်။

"မေမေခေါ်တာ မဟုတ်ဘူး တျာတျာ၊ ငါခေါ်လာတာ၊ သူက နယ်မှာနေတာ၊ ငါ့ဘော်ဒါတစ်ယောက်ရဲ့သူငယ်ချင်း၊ ရန်ကုန်မှာ အလုပ်တစ်ခုခုလုပ်ဖို့ ရောက်လာတာ၊ လောလောဆယ် အလုပ်ရှာမရလို့ဆိုလို့ အိမ်မှာကလည်း ဒရိုင်ဘာတစ်ယောက်က အသည်းအသန် လိုနေတာမို့ ခေါ်လိုက်တာ၊ ဘာဖြစ်လို့လဲ၊ နေဇော်က ရိုးပါတယ်"

လေးလေးတိုးက အထည်ချုပ်စက်ရုံတစ်ခု၏ စက်ရုံမှူးဖြစ်ပြီး ကိုကိုစိုးကတော့ Export နဲ့ Import အပိုင်းကို





တာဝန်ယူထားသူဖြစ်သည်။ အိမ်မှာတော့ အားလုံးက အလုပ်ကိုယ်စီနှင့်မို့ အပျိုကြီး ကြီးကြီးစုနှင့် အိမ်ဖော်တွေသာ အချိန်ပြည့် အိမ်မှာရှိကြသည်။

တျာတျာက ကိုကိုစိုးကို ဘာမှဆက်မပြောတော့ဘဲ တျာ စိုက်ထားသော နှင်းဆီပင်လေးကို ရေဆက်ဖျန်းပက်နေသည်။ တျာက နှင်းဆီကိုကြိုက်သည်။ နှင်းဆီကလှသည်။ မွှေးသည်။ ဆူးဆိုတဲ့ အကာအရံတွေရှိသည်။

ကြာကြာမခံတာကလွဲလို့ နှင်းဆီက ဘက်စုံအရည်အချင်း ပြည့်မီပါသည်။

"တျာတျာ ကျောင်းသွားဖို့လုပ်တော့လေ၊ အခုတလော ကျောင်းက department အထိတောင် တျာတျာ့သတင်းတွေ မွှေးနေတယ်နော်"

"ဟင် ... တျာ ဘာလုပ်လို့လဲ မမသွယ်"

တျာက မျက်လုံးလေးဝိုင်းကာ အံ့သြသွားသည်။

"မေကေရီရဲ့ဘော်ဒီဂတ်လုပ်ပြီး ကောင်လေးတွေကိုအပြတ်နှိပ်ကွပ်နေတဲ့ သတင်းကြောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ... ဘာများလဲလို့၊ နေကြာကြီးက အရမ်းသနားလွယ်တတ်တာ မမသွယ်ရဲ့၊ သူက စိတ်လည်းပျော့တယ်၊ ကျွန်မ မကာကွယ်ရင် သူ ယောကျ်ားတွေရဲ့မာယာစက်ကွင်းထဲ သက်ဆင်းသွားမှာစိုးလို့ပါ"

"ဒါဆို ကျွန်မက ကယ်တင်ရှင်ကြီးပေါ့၊ ဟုတ်လား၊ ကြည့်လုပ်ပါဦး ကျွန်မရယ်၊ နေကြာက ကြိုက်တဲ့သူရှိနေမှ နေရင်းထိုင်ရင်း ကိုယ့်အလှည့်ကျ ဝဋ်လည်နေပါဦးမယ်"

"ကျွန်မလား ... ဘယ်တော့မှ ဝဋ်လည်မှာမဟုတ်ဘူး၊ ယောကျ်ားဆိုရင် ဖေဖေတစ်ယောက်တည်းနဲ့တင် စိတ်ကုန်သွားပါပြီ၊ လူဆိုတာ ကိုယ်ခံရတော့မှ သင်ခန်းစာရတာထက် ကိုယ်မဟုတ်တဲ့တစ်ယောက်ယောက်ရဲ့ အဖြစ်အပျက်ကိုကြည့်ပြီး သင်ခန်းစာယူနိုင်မှ ပညာရှိပီသတာ"

ကျွန်မ့စကားကို မမသွယ်က သဘောကျသွားသည်ထင့် ပါးချိုင့်လေးပေါ်အောင် ပြုံးသွားသည်။ ကျွန်မက အိမ်ထဲဝင်ဖို့ ဖျတ်ခနဲ ကိုယ်အလှည့် သွားစွယ်ဖြူဖြူလေးပေါ်အောင်ပြုံးနေသော ဒရိုင်ဘာသစ်နှင့် မျက်လုံးချင်း ဆုံမိသည်။ သူက ဘာကို





ပြုံးတာလဲ၊ ကျွန်မ့စကားက ပေါ့သွမ်းသွမ်းစကားမှ မဟုတ်တာ၊ ကျွန်မက မျက်နှာကို တင်းနိုင်သမျှ အတင်းနိုင်ဆုံးထားပြီး သူ့ဘေးက ဖြတ်လျှောက်လာသည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

မိုးလူ ပုံပြောပြီး တစ်ပတ်တိတိအကြာ သီတင်းပတ်တစ်ခု၏ ပထမဆုံးကျောင်းတက်ရက်တွင် ပြိုင်ဘက်နှစ်ယောက်နှင့် သူတို့၏အပေါင်းအပါ ပရိသတ်တို့သည် ထိုင်နေကျကန့်တင်းထဲတွင် စည်ကားစုဝေးကာ ရောက်ရှိလို့နေပါသည်။





နီတျာတျာ မျက်နှာပေါ်မှာ ပွင့်ဖူးနေသော ခပ်လန်းလန်းအပြုံးတွေက တစ်ဖက်လူ၏ မေးခွန်းတွေကို ဖြေနိုင်ရုံသာမက ဆပ်ဆင့်လှပသော ပုံပြင်တစ်ပုဒ်ကို ဖန်ဆင်းနိုင်ခဲ့ပြီဟု ဝင့်ကြွားနေဟန်ရှိသည်။

"ပုံပြင်လေးကို ကျွန်မ ပြန်ဆက်တော့မယ်နော် ကိုမိုးလူ"

မိုးလူက ခေါင်းဆတ်ပြလိုက်သည်။

"ငပုလေးက အတော်အတန် စဉ်းစားပြီးတော့ ပြန်ဖြေလိုက်တယ်တဲ့၊ အဒေါ်နဲ့နေတဲ့ သားသုံးယောက်ဟာ သစ်ခုတ်သမား မောင်ဖြူရယ်၊ အလုပ်မရှိတဲ့ မောင်နီနဲ့ မောင်ပြာတို့ပါပဲတဲ့၊ အဝေးမှာနေတဲ့ သားသုံးယောက်ကတော့ အလုပ်မရှိတဲ့ မောင်ဖြူရယ်၊ မုဆိုးမောင်ပြာနဲ့ မီးသွေးဖုတ်သမား မောင်နီတို့ပါပဲတဲ့ ...

အဲဒီလိုလည်း ဖြေလိုက်ရော အမျိုးသမီးကြီးက 'တော်ပါပေတယ် ကလေးရယ်"လို့ပြောပြီး သူတို့အိမ်ထဲ ပေးဝင်ပြီး နွေးထွေးတဲ့ အစားအသောက်တွေနဲ့ တည်ခင်းဧည့်ခံ၊ သက်သောင့်သက်သာရှိလှတဲ့ ကောက်ရိုးအိမ်ရာတွေမှာ ပေးအိပ်တော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးလူ နှစ်ခြိုက်စွာ ပြုံးနေသည်။ နီတျာတျာ သူ့ကို ပြောနေသည့်ဟန်က ဆရာမက ငိုကြွေးနေတဲ့ကလေးကို အငို တိတ်သွားအောင် ချော့မော့ပြီး စိတ်ဝင်စားအောင်ပြောတဲ့ ပုံမျိုးလေ။

"ကလေးတွေ အိပ်ခါနီးမှာ အမျိုးသမီးကြီးက ပြောတယ် တဲ့ ... ကလေးရယ် ... မင်းကို ငါမေးခွန်းမေးရတာ အကြောင်းရှိပါတယ်၊ ဘာလို့လဲဆိုတော့ ဒီတောကိုစောင့် တဲ့ ဘီလူးကြီးဟာ ညတစ်ချက်တီးဆို အိမ်တံခါးကိုခေါက် လို့ ငါတို့ကိုစားဖို့ ကြံစည်တာပေါ့၊ သူက အရမ်းဉာဏ် များလွန်းတာမို့ မေးခွန်းတွေမေးပြီး မဖြေနိုင်ရင် စားမယ် လုပ်လို့ သူ့ရဲ့မေးခွန်းတွေကို ငါ့မှာညတိုင်းဖြေနေရလို့ အိပ်မရတဲ့ညပေါင်းလည်း ကြာပေါ့၊ ဒီတော့ ဒီနေ့ မင်း ငါ့အစား သူ့မေးခွန်းတွေ ဖြေပေးပါကွယ်လို့ ပြောလိုက် တယ်တဲ့"

မြပိတောက်က မိုးလူကို လှမ်းကြည့်နေသည်။ သူမရဲ့အတွေးက မှားမှမမှားခဲ့ဘဲ၊ နီတျာတျာနဲ့ မိုးလူက တကယ် လက်ညီတဲ့ပြိုင်ဘက်အစစ်ပင်။ အားလုံးက နီတျာတျာ ဆက်ပြော မယ့်စကားတွေကို စိတ်ဝင်စားမှုအပြည့်ဖြင့် နားစွင့်လျက်ရှိသည်။





"ငပုလေးရဲ့အစ်ကိုတွေက အမျိုးသမီးကြီးစကားကြောင့် သိပ်ထိတ်လန့်သွားတာပေါ့၊ ငပုလေးက 'စိတ်ချပါ အဒေါ် ရယ်၊ ဒီညတော့ အိပ်ရေးဝဝအိပ်လိုက်ပါ၊ အစ်ကိုတို့လည်း မစိုးရိမ်ပါနဲ့၊ ကျွန်တော် ဘီလူးကြီးရဲ့မေးခွန်းတွေကို ဖြေ နိုင်မှာပါလို့ အားပေးရင်း ကောက်ရိုးအိပ်ရာပေါ်မှာ ခေါင်း ချအိပ်လိုက်တော့တယ် ...

ညဉ့်တစ်နာရီရောက်တဲ့အခါ အိမ်တံခါးခေါက်သံ ပေါ်လာတာပေါ့၊ ငပုလေးက အိပ်ရာက အသာထ,ပြီး အိမ်တံခါးဆီ လျှောက်သွားတယ် ...

ဘီလူးက 'အို ... လူသား၊ ထုံးစံအတိုင်း ကျွန်ုပ် မေးတဲ့မေးခွန်းကိုဖြေပါ၊ မဖြေနိုင်ရင်တော့ သင့်ရဲ့ကိုယ် ခန္ဓာကို ကျွန်ုပ်ရဲ့အစာအဖြစ် အသုံးပြုရလိမ့်မယ်' လို့ပြော လိုက်တယ် ...

ငပုလေးက 'ကောင်းပါပြီ ဘီလူးကြီး၊ သင်မေးလို ရာမေးပါတော့' လို့ဆိုလိုက်တယ်။ ဘီလူးကြီးက ကြားနေကျ မိန်းမကြီးရဲ့အသံ မဟုတ်တော့ အံ့သြသွားတာပေါ့၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာပဲဖြစ်ဖြစ် လူသားစားရပြီးရောဆိုပြီး မေးခွန်း စ,မေးတော့တယ် ...

ငါ့မှာ သား ငါးယောက်ရှိတယ်၊ သူတို့ငါးယောက် စလုံးဟာ ဂူသန့်ရှင်းရေး၊ အစာရှာထွက်၊ ဂူကင်းစောင့်နဲ့၊ ရလာတဲ့အစာတွေ မပုပ်မသိုးအောင် ထိန်းသိမ်းရမယ့် တာဝန်တွေကို လုပ်ဆောင်ရတယ်၊ ငါကလည်း သူတို့ငါး ယောက်ကို အချိန်ဇယားတစ်ခု ဆွဲပေးထားတယ်"

"ဘီလူးက အဆင့်မြင့်လှချည်လား"

ကျောင်းသားတစ်ယောက်က ထ,ဖောက်သဖြင့် ခပ်အုပ်အုပ်ရယ်သံတွေ ထွက်လာကြသည်။ ရယ်သံတွေ လျော့ပါးသွားတော့မှ နီတျာတျာက စကားပြန်ဆက်သည်။

"ဒါပေမဲ့ ငါးရက်ပြည့်လို့ ငါပြန်စစ်ကြည့်တဲ့အခါ သူတို့ငါးယောက်စလုံးဟာ သူတို့လုပ်ရမယ့်တာဝန်လေးခုမှာ သုံးခုကို အကြိမ်အရေအတွက်မှားပြီး လုပ်ထားတာတွေ့ရတယ်၊ တာဝန်တစ်ခုမှာလည်း တစ်ယောက်မှ အကြိမ်အရေအတွက် မမှန်ဘူးတဲ့ ...





ဒါ ... ဘီလူးငါးကောင်လုပ်ထားတဲ့စာရင်း"

နီတျာတျာက သူမ စလင်းဘက်အိတ်ထဲမှ စာရွက်တစ်ရွက်ကိုထုတ်ပြီး မိုးလူ့ရှေ့ ချပြလိုက်တာမို့ အားလုံးက ထိုစာရွက်ကို ဝိုင်းအုံကြည့်လာကြသည်။

မေဇကေရီကတော့ ပေါက်ပေါက်ရှာရှာ စဉ်းစားတတ်သော နီတျာတျာရဲ့ပုံပြင်နဲ့ အတွေးစိတ်ကူးလေးကို ရင်ထဲကကျိတ်ပြီး ချီးကျူးနေမိသည်။ တကယ်ဆို မိုးလူပြောတဲ့ ဂရင်းပုံပြင်စာအုပ်ကို သူမတို့ လိုက်လံရှာဖွေပြီး ဖတ်ကြည့်ပြီးပြီ၊ ပုံပြင်ထဲမှာ ဒီလိုမျိုးမှ မပါခဲ့တာ။

| ဘီလူး | ဂူသန့်ရှင်း | အစာရှာထွက် | ကင်းစောင့် | ထိန်းသိမ်း |
|---|---|---|---|---|
| A | ၄ ကြိမ် | ၃ ကြိမ် | ၃ ကြိမ် | ၁ ကြိမ် |
| B | ၃ ကြိမ် | ၂ ကြိမ် | ၃ ကြိမ် | ၂ ကြိမ် |
| C | ၅ ကြိမ် | ၄ ကြိမ် | ၂ ကြိမ် | ၃ ကြိမ် |
| D | ၄ ကြိမ် | ၄ ကြိမ် | ၁ ကြိမ် | ၁ ကြိမ် |
| E | ၃ ကြိမ် | ၂ ကြိမ် | ၂ ကြိမ် | ၂ ကြိမ် |



www.burmeseclassic.com

www.burmeseclassic.com



"သူမေးတဲ့မေးခွန်းက ... (၁) ငါ့ရဲ့အချိန်ဇယားအမှန်က ဘာလဲတဲ့၊ (၂) အကြိမ်အရေအတွက်မှန်အောင် မလုပ်ကြတဲ့ တာဝန်ကရော ဘာတာဝန်လဲ၊ (၃) အဲဒီတာဝန်ရဲ့အကြိမ် အရေအတွက်အမှန်ဟာ ဂူသန့်ရှင်းရေး အကြိမ်အရေအတွက် နဲ့ တူခဲ့တယ်ဆိုရင်၊ တစ်ယောက်ချင်းစီထမ်းဆောင်ရမယ့် တာဝန်လေးခုအတွက် အကြိမ်စုစုပေါင်းက ဘယ်လောက်လဲ တဲ့"

"မေးခွန်းက နည်းနည်းရှုပ်နေသလိုပဲ"

မိုးလူက ခပ်အေးအေး ပြောလိုက်သည်။ နီတျာတျာ က ထိုစာရွက်ရဲ့နောက်ကျောမှာ ရေးထားသောမေးခွန်းကို လှန် ပြလိုက်သည်။

"မရှုပ်ပါဘူး၊ တွက်ကြည့်တာနဲ့ အဖြေထွက်မယ့်မေးခွန်း မျိုးပါ၊ ရှင်က သိပ်တော်တဲ့သူပဲ ဖြေနိုင်မှာပါ"

နီတျာတျာက မိုးလူကို ခပ်ထေ့ထေ့လေး ပြောလိုက် သည်။

"ခင်ဗျားလည်း အရမ်းတော်ပါတယ်၊ ပြီးတော့ ခင်ဗျားက ကျွန်တော့်ထက် ပုံပြောပိုကောင်းတယ်"





အပြန်အလှန် ချီးကျူးနေကြသော နီတျာတျာနဲ့ မိုးလူကိုကြည့်ကာ လူရင်းတွေသာမက ကျောင်းသားကျောင်းသူ တချို့ကပါ ပြုံးစစရပ် ဖြစ်နေကြသည်။ အဲဒီနှစ်ယောက်သာ ယှဉ်လိုက်လို့ကတော့ ဒဂုံတက္ကသိုလ်ကြီးတစ်ခုလုံး ပဟေဠိနန်း တော် ဖြစ်သွားလောက်သည်ဟု တွေးသူတွေးနေလို့ပေါ့။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"တျာတျာ ... ကျွန်တော် ဘယ်အချိန် ပြန်ကြိုပေးရမလဲ"

ကားတံခါးကိုဆွဲဖွင့်ပြီး ကျူရှင်ရှေ့မှာ သူမကိုအဆင်သင့်စောင့်နေသော ဇကရီ့ဆီ တျာ့ခြေလှမ်းတွေ ဦးတည်နေစဉ်တွင် နောက်မှသူ့ရဲ့အသံကြောင့် ပြန်လှည့်ကြည့်လိုက်သည်။





"ဒီနေ့ တျာ သွားစရာရှိလို့ ပြန်လာမကြိုပါနဲ့"

"အန်တီနုကိုရော ပြောပြီးပြီလား တျာတျာ"

သူက တျာ့စကားကို အတွန့်တက်လိုက်တာမို့ တျာ ခံပြင်းသွားသည်။

"ရှင်နဲ့ ဘာဆိုင်လို့လဲ၊ ကိုယ့်တာဝန်ပဲ ကိုယ်လုပ်ပါ ကိုနေဇော်"

နေဇော် ယဲ့ယဲ့လေး ပြုံးလိုက်သည်။ ပြီးတော့ သူမစကားကို ပြန်ချေပလိုက်တာမို့ သူမ ဒေါဖောင်းသွားသည်။

"ကျွန်တော့်တာဝန်က ဒီနေ့ တျာတျာ့ကို အကြိုအပို့လုပ်ပေးဖို့လေ၊ အန်တီနုကိုမေးပြီး ကျူရှင်ဆင်းတဲ့အချိန် ကျွန်တော် ဒီမှာပဲ စောင့်နေလိုက်ပါ့မယ်"

ကားကိုကွေ့ပြီး ပြန်မောင်းထွက်သွားသော ဒရိုင်ဘာကို တျာ ခါးထောက်ရပ်ကြည့်ကျန်ခဲ့သည်။

"တျာတျာ ဘာဖြစ်တာလဲ"

ဇကရီက တျာတျာ့အနားလာပြီး ခပ်တိုးတိုး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုမှရောက်လာတဲ့ ဒရိုင်ဘာ အစုတ်ပလုတ်ပေါ့၊ ဒီနေ့ ကျူရှင်ပြီးရင် ပန်းဆိုးတန်းဘက် စာအုပ်သွားရှာမလို့ လာမကြိုခိုင်းတာကို ကျူရှင်ဆင်းတာနဲ့ လာစောင့်နေမယ်တဲ့လေ၊ လာမကြိုခိုင်းတာ ကြီးကြီးနုကို အသိပေးပြီးပြီလားလို့ ကျုပ်ကိုတောင် ပြန်မေးသွားလိုက်သေးတယ်"

"ဟဲ့ ... အဲဒါ ဘာစိတ်ဆိုးစရာလဲ၊ သူ့အလုပ် သူလုပ်တာပဲဟာ၊ နင် ကြီးကြီးနုကို အသိပေးထားရင် သူလည်း လာမကြိုတော့ဘူးပေါ့"

"မဟုတ်ဘူး၊ သူက အရင်ဒရိုင်ဘာနဲ့ နည်းနည်းမှကိုမတူဘူး၊ ပြီးတော့ ဖိုးတိကျလေ၊ မနက်ခုနစ်နာရီအတိဆိုတာနဲ့ အိမ်ရောက်နေပြီ၊ ကျောင်းပို့အချိန်အတိ၊ ကျောင်းကြိုချိန်အတိနဲ့ ကြီးကြီးနုတို့ ကြီးကြီးစုတို့ကို ကျိုးနွံလိုက်တာလည်း ပြောမနေနဲ့"

"ဘာဖြစ်လဲ တျာတျာရဲ့၊ ကောင်းတာပေါ့၊ ဒီခေတ်ကြီးထဲမှာ ဒီလိုအလုပ်သမားမျိုးရတာ ကြီးကြီးနုတို့ ကံကောင်းတာပေါ့"





"အေး ... ကံကောင်းတာကနောက်၊ ကျုပ် ဖုန်းဆက်လိုက်ဦးမယ်၊ တော်ကြာ ဖိုးတိကျက ကျူရှင်ရှေ့လာစောင့်နေဦးမယ်"

တျာတျာက ကြီးကြီးနု ဖုန်းနံပါတ်ကိုနှိပ်ပြီး ဒီနေ့ စာအုပ်ဝယ်စရာရှိသည်ဟု ဆိုကာ အကြောင်းပြချက် ပေးနေသည်။

"ဘာပဲပြောပြော သူက ချောတာတော့ တော်တော်ချောတာပဲ၊ ရည်လည်း ရည်မွန်ပုံရတယ်၊ ကတိတည်သစ္စာရှိမယ့်ပုံ"

"ဧကရီ ... ယောက်ျားတွေကို အပေါ်ယံမကြည့်နဲ့လေဟာ၊ ပြီးတော့ သူ့ကို စိတ်နဲ့တောင်မပြစ်မှားပါနဲ့"

"ဘာဖြစ်လို့လဲ တျာတျာရဲ့"

ဧကရီက တျာတျာ့ပခုံးလေးကို ဖက်လျှောက်လာရင်း ရယ်ဟဟာနှင့် မေးလိုက်သည်။

တျာတျာက ဧကရီ့အမေးကို ပြန်မဖြေပါ။ တျာတျာ့မျက်ဝန်းထဲတွင် နှစ်လိုဖွယ်ကောင်းသော မိုးလူရဲ့ပုံရိပ်ကို မြင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်နေမိသည်။ ပြီးမှ သက်ပြင်းလေးလေးပင်ပင် ချလိုက်ကာ တီတိုးရေရွတ်လိုက်သည်။

"ရှင့်အတွက် အားကြိုးမာန်တက် တိုက်ပွဲဝင်နေတဲ့ လူ တစ်ယောက် ရှိနေတာကို မမေ့စေချင်ဘူး"

♥ ○ ♥





## ၁၄

နီတျာတျာတို့ ကန်တင်းထဲ မဝင်လာခင်ကတည်းက ကြိုရောက်နေသော မိုးလှုအနားမှာ ကျောင်းသားတွေ တရုန်းရုန်းနှင့် နီတျာတျာ မေးထားသော မေးခွန်းတွေကို မိုးလှု ဘယ်လို အဖြေထုတ်လိုက်လဲ မေးမြန်းကြည့်ရှုသူတွေနှင့် စည်ကားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကန်တင်းထဲ လှမ်းဝင်လာသော အရိပ်လေးနှစ်ခုကြောင့် မိုးလူ လှမ်းကြည့်လိုက်သည်။

ခေါင်းလျှော်ပြီးစ တျာတျာ့ဆံပင်လေးတွေကတောက်ပြောင်သော ပိုးသားစ,လေးတွေနှယ် လေအဝေ့မှာ တဖျပ်ဖျပ်ခါ၍လှုပနေသည်။ ခရမ်းရင့်ရောင် အကျီလက်ရှည်ရင်ဖုံးနှင့် ခရမ်းရောင် အပွင့်အခက် အနွယ်လေးတွေပါသော ထဘီဝတ်ထားသော သူမခန္ဓာကိုယ်အချိုးအစားက ဘေးမှယှဉ်၍ ကပ်ပါလာသူ မေကေရီနှင့် ယှဉ်လိုက်လျှင်တော့ ပိန်ကပ်ကပ် ပြားချပ်ချပ်နှင့် ဆွဲဆောင်မှု မရှိလှသော်လည်း သူမက သူ့မျက်ဝန်းထဲမှာတော့ တော်တော်ကို ကြည့်လို့ကောင်းလှသည်။

"ကျွန်တော် ကေရီ့အတွက် ကော်ဖီမစ် မှာထားပေးတယ်၊ ခင်ဗျားအတွက်ရောပဲ"

တျာ့ရှေ့သို့ ကိုကာကိုလာအချိုရည်ဘူးလေး သူထိုးပေးလိုက်သည်။ မိုးလူ ဆိုသည့်သူက သိပ်တော့မဆိုးလှပါ။ ကေရီ့မျက်ဝန်းတွေကို တျာ အဖြေရှာဖို့ ခဏခဏကြည့်ဖြစ်သည်။ ကေရီ မိုးလူကို စိတ်ထဲမှာထည့်ထားပြီလားလည်း သူမ သိချင်လို့နေသည်။





မိုးလူက တခြားယောက်ျားတွေနဲ့မတူ ဣန္ဒြေရသည်။ မေးခွန်းတွေကိုပဲ အာရုံစိုက်သည်။ ကေရီ့မျက်နှာကိုမြင်ရ၊ ကေရီနဲ့တစ်ဝိုင်းတည်းထိုင်ရပြီးရောဆိုသည့် သဘောမျိုးနှင့် မေးခွန်းလာဖြေသော အရင်ကယောက်ျားလေးတွေနဲ့ တစ်စက်မှမတူပါ။

"ကျွန်တော် ပုံပြင်ကို ဆက်ပြောမယ်နော် နီတျာတျာ"

တျာတျာက ခေါင်းအသာညိတ်ပြလိုက်သည်။ သူဖြေတဲ့အဖြေ မှန်မမှန် ဂရုစိုက်လို့ နားထောင်နေသည်။ သူ့အဖြေမမှန်ခဲ့ရင် သူ ရှုံးရမှာပဲလေ။

"ငပုလေးက စိတ်ထဲကနေ အကြိမ်ကြိမ် အခါခါကိုတွက်ချက်နေတာပေါ့၊ သူ နမော်နမဲ့နိုင်လို့ အတွက်မှားသွားတာနဲ့ တစ်အိမ်လုံးရှိသမျှလူတွေ အစားခံရမှာလေ။ ဒီလိုနဲ့ အဖြေကို အပြန်ပြန်အခါခါတွက်ပြီး သေချာပြီဆိုတော့မှ အဖြေပေးလိုက်တော့တယ်"

တျာတျာက သူ့စကားကြောင့် ပြုံးတုံ့တုံ့လေးဖြစ်သွားသည်။ ပုံထဲကလိုပဲ သူလည်း အပြင်မှာ မှားတွက်မိရင်ရှုံးရမယ်ဆိုတာ သိပါတယ်လို့ တျာ့ကို သွယ်ဝိုက်ပြီး ပြောနေတာမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်ဇယားအမှန်က ဖြစ်နိုင်ချေနှစ်ခု ရှိနေတယ်၊ ပထမတစ်ခုက ဂူသန့်ရှင်းရေးလေးကြိမ်၊ အစာရှာထွက်နှစ်ကြိမ်၊ ကင်းစောင့်လေးကြိမ်နဲ့ ထိန်းသိမ်းတာ သုံးကြိမ်၊ ဒုတိယတစ်ခုက ဂူသန့်ရှင်းရေးငါးကြိမ်၊ အစာရှာထွက်နှစ်ကြိမ်၊ ကင်းစောင့် ငါးကြိမ်နဲ့ ထိန်းသိမ်းတာကတစ်ကြိမ်ပဲ ...

ဒီတော့ အကြိမ်အရေအတွက်မှန်အောင် မလုပ်ကြတဲ့ တာဝန်က ကင်းစောင့်တဲ့တာဝန်ပဲ၊ ပြီးတော့ တစ်ယောက်ချင်းစီ ထမ်းဆောင်ရမယ့် တာဝန်လေးခုအတွက် အကြိမ်စုစုပေါင်းက ဆယ့်သုံးကြိမ်ပဲလို့ ဖြေလိုက်တယ်"

မေဇကရီက လက်ခုပ်ထ,တီးတာမို့ တျာတျာ မျက်စောင်းလေး ဝင့်ကြည့်လိုက်သည်။

"ဘီလူကြီးက 'ဟုတ်ပါပေတယ် မောင်ရယ်၊ တကယ်ဆိုတော့ မင်းကို စားရအောင်လို့ ငါက အဖြေနှစ်ခုထားထားပေးတာ၊ အဖြေတစ်ခုကိုပဲ မင်း အလောသုံးဆယ်နဲ့ ဖြေခဲ့မယ်ဆိုရင် အခုလောက်ဆို မင်း ငါ့ပါးစပ်ထဲရောက်နေလောက်ပြီလို့ ပြောလိုက်တယ်၊ ဘီလူးကြီးက တကယ်တော့ ငပုလေးကို လျှော့တွက်ခဲ့တာကိုး"





ဒီတစ်ခါမှာတော့ တျာတျာ့မျက်စောင်းက မိုးလူဆီ တိတိကျကျ ရောက်ရှိသွားသည်။ မိုးလူက တျာတျာရဲ့မျက်စောင်းလေးကို အသာအယာ နှလုံးသားစာမျက်နှာပေါ်မှာ တင်ထားလိုက်သည်။

"ဒီလိုနဲ့ ဘီလူကြီးဟာ စိတ်ဓာတ်ကျကျနဲ့ အဲဒီအိမ်ကနေထွက်ခွာသွားတော့တာပေါ့။ မိုးစင်စင်လင်းတဲ့အခါ အိမ်ရှင်အမျိုးသမီးကြီးက ငပုလေးကို ချီးကျူးပြီး ကျေးဇူးတင်ကြောင်း ပြောတော့တာပေါ့။ ငပုလေးကလည်း သူတို့ကို အိမ်မှာတည်းခိုနေထိုင်ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ပြောပြီး အဲဒီအိမ်လေးကနေ သူ့အစ်ကိုတွေနဲ့အတူထွက်ခွာလာခဲ့တယ်"

မိုးလူက သူ့နောက်ကျောမှာရပ်နေသော ကျောင်းသားတစ်ယောက်ကို မော့ကြည့်လိုက်သည်။ ဒီကောင့်လက်ထဲမှာ ဖုန်းတစ်လုံး၊ ဖုန်းနဲ့ သူ့ပုံပြင်ကို အသံဖမ်းနေတာပဲဖြစ်မည်။ ဘာပဲဖြစ်ဖြစ် နီတျာတျာနဲ့ သူရဲ့ပြိုင်ပွဲကို တစ်ကျောင်းလုံးက စိတ်ဝင်စားကြသလို၊ မေးခွန်းတွေကိုလည်း ဖြေကြည့်ဖို့ စိတ်အားထက်သန်နေကြသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ရာရောက်တော့ ပန်းသီးတစ်ပင်ကို တွေ့တာနဲ့ ငပုလေးတို့ ညီအစ်ကိုတစ်စု ပျော်သွားကြပြီး ပန်းသီးပင်ဆီ ပြေးလွှားသွားကြတာပေါ့။ ဒါပေမဲ့ ပန်းသီးပင်ခြေရင်းလည်းရောက်ရော ဖြူနီးခနဲဆို အဘိုးအိုတစ်ဦး ပေါ်လာပြီး ပန်းသီးပင်ပေါ်တက်မယ့် သူတို့ညီအစ်ကိုတွေကို တားဆီးတော့တယ် ...

'ဟေ့ကောင်တွေ ... ငါက ဒီပန်းသီးပင်ရဲ့အစောင့်ပဲ၊ ငါ့ပန်းသီးတွေကို စားချင်တိုင်း စားလို့မရဘူး၊ ငါ့ပန်းသီးကို စားချင်ရင် ငါမေးတဲ့မေးခွန်းတွေကို ဖြေနိုင်မှစားခွင့်ရှိမယ်'တဲ့။ ငပုလေးက 'ဩော် ... ဒုက္ခပါပဲ၊ ဒီတစ်တောလုံး ဘယ်လိုများဖြစ်ကြပြီလဲ မသိဘူး၊ ငါသာ ငနံ့အေတစ်ယောက်သာဆိုရင် အခုချိန်လောက်ဆို အသက်တောင်ရှိတော့မှာ မဟုတ်ဘူးလို့ ညည်းတွားနေတယ်"

နားထောင်နေကြသော ကျောင်းသားကျောင်းသူအားလုံး ပြုံးစိစိ ဖြစ်သွားကြသည်။ တျာတျာကတော့ လိုရင်းကို မပြောဘဲ သူမကို စောင်းမြောင်းထေ့ငေါ့နေသော သူ့စကားတွေကို နည်းနည်းတော့ အမြင်ကတ်နေမိသည်။





"ဘယ်လိုလဲဟေ့ကောင် ဖြေမှာလားလို့ အဘိုးကြီးက စိတ်မရှည်လက်မရှည် မေးလိုက်တယ်၊ မေးမယ်ဆိုလည်း မေးဗျာ၊ ကျွန်တော်တို့ တော်တော်ဆာလှပြီလို့ ငပုလေးက စိတ်တိုတိုနဲ့ ပြောလိုက်တယ် ...

ဒီလိုကွ ... တစ်နေ့မှာ ငါ့ပန်းသီးပင်ခြေရင်းမှာ မျောက်ငါးကောင်နဲ့ လူငါးယောက် ရောက်လာကြတယ်၊ လူတွေက ပန်းသီးစားချင်ပြီး မျောက်တွေကတော့ ဒီကနေအနောက်စူးစူးမှာရှိတဲ့ ငှက်ပျောတောထဲက ငှက်ပျောသီးတွေကို စားချင်ကြတယ် ...

ငှက်ပျောတောစောင့်တဲ့ နတ်သမီးက ပန်းသီးနှစ်လုံးပေးမှ အထဲကိုဝင်ခွင့်ပြုမှာမို့ မျောက်တွေက ဒီပန်းသီးပင်အောက် ရောက်လာကြတာပေါ့၊ ဒီတော့ ငါ့မှာ လူနဲ့မျောက်ကို ဟောဟိုမှာတွေ့ရတဲ့ လုံးချောသစ်ပင်မှာ အမှတ်အသားတစ်ခုလုပ်လို့ ပြိုင်တက်ခိုင်းတယ် ...

မျောက်ဆိုတဲ့အမျိုးဟာ သစ်ပင်တက်ကျွမ်းတာမှန်ပေမယ့် ငါ့သစ်ပင်အောက်ရောက်လာတဲ့ မျောက်ငါးကောင်ကတော့ အားအင်ကုန်ခန်းနေလို့ လူနဲ့မခြားပါပဲ၊ ငါက



www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စုနှစ်စုအတွက် ပြိုင်ပွဲစည်းကမ်းချက်တွေ ထုတ်ပေးထားတယ်၊ လူအုပ်စုကို A လို့ ထားလိုက်ပြီး မျောက်အုပ်စုကို B လို့ထားလိုက်တယ်၊ ဒီမှာ ပြိုင်ပွဲစည်းကမ်း”

| A (လူ) | B (မျောက်) |
| --- | --- |
| ငါးယောက်စလုံးနိုင်ရင် | ငါးကောင်စလုံးနိုင်ရင် |
| ပန်းသီးငါးလုံးရ | ပန်းသီးလေးလုံးရ |
| ငါးယောက်စလုံးရှုံးရင် | ငါးကောင်စလုံးရှုံးရင် |
| ပန်းသီးသုံးလုံးရ | ပန်းသီးနှစ်လုံးရ |

ငါးယောက်တစ်အုပ်စုလုံး မနိုင်ခဲ့ဘူးဆိုရင် တစ်ယောက်နိုင်ရင် ပန်းသီးတစ်လုံးရကြမှာဖြစ်ပြီး A ဘက်ကနိုင်တဲ့သူတွေက B ဘက်ကရှုံးတဲ့သူတွေကို ပန်းသီးသုံးပုံတစ်ပုံ စိတ်ပေးရမှာဖြစ်သလို B ကနိုင်တဲ့သူတွေက A ကရှုံးတဲ့သူတွေကို ပန်းသီးတစ်ဝက်စီ စိတ်ပေးရမှာဖြစ်တယ်။ နောက်ဆုံးမှာတော့ B အုပ်စုက ငါးကောင်လုံးမရှုံးပဲ ပန်းသီးနှစ်လုံးရသွားတယ်၊ A အုပ်စုက ပန်းသီးဘယ်နှလုံး ရသွားလဲ”

မိုးလူ အကြည့်တွေက နီတျာတျာရဲ့ဆေးမဆိုးထားဘဲ ပန်းရောင်သမ်းနေတဲ့ လက်သည်းကြည်ကြည်လေးတွေဆီ ရောက်





သွားသည်။ သူ့အတွက်တော့ ပုံပြင်တွေကို ဖန်တီးပြီး တျာတျာနဲ့တွေ့ဆုံနေရတဲ့ရက်လေးတွေကို တတ်နိုင်သမျှ ဆွဲဆန့်ထားပစ်ချင်သည်။

“မိုးလူ ... ဒီလိုပဲ နှင်နဲ့သူ အပြန်အလှန် ပြောဆိုလို့ အနိုင်အရှုံးမရှိဘူးဆို ဘာဆက်လုပ်မှာလဲ”

သူငယ်ချင်းမလေးတွေရဲ့အမေးကို သူလည်း ရေရေရာရာ မဖြေတတ်ပါ။

“မိုးလူ ... နောက်ထပ် သုံးကြိမ်၊ သုံးပတ်ပဲ ကျန်တော့တယ်နော်၊ တကယ်လို့ နှင် နီတျာတျာကို နိုင်ခဲ့မယ်ဆိုကေရိုက နှင့်ကို တကယ်လက်ခံမှာလား၊ နှင်ကရော ကေရိုနဲ့ တကယ်လက်တွဲမှာလား”

“ငါမသိဘူး ဝတုတ်မ၊ ငါစဉ်းလည်းမစဉ်းစားဘူး၊ ငါ သူနဲ့ ပုံပြောနေရတဲ့ အချိန်ကာလတစ်ခုကို ပြီးဆုံးမသွားချင်တာ အမှန်ပဲ၊ ဒီဇာတ်လမ်းဖြစ်အောင် နှင်လုပ်ခဲ့တာလေ၊ မြပိုတောက် ... ဘာပဲဖြစ်ဖြစ် နှင့်ကို ငါကျေးဇူးတင်ပါတယ်”

မိုးလူ ထွက်သွားတော့ သူငယ်ချင်းမတွေ မွစိမွစိ လုပ်ကာ ကျန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့် ... သေချာပါတယ်၊ ဒီကောင် နီတျာတျာကို ကြွေသွားပြီ၊ ငါပြောရဲတယ်"

"ဟုတ်ပါ့မလားဟယ်၊ မေကေရီက ဒီလောက်လှတာ"

ပိုးဥက မယုံကြည်တဲ့လေသံနဲ့မို့ မြပိတောက်က အပြတ်နှိပ်ကွပ်လိုက်သည်။

"ကဗျာဆရာမလုပ်မယ့်သူက အဲဒီလောက် ဒုန်းဝေးနေရင် နှင်ရေးတဲ့ကဗျာတွေ ဘာအနှစ်သာရမှ ရှိမှာမဟုတ်ဘူး၊ ကဗျာရဲ့ရသဆိုတာလည်း ဝေလာဝေးပဲ၊ ခုနက သူပြောသွားတာ မကြားဘူးလား၊ နီတျာတျာနဲ့ ပုံပြောနေရတဲ့ အချိန်ကာလတစ်ခုကို ပြီးဆုံးမသွားချင်ဘူးတဲ့လေ"

♥○♥





၁၅

ပိတောက်မြိုင်လမ်းထိပ် ရောက်တာနဲ့ ထုံးစံအတိုင်း ကိုသွေးက ကားပေါ်က ဆင်းသွားသည်။ သူကတော့ ကားမောင်းသူနေရာမှာ ပြောင်းထိုင်ရင်း ကားလေးကိုပြန်ကွေ့လို့ လာလမ်းအတိုင်း ပြန်မောင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသွေးရဲ့ နှုတ်မိမယ်အပေါ်ချစ်တဲ့ ရှုးသွပ်မှုမျိုး သူတစ်ခါမှမမြင်ဘူးခဲ့၊ အင်းလေ… ငယ်ငယ်ကတည်းက မေတ္တာငတ်ခဲ့တဲ့၊ တစ်ယောက်တည်း သီးသန့်နေထိုင်တတ်တဲ့ ကိုသွေးရဲ့ အထီးကျန်ကမ္ဘာအတွက်တော့ အဖော်ကို လိုလားတောင့်တတာ များတာမှ မဟုတ်ခဲ့ပဲ။

"ကိုယ် သူ့အိမ်မှာ အလုပ်သမားတစ်ယောက်အဖြစ်နဲ့ သွားလုပ်နေတာ"

"လိုလို့လား ကိုသွေး၊ ကိုသွေးလို ချောမောပညာတတ်ပြီး အဆက်အသက်က ပြည့်စုံသူအတွက် ဒီလိုအလုပ်မျိုးလုပ်ဖို့ လိုလို့လား"

"ကိုယ်လုပ်စရာ ဒီတစ်နည်းပဲရှိတော့တယ်လေ ညီ၊ သူက ဒါတွေကိုမက်မောတတ်တဲ့ မိန်းကလေးမျိုး မဟုတ်ဘူး၊ ကိုယ်ကလည်း သူ့ရင်ထဲက ပေါက်ဖွားလာမယ့် နူးညံ့တဲ့ အချစ်ပန်းလေးကိုပဲ လိုချင်တာပါ"

"ကိုသွေးကို ဒီလောက် စိတ်ကူးယဉ်တတ်လိမ့်မယ်လို့ ကျွန်တော် မထင်ထားဘူး"





"မင်းရော မိန်းကလေးတစ်ယောက်ကို မချစ်ဖူးဘူးလား၊ မင်းမှာရော ဒီလိုခံစားချက် မရှိဘူးလား"

"ဟင်း"

သူ သက်ပြင်းသဲ့သဲ့ ချလိုက်မိသည်။ အခုအချိန်မှာ ကိုသွေးရဲ့ခံစားချက်ကို အပြည့်အဝ မဟုတ်တောင် တစွန်းတစ တော့နားလည်သွားမိသည်။

ချစ်တဲ့ကောင်မလေးမျက်နှာကို အမြဲမြင်ချင်မိတာ၊ သူ့ရဲ့လှုပ်ရှားမှုနဲ့ အမူအရာလေးတွေကို ငေးကြည့်ချင်နေမိတာ၊ သူ့ရဲ့စကားသံလေးတွေကို ရင်ခုန်စွာနဲ့ နားစိုက်ထောင်နေချင်မိ တတ်တာလေးတွေဟာ "အချစ်"ဆိုတဲ့ ထူးဆန်းတဲ့ ရောဂါတစ်ခု ကြောင့်ပဲ မဟုတ်လား။

သူလည်း ကောင်မလေးတစ်ယောက်ကို ကိုသွေးလို မြင်မြင်ချင်း ချစ်မိသွားတာမဟုတ်ပေမယ့် တိုတောင်းလှတဲ့ အချိန် ကာလလေးတစ်ခုမှာ စူးနစ်စွာ စွဲလမ်းမိသွားပြီပဲ။

"ငါ မင်းကို ချစ်နေမိပြီ နီတျာတျာ"

သူ အသံထွက်ပြီး ညည်းနေမိသည်။ ကျောင်းတက် ရက်များသည် သူ့အတွက် အဓိပ္ပာယ်ရှိသောနေ့ရက်များ ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ တျာတျာ သိရင် သူ့ကို စိတ်ဆိုးလိမ့်မည်။ ဘာလို့လဲဆို တော့ တျာတျာက သူ မေဧကရီ့အတွက် ပြိုင်ပွဲဝင်ပြိုင်ခဲ့တယ်လို့ တစ်ယူသန် သတ်မှတ်ထားတာကိုး။

♥○♥





၁၆

နီတျာတျာ တစ်ယောက် စိတ်ထဲမှာ နေဇော် ဆိုသည့်လူကို အကြီးအကျယ် မကျေမချမ်း ဖြစ်နေမိသည်။ မနေ့က သူငယ်ချင်းတွေနှင့် junction-8 သို့သွားသည်။ City mart ထဲမှာ မမသွယ်နဲ့အတူ သူ့ကိုရယ်ကာမောကာ တွေ့လိုက်ရသည်။ ပုံစံက တော်တော်ကိုရင်းနှီးကျွမ်းဝင်နေတဲ့ပုံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



မမသွယ်ကို ရှိန်၍ ထိုအကြောင်းကို မဝေဖန်ရဲ။ ကြီးကြီးနုနှင့် ကြီးကြီးစုကလည်း တစ်စိတ်ကို တစ်အိတ်လုပ်တတ်တာမို့ ပြန်မပြောချင်။ သူငယ်ချင်းတွေကလည်း သူ့ကို ဒရိုင်ဘာမှန်းသိသလို မမသွယ်ကိုလည်း တျာ့ရဲ့အစ်မမှန်းသိလို့ ဝိုင်းစပ်စုကြသည်။ ဘယ်လောက် ရှက်စရာကောင်းလိုက်လဲ။

"တျာတျာ မျက်နှာလည်း မကောင်းပါလား၊ နေမကောင်းဘူးလား"

နောက်ကြည့်မှန်မှ နောက်ခန်းမှာ မကြည့်ရပ်နှင့်ထိုင်နေသော တျာ့ကို သူက အရင်စကားစ,လာတာမို့ တျာ့အတွက်တော့ အကွက်ရသွားသည်၊

"ဒီမှာ ကိုနေဇော်၊ ရှင်က ဒီအိမ်မှာ ဒရိုင်ဘာတစ်ယောက်နော်၊ အဆင့်အတန်း ခွဲခြားတတ်တဲ့စိတ် ကျွန်မဆီမှာလုံးဝရှိမနေပါဘူး၊ ဒါပေမဲ့ ရှင့်ရုပ်ကလေး ဖန်းပြုပြီးတော့ မမသွယ်ကို ဝင်ရောဖို့တော့ မကြိုးစားပါနဲ့"

"အဟက် ... အဟက်"

တျာတျာ့စကားကြောင့် သူ ထိန်းထားသည့်ကြားမှ ရယ်မောမိသည်။ သူမလေးကြည့်ရတာ မသွယ်နဲ့ သူ့ရဲ့ရင်းနှီးမှု





ကို အလိုတော်တော်မကျသည့်ပုံ။ မသွယ်နဲ့သူက ဟိုးအရင်ငယ်ငယ်ကတည်းက ရင်းနှီးကြတာပဲ။ ဒါကို ဒီကောင်မလေးက ဘာအတွေးတွေ ပေါက်နေလဲ မသိပါ။

"ကျွန်မပြောတဲ့စကားထဲမှာ ရယ်စရာပါနေလို့လား ကိုနေဇော်၊ သူဌေးအိမ်မှာကားမောင်းပြီး သူဌေးသမီးကိုတက်ချိန်တယ်ဆိုတာ ခပ်ညံ့ညံ့ယောကျ်ားတွေရဲ့ ... အဲဒီထက်ပိုပြီး ထင်သာမြင်သာဖြစ်အောင် ပြောရမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတဲ့ ကိုယ့်ဘဝရဲ့တက်လမ်းအတွက် အချစ်ကို ခုတုံးလုပ်ပြီး လှေကားထောင်ချင်နေတဲ့ယောကျ်ားတွေရဲ့ အလုပ်ပါ"

"မင်း ဘာလို့ ကိုယ့်ကို ဘလိုင်းကြီး လာစွပ်စွဲနေတာလဲ"

သူ့အသံထဲမှာ ဒေါသအရိပ်အငွေ့လေးတောင်မပါပါ။

"မျက်လုံးထဲမှာ မြင်တာကို ကျွန်မပြောနေတာပါ၊ မနေ့က မမသွယ်နဲ့ ရှင့်ကို City mart မှာ တွေ့ခဲ့တယ်၊ ရှင် ကားထဲမှာထိုင်စောင့်နေချင်နေ၊ ဒါမှမဟုတ်လည်း ကိုယ့်ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် လျှောက်ကြည့်နေပါလား၊ မမသွယ်နားမှာ ဘာလို့ ကပ်နေရတာလဲ"

"မြင်တာကို တစ်ဝက်ပဲယုံဆိုတဲ့စကား မင်း နားလည်လား နီတျာတျာ"

"ဟင်အင်း ... ကျွန်မကတော့ seeing is believing ပဲ၊ မြင်တာကိုပဲ ယုံတယ်"

"မင်း ငယ်ပါသေးတယ် တျာတျာ၊ မဟုတ်မခံစိတ်ရှိတာ ကောင်းပါတယ်၊ ဒါပေမဲ့ ရိုပ်မှန်းသံမှန်းနဲ့ တစ်ဖက်သတ် ကောက်ချက်ချရင်တော့ မင်းမှားမှာပေါ့၊ အခု မင်းပြောတဲ့ လူဟာ ကိုယ်မဟုတ်တဲ့ တခြားတစ်ယောက်ဖြစ်နေပြီး၊ အခုလို နှစ်ယောက်တည်း ခရီးသွားနေတာဆိုရင် သူ ဒီအတိုင်း မင်းရဲ့စွပ်စွဲမှုတွေကို ငြိမ်ခံနေမယ် ထင်သလား"

"ရှင်"

တျာ ဒေါသတွေ သူ့စကားကြောင့် ပေါက်ကွဲထွက်လာသည်။ သို့သော် ပြန်စဉ်းစားကြည့်ရင် သူပြောတဲ့စကားက အဓိပ္ပာယ်ရှိနေသည်မို့ တျာ နှုတ်ခမ်းနှစ်မွှာကို ခပ်တင်းတင်းစေ့ထားလိုက်သည်။





"မင်း မစိုးရိမ်ပါနဲ့ တျာတျာ၊ မသွယ်ကို ကိုယ် စိတ်နဲ့တောင် မပြစ်မှားပါဘူး၊ ကိုယ့်မှာ သိပ်ချစ်ရတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်၊ သူနဲ့နီးစပ်ဖို့အတွက် ကိုယ်ဒီမှာ လာအလုပ် လုပ်နေတာ၊ သူကလွဲရင် ကိုယ် ဘယ်သူ့ကိုမှ မျက်လုံးထဲတောင် မထည့်ဘူး"

နေဇော့် စကားကြောင့် တျာတျာ လှောင်ရယ်ရယ်လိုက်သည်။

"ဘယ်အချိန်အထိလဲ ကိုနေဇော်၊ ထာဝရလို့တော့ မပြောပါနဲ့နော်၊ လောကကြီးမှာ ထာဝရအချစ်တို့ ထာဝရသစ္စာတို့ဆိုတာ လုံးဝမရှိဘူး၊ အထူးသဖြင့် ရှင်တို့ယောကျ်ားတွေမှာ ပိုမရှိဘူး။ မိဘဆိုတာ သားသမီးကို ထာဝရချစ်ပါတယ်ဆိုတဲ့ စကားတောင် အမြဲမှန်တာမှ မဟုတ်တာ။ ဘာမှမသက်ဆိုင်တဲ့ သူစိမ်းတစ်ယောက်ကို ဘယ်သူက ဘယ်လောက်ချစ်နိုင်မှာလဲ"

သူ တျာတျာ့စကားတွေကို ဘာမှပြန်ချေပမပြောဆိုပါ။ သူမလေးရဲ့ရင်တွင်းဒဏ်ရာကို သူ သိထားပြီးပြီပဲ။ ဖခင်တစ်ယောက်ရဲ့စွန့်ပစ်မှုဒဏ်ကို သူမနုလုံးသားနုနုလေးက ဘယ်ခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာတဲ့လဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူမရင်ထဲမှာ ဘယ်ယောကျ်ားတစ်ယောက်မှ ရှိမနေသေးတဲ့အတွက်တော့ သူ စိတ်အေးနေရပါသည်။ ကိုယ် မင်းကို ဘယ်လောက်ချစ်ခဲ့လဲ၊ ဘယ်အချိန်အထိလဲဆိုတာ တစ်နေ့တော့ သက်သေပြနိုင်မှာပါ တျာ။

♥○♥





၁၇

ဒီနေ့ လွတ်လပ်ရေးနေ့ဖြစ်သလို ကြားရက် ဗုဒ္ဓဟူးနေ့လည်းဖြစ်တာမို့ တျာ ကျောင်းသွားဖို့လည်းမလိုအပ်၊ ကျူရှင်သွားစရာလည်း မရှိတာမို့ ထုံးစံအတိုင်း ကေရီ့အိမ် ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေရီတို့အိမ်လေးက နေချင့်စဖွယ် တစ်ထပ်တိုက်လှလှလေး။ ပြီးတော့ သီရိဂေဟာလို ခြံဝင်းထဲကို သံမံတလင်းမကိုင်ထားဘဲ အပင်မျိုးစုံကို စနစ်တကျ စိုက်ပျိုးထားတာမို့ ပန်းအိုးထဲမှာ အညောင်းမိတဲ့ တျာ့ရဲ့ပန်းပင်လေးတွေထက်စာရင် ကေရီ့အပင်လေးတွေက ပိုလွတ်လပ်မှုရှိသည်ဟု ထင်သည်။

"လက်ဖက်ခြောက်နဲ့ ဗေဒင်ဟောတာ ရှင်သိလား ကေရီ"

ကေရီတို့အိမ်နောက်ဖေး ဘူးစင်အောက်မှာ စာရွက်တစ်ရွက်နှင့် မိုးလူမေးတဲ့မေးခွန်းကို အဖြေရှာရာမှ ရုတ်တရက်ထမေးသော တျာတျာ့အမေးကို ထုံးစံအတိုင်း ကေရီက ခေါင်းခါပြသည်။

"သိလားလို့ မမေးနဲ့၊ ဘာမှကို မသိဘူး၊ နင်ပဲပေါက်ပေါက်ရှာရှာ သိတယ်"

"အဲဒါပဲ ... စာအုပ်စာပေ လူ့မိတ်ဆွေတဲ့၊ စာအုပ်လေးဘာလေး ဖတ်ပေါ့ ကေရီရယ်၊ တစ်နေ့ တစ်နေ့ ဘာမှမဟုတ်တဲ့ ကိုရီးယားကားတွေနဲ့ နပန်းလုံးနေတော့ ရှင်ဘာသိတော့မှာလဲ"





"စာအုပ်ဖတ်ရင်တောင် နှင့်ကိုလိုက်မီမှာမဟုတ်တာ အမှန်ပဲ တျာတျာ၊ ပြောပါဦး ... လက်ဖက်ခြောက်နဲ့ ဗေဒင်ဟောတာ"

"လွယ်လွယ်လေးပါဟာ၊ ပန်းကန်လုံးအဝိုင်းအဖြူကိုယူ၊ လက်ဖက်ခြောက်ထည့် ပြီးတော့ ရေနွေးထည့်၊ ပြီးရင် မေးမယ့်သူက ရေနွေးသောက်ရမယ်၊ အကုန်တော့ မဟုတ်ဘူး၊ ရေနွေးတစ်ဇွန်းစာတော့ ချန်ထားရမယ်"

"အင်း ... ပြီးတော့ရော"

"ပြီးတော့ ခွက်ကို ညာဘက်ကနေ ဘယ်ဘက်ကို သုံးကြိမ်ပြောင်းပေးရမယ်၊ ပြီးရင် အောက်ခံပန်းကန်ပြားထဲကို ကျန်တဲ့ရေနွေးတစ်ဇွန်းစာကိုသွန်ပြီး ခွက်ကိုပုံမှန်အတိုင်းပြန်ထားလိုက်၊ လက်ဖက်ခြောက်ရွက်တွေကို ကြည့်ပြီး အနာဂတ်ကို ဖတ်လို့ရပြီ"

"ဘယ်လိုဖတ်မှာလဲ"

ကေရီက တျာတျာ့စကားထဲ မျောသွားသည်။

"အရင်ဆုံး လက်ဖက်ရွက်တွေ ဘယ်မှာလဲ ကြည့်ရမယ်၊ ခွက်ထိပ်နားမှာ ရောက်နေရင် မကြာခင်ဖြစ်မယ့်အနာဂတ်



www.burmeseclassic.com

www.burmeseclassic.com



အတွက်၊ အောက်ခြေမှာပဲ ရှိနေရင် ဝေးကွာတဲ့အနာဂတ် အတွက်လို့ ယူဆရမယ်၊ ခွက်လက်ကိုင်နားမှာ ရှိနေရင် တော့ မေးတဲ့သူကိုယ်တိုင်နဲ့ သူ့ရဲ့အိမ်ကိုရည်ညွှန်းတယ်"

"ပြီးတော့ရော"

"ပြီးတော့ လက်ဖက်ရွက်တွေရဲ့ပုံစံကို သေချာကြည့်ရမယ် လက်ဖက်ရွက်တွေက ငှက်တွေနဲ့ လေယာဉ်ပျံပုံ ဖြစ်နေတာ ကိုတွေ့ရင် ခရီးထွက်ရမယ်၊ ငှက်က ကံကောင်းခြင်းရဲ့ နိမိတ်ပဲ၊ ကြက်ခြေခတ်ပုံစံ ဒါမှမဟုတ် မြွေပုံတွေ့ရင်တော့ ကံမကောင်းမှုတွေနဲ့ ရင်ဆိုင်ရနိုင်တယ်၊ ကလေးပုံဆိုရင် တော့ မေးသူမှာ သောကနည်းနည်းရှိလာလိမ့်မယ်၊ လေ့ကား နဲ့ ကြယ်တွေတွေ့ရင်တော့ မေးသူရဲ့အိပ်မက်တွေ အကောင် အထည်ပေါ်မယ့်နိမိတ်ပဲ၊ ပန်းသီးကိုမြင်ရင်လည်း ဒီလိုပဲ အဟောအတူတူပဲ"

"ဆိုးတော့ မဆိုးဘူးပဲ"

"ကျန်သေးတယ်လေ၊ စိန်ကိုမြင်ရင် ပိုက်ဆံတွေမျှော် လင့်ပဲရမယ်၊ ဒါပေမဲ့ တိမ်တွေကိုမြင်ရင်တော့ ငွေကြေး ပြဿနာတက်နိုင်တယ် ..."





အချစ်နဲ့ပတ်သက်ရင်တော့ လကိုဖြစ်ဖြစ် လှောင် အိမ်ကိုဖြစ်ဖြစ် မြင်ရင် ကံကောင်းမယ်၊ လက အချစ်ကို ကိုယ်စားပြုပြီး လှောင်အိမ်ကတော့ လက်ထပ်ခြင်းကို ဆိုလိုတယ်"

"ဟယ် ... ငါ လုပ်ကြည့်မယ်၊ အခုလုပ်ကြည့်မယ်"

"နေပါဦး၊ ငါပြောတာ ဆုံးအောင်နားထောင်ပါဦး၊ သစ်ပင် နဲ့စာအုပ်ကတော့ ကံကောင်းခြင်း အမှတ်အသားတဲ့၊ သစ် ပင်က အသက်ရှည်ကျန်းမာခြင်းကို ကိုယ်စားပြုပြီး ဖွင့်ထား တဲ့စာအုပ်ကတော့ သတင်းကောင်းကို ဖော်ပြတယ်၊ မျက် မှန်ကိုတွေ့ရင် ပျော်ရွှင်အံ့ဩစရာကောင်းတဲ့ကိစ္စတွေ ကိုယ့် ဘဝမှာဖြစ်လာလိမ့်မယ်တဲ့"

တျာ့စကားဆုံးတာနဲ့ ကေရီက အိမ်ထဲပြေးဝင်သွား ပြီး ရေနွေးအဖြူရောင်ဘူးတစ်လုံးနဲ့ လက်ဖက်ခြောက်ပုလင်းကို ယူလာသည်။ ပြီးတော့ သောက်ပြီးသား ကော်ဖီခွက်ကို ရေနွေး နဲ့ကျင်းပြီး တျာတျာ ခိုင်းသည့်တိုင်း တစ်ဆင့်ပြီးတစ်ဆင့် လုပ် ကြည့်နေသည်။

"ဟယ် ... တျာတျာ၊ လက်ဖက်ရွက်တွေကိုကြည့်စမ်း၊ လနဲ့တူမနေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က လကမှာလဲ ဝိုင်းမှမဝိုင်းဘဲ၊ သစ်ပင်နဲ့တူတာ မဟုတ်ဘူးလား"

နှစ်ယောက်သား လက်ဖက်ရွက်တွေကို ကြည့်ပြီး ငြင်းခုန်နေကြသည်။

"ရှင် တော်တော်လဖြစ်စေချင်နေတယ် ဟုတ်လား"

တျာတျာက သက်မကင်းအကြည့်နှင့် ကေရီ့ မျက်နှာကို ခပ်စူးစူးစိုက်ကြည့်လိုက်သည်။

"ဟုတ်တယ် တျာတျာ၊ ငါ အခု လူတစ်ယောက်ကို အရမ်းစိတ်ဝင်စားနေတယ်"

"ဟင် ... သူက ဘယ်သူလဲ မိုးလူလား၊ ရှင်နဲ့ကျုပ် တစ်ချိန်လုံး အတူရှိနေတာ၊ ဘယ်အချိန်မှာ ဘယ်သူ့ကို စိတ်ဝင်စားသွားရတာလဲ"

"ဟင်း ... ကြောက်လိုက်တာ တျာတျာရယ် ဖြည်းဖြည်း ပြောပါ၊ ဒါက နှလုံးသားကိစ္စလေ၊ လူက တျာတျာ့အနားမှာ ရှိနေပေမယ့် တစ်စုံတစ်ယောက်ကတော့ ကေရီ့ရင်ထဲမှာ ရှိနေချင် ရှိနေမှာပေါ့"

"ကေရီ ... သူ ဘယ်သူလဲလို့ ကျုပ်မေးနေတယ်လေ"





တျာတျာ့အသံက မာဆတ်နေသည်။

"ရှင် သဘောတူမှာပါ တျာတျာ၊ သူက သဘောလည်း ကောင်းတယ်၊ တော်လည်းတော်တယ်၊ ချောလည်းချော တယ်"

တျာတျာက ဘေးနားမှာချထားသော စလင်းဘတ် အိတ်ထဲသို့ စာရွက်တစ်ရွက်နဲ့ ဘောလ်ပင်ကိုထည့်ပြီး ထပြန်ဖို့ ပြင်ဆင်နေသည်။

"တျာတျာ ... နှင် ငါ့ကို စိတ်ဆိုးသွားတာလား၊ စိတ်မဆိုးပါနဲ့ တျာတျာ၊ နှင်နဲ့ငါ့ကြားမှာ လျှို့ဝှက်ချက်ဆိုတာ ဟိုးအရင်ကတည်း မရှိခဲ့ပါဘူး၊ ငါပြောရင် နှင် ပိုပြီး ငါ့ကို စိတ်တိုသွားလိမ့်မယ်၊ ငါ မပြောနိုင်တာက ငါက သူ့ကို တစ်ဖက်သတ် ချစ်နေရလို့ပါ"

"ဘာ ... ဘာ ... နှင် ဘာပြောလိုက်တယ်"

"ဟုတ်တယ် တျာတျာ၊ နှင် ငါ့ကို စိတ်ဆိုးသွားမှာ ငါသိတယ်၊ ဘာလို့လဲဆိုတော့ နှင်က ငါ့ကို အရမ်းတန်ဖိုးထားတယ်လေ၊ ငါလည်း တစ်နေ့မှာ ငါ့လို မိန်းမမျိုးက ယောကျ်ားတစ်ယောက်ကို အရင်စ,စိတ်ဝင်စားလိမ့်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



မထင်မိဘူး၊ သူ ဘယ်သူလဲလို့ နင် ဘယ်လောက်မေးမေး ငါ ပြောပြနိုင်မှာမဟုတ်ဘူး တျာတျာ၊ အမှန်အတိုင်းပြော ရရင် ငါ နင့်ကိုရှက်နေတယ် တျာတျာ”

“ဒါဆို ကျုပ်တို့နှစ်ယောက်ရဲ့ ခင်မင်မှုဆိုတာ ဘာလဲ၊ ရှင့်အတွက် ကျုပ်ကြိုးစားထားတာတွေကရော ဘာအဓိပ္ပာယ် မှ မရှိတော့ဘူးပေါ့”

“ဒီလိုလည်း မဟုတ်ပါဘူး တျာတျာ၊ ငါ ...”

တျာ စလင်းဘတ်ကိုလွယ်ပြီး ကေရီ့ရှေ့ကထွက်လာခဲ့သည်။ ကေရီ့ရင်ထဲမှာရှိနေတဲ့သူက ဘယ်သူလဲ။ မပြောပြဘူးဆိုမှ တျာ ပိုလို့သိချင်နေသည်။

♥○♥





## ၁၈

“ဆောရီးဗျာ ... ကျွန်တော် နောက်ကျသွားတယ်၊ ကျူတိုရီယယ်ဖြေနေရလို့ပါ”

ကမန်းကတန်း ခပ်သုတ်သုတ်ဝင်ပြီး ထိုင်လိုက်တဲ့ မိုးလူကိုကြည့်ပြီး တျာတျာ မသက်မသာ သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကေရီလုပ်ပုံနှင့် သူတို့ရဲ့ပြိုင်ပွဲက ဘာအနှစ်သာရမှ မရှိတဲ့ ပြိုင်ပွဲအညွှင် ပြောင်းသွားရပြီလား။

မိုးလူက ဒီပြိုင်ပွဲမှာနိုင်ဖို့ ဘယ်လောက်အားခဲထားသလဲ၊ တျာကရော တျာကြည့်မရတဲ့သူ့ကို ဧကရီ့နားရောက်မသွားအောင် ဘယ်လောက်ကြိုးစားခဲ့ရလဲ။ နောက်ဆုံးတော့ ဘာမဆိုင် ညာမဆိုင် လူတစ်ယောက်က ဘာမှအားထုတ်စရာမလိုဘဲ ဧကရီ့နားကို ရောက်သွားရမှာလား။

ကျောပိုးအိတ်ထဲကတစ်ရှူးတစ်ခုကိုထုတ်ပြီး မျက်နှာပေါ်ကချွေးဥလေးတွေကို သုတ်နေသော မိုးလူဆီ တျာ အကြည့်ရောက်သွားသည်။ ပြီးတော့ သူမဘေးနားမှာ ကျောက်ရုပ်ပမာ ထိုင်နေသော ဧကရီ့ကို မသိမသာ အကဲခတ်လိုက်မိသည်။ တောက်ပမှုတစ်ခု၊ ရွှန်းလက်စွာ တောက်ပမှုတစ်ခုကို ဧကရီ့ မျက်ဝန်းတွေထဲမှာ တျာ ရှာတွေ့သွားသည်။

တျာ ညစ်ကျယ်ကျယ် တစ်ချက်ပြုံးလိုက်သည်။ ဒီမိန်းမ မိုးလူကို စိတ်ဝင်စားနေတာပဲ။ ဘာပဲဖြစ်ဖြစ် တျာကတော့ အရှုံးမပေးနိုင်ပါ။ မိုးလူမှာ အရည်အချင်း အစစ်အမှန်ရှိရင်တော့ တျာ သူတို့နှစ်ယောက်ကို ဆုံစည်းခွင့်ပေးလိုက်မည်။





"ကျွန်မ ပြောလို့ရပြီလား ကိုမိုးလူ"

သူက တျာ အဖြေရနိုင်သည်ဟု ကြိုသိထားပုံရပြီး ရှေ့ကရေသန့်ဘူးကို ဖွင့်နေရင်း ခေါင်းညိတ်ပြလိုက်သည်။

"B က ပန်းသီးနှစ်လုံးရရင် A က ပန်းသီးလေးလုံးရသွားတာပေါ့။ A က သုံးယောက်နိုင်လို့ ရလာတဲ့ပန်းသီးသုံးလုံးကို B ကရှုံးတဲ့နှစ်ယောက်ကို တစ်ယောက်ကို သုံးပုံတစ်ပုံစီ စိတ်ပေးလိုက်တော့ A မှာ ပန်းသီးတစ်လုံးပဲကျန်မယ်။ A ကရှုံးတဲ့ နှစ်ယောက်က B ကနိုင်တဲ့ သုံးယောက်လုံးစီက တစ်ယောက်ကို ပန်းသီးတစ်ဝက်စီရတော့၊ ပန်းသီးသုံးလုံးရသွားတယ်၊ အဲဒီတော့ A ကပန်းသီးလေးလုံးရသွားတာပေါ့ ..."

ဒါနဲ့ပဲ ငပုလေးက A ကလည်း သုံးယောက်နိုင် နှစ်ယောက်ရှုံး၊ B ကလည်း သုံးယောက်နိုင် နှစ်ယောက်ရှုံးပါပဲ၊ စည်းကမ်းမတူလို့ B က နှစ်လုံးရပြီး၊ A က လေးလုံးရသွားတာပါလို့ ပြောလိုက်ရင်ပဲ ပန်းသီးပင်စောင့် အဘိုးအို ပျောက်သွားတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တျာတျာ ညကအိပ်ရေးပျက်ထားတယ် မဟုတ်လား၊ တျာတျာ့မျက်တွင်းတွေ နည်းနည်းချောင်သွားတယ်"

အဆက်အစပ်မရှိ ပြောလိုက်တဲ့ သူ့စကားတွေထဲမှာ နွေးထွေးမှုတွေ ပျော်ဝင်နေသလိုပင်။ ရုတ်တရက် တျာ ဧကရီ့ကို အားနာသွားသည်။ ဒီလူကလည်း ဘာလို့ သူများပြောတဲ့ပုံပြင်ကို စိတ်ဝင်တစား နားမထောင်ဘဲ မဆိုင်တာကို ဝင်ပြောသလဲ မသိပါ။

မြပိတောက်နှင့် ပိုးဥကတော့ လူမမြင်ကွယ်ရာမှာ ရှိသည့် ခြေထောက်တွေကို အသုံးပြုလို့ မိုးလူရဲ့ဟာန်ချက်ပျက်သွားသော နှလုံးသားကို မိသွားပြီဆိုသည့် သဘောမျိုးနှင့် တစ်ယောက်နှင့်တစ်ယောက် ဒူးချင်းတိုက်နေကြသည်လေ။

"ဟုတ်တယ် ကိုမိုးလူ၊ တျာ အိပ်ရေးပျက်တဲ့ညတွေ များခဲ့ပြီလေ၊ ကိုမိုးလူကို အလဲထိုးနိုင်မယ့်မေးခွန်းမျိုး စဉ်းစားရလွန်းလို့ ဆံပင်တွေတောင် ဖြူကုန်ပြီလားမသိဘူး၊ စာအုပ်တွေ ဖတ်ရလွန်းလို့ မျက်စိလည်း တော်တော်အားနည်းနေလောက်ပြီ၊ သူက ကျွန်မကို လူတစ်ယောက်လက်ထဲ လွယ်လွယ်ထည့်ပေးချင်တာ မဟုတ်ဘူး"





ဧကရီ့လေသံတွေထဲမှာ ငေါ်သံလေးတွေ ပါနေသည်ဟု တျာ ယူဆလိုက်သည်။ ဧကရီရဲ့စကားက ဘာအဓိပ္ပာယ်လဲ။ မိုးလူရဲ့ တျာ့အပေါ် ဂရုတစိုက်ရှိမှုအပေါ် သဝန်တိုသွားတာလား။

"ကဲပါ ... ပုံပြင်ကို ဆက်ပြောကြတာပေါ့၊ ကျွန်မပုံပြောနေတဲ့အချိန်မှာ စကားဖြတ်မပြောပါနဲ့ ကိုမိုးလူ။ ရှင့်နားထဲရောက်အောင် နားထောင်ပါ၊ ပုံပြင်တစ်ပုဒ်ကို အကြောင်းအကျိုးဆီလျော်အောင် ဖန်တီးဖို့ဆိုတာ လွယ်တာမဟုတ်ဘူးဆိုတာ ရှင်လည်း သိပါတယ်"

"ဟုတ်ကဲ့ တျာတျာ၊ ကျွန်တော် တောင်းပန်ပါတယ်"

မိုးလူရဲ့ ရိုကျိုးမှုအတွက် မြပိတောက်နဲ့ ပိုးဥတို့ ဒူးထပ်တိုက်လိုက်ပြန်သည်။ ဒီတစ်ခါ နှစ်ယောက်စလုံး နာသွားတာမို့ မျက်နှာရှုံ့မဲ့နေကြသော်လည်း အသံတစ်သံမှ မထွက်ရဲကြ။

"ဒါနဲ့ပဲ သူတို့ညီအစ်ကို ခုနစ်ယောက်ဟာ ပန်းသီးပင်ပေါ် အလုအယက်တက်ပြီး ပန်းသီးတွေကို စားကြရတာပေါ့၊ တဖြည်းဖြည်းနဲ့ နေဝင်လာတဲ့အခါ ငပုလေးက ခိုနားဖို့ နေရာကို လိုက်ရှာတော့တာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းမှာ ကြီးမားတဲ့ဂူကြီးတစ်လုံးကိုတွေ့တော့ သူတို့ခုနှစ်ယောက် ဝမ်းသာပျော်ရွှင်သွားပြီး ဂူကြီးထဲကို ဝင်သွားကြတာပေါ့၊ သူတို့ဝင်သွားတဲ့ ဂူကြီးဟာ တကယ်တော့ မှော်ဆရာကြီးတစ်ယောက်ရဲ့ ဝက်ပါနည်းနဲ့ စီရင်ထားတာဖြစ်ပြီး ဝင်ပြီးရင် ပြန်ထွက်လို့ရရိုး ထုံးစံမရှိဘူးတဲ့"

မိုးလှူ အကြည့်တွေက တျာ့ဆီမှာပဲ ရှိနေကြသည်။ တစ်စုံတစ်ခုကို တွေးတောမိစဉ်တွင် တျာတျာ သွေးပျက်မတတ် တုန်လှုပ်သွားသည်။ သူ့ရဲ့ဦးတည်ချက်က ဇေကရီ မဟုတ်ခဲ့ရင် တျာ မျက်စိကို စုံမှိတ်ထားလိုက်သည်။ တျာ ဇေကရီနဲ့ပြဿနာ မတက်ချင်ပါ။ စိတ်ဝမ်းမကွဲလိုပါ။

"ဘာဖြစ်လို့လဲ တျာတျာ၊ ခေါင်းမူးနေလို့လား၊ တျာတျာ အဆင်မပြေရင် နောက်နေ့မှ ဆက်ပြောလေ"

ပျာပျာသလဲ အကဲပိုနေသော မိုးလှူရဲ့စကားနဲ့အမူအရာတွေက တျာ့သံသယကို ပိုခိုင်မာစေခဲ့သည်။ တျာ ဘာဆက်လုပ်ရမလဲ၊ ဇေကရီ့ရင်ထဲမှာ သူ ရှိနေပြီလေ။





"ရတယ် ကိုမိုးလှူ၊ ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ဆက်နားထောင်ကြည့်ပါ၊ ငပုလေးတို့ခုနှစ်ယောက်ကတော့ ဘာမှ မသိရှာဘူး၊ မီးလင်းကျောက်တွေနဲ့ ကျယ်ကျယ်ဝန်းဝန်းနဲ့ ထိန်ညီးနေတဲ့ ဂူထဲမှာ ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်နေကြတာပေါ့၊ တစ်ခန်းဝင် တစ်ခန်းထွက် လုပ်လာလိုက်တာ၊ ခဏကြာတော့ ရေဆာလာလို့ နေ့လယ်က သူတို့တွေ့ခဲ့တဲ့ စမ်းချောင်းလေးကို အမှတ်ရပြီး ဂူထဲကထွက်ဖို့ ပြင်ဆင်တယ် ...

ဒါပေမဲ့ သူတို့ ဘယ်လိုပဲသွားသွား ဂူပေါက်ကိုမတွေ့ဖူးဖြစ်နေတယ်၊ ကြာလာတော့ ငပုလေးက ဒီဂူကို သံသယရှိလာတော့တာပေါ့၊ ဒီလိုဖြင့် ခက်ရချည်ရဲ့၊ ငါတို့ ဒီအတိုင်းသာဆိုရင် ဒီဂူထဲမှာပဲ အသက်ဆုံးရှုံးရတော့မှာပဲလို့ စိုးရိမ်မိပြီး လွတ်မြောက်ဖို့ အကြံထုတ်နေတယ် ...

ဒီတစ်ခါတော့ ဘယ်သူမှလာပြီး မေးခွန်းမေးမယ့်သူလည်းမရှိဘူး၊ ကိုယ့်ဘာသာကိုယ်ပဲ လိုက်ရှာရတော့မှာပဲဆိုပြီး သူ့အစ်ကိုတွေကို တစ်နေရာတည်းမှာပဲ စုနေခိုင်းပြီး သူကတော့ လျှောက်ကြည့်တယ်တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဂူအခန်းတစ်ခန်းရောက်တိုင်း သူ့ရဲ့ဖောင်းဘီစ၊ တစ်ခုကိုဖြဲပြီး ချန်ထားခဲ့တယ်၊ ဒီလိုနဲ့ သူ သွားလိုက်တာဟာ နောက်ဆုံး သူ့အစ်ကိုတွေစုနေတဲ့ ဂူအခန်းထဲပြန်ရောက်သွားတာပေါ့၊ အဖာအစပ်နှစ်ဆယ့်လေးခုရှိတဲ့ သူ့ဖောင်းဘီလည်း တစ်ဝက်တိတိကုန်သွားတယ်တဲ့ ...

ကဲ ... အခန်းကတော့ ရေလို့ပြီးပြီ၊ ငါ ဘာဆက်လုပ်ရမလဲ၊ ပင်မဂူပေါက်ဝတော့ လုံးဝကိုမရောက်ဘူး၊ ဘာပဲဖြစ်ဖြစ် ထွက်လမ်းတော့ ရှိကိုရှိရမယ်ဆိုပြီး တွေးတောနေတယ်၊ အမှတ်တမဲ့မှာပဲ သူ့မျက်လုံးတွေက နံရံက ကျောက်တုံးတွေဆီ အကြည့်ရောက်သွားတယ်၊ ကျောက်တုံးတွေမှာ ဘာအမှတ်အသားမှ မရှိပါဘူး ...

ဒါပေမဲ့ သူက စူးစူးစမ်းစမ်းနဲ့ သူ့အရပ်နဲ့တစ်တန်းတည်းမှာရှိတဲ့ ကျောက်တုံးတစ်တုံးကို တီးခေါက်လိုက်တယ်၊ ရုတ်တရက် ဂူခေါင်မိုးပေါ်မှာ သူခေါက်လိုက်တဲ့ ကျောက်တုံးတစ်တုံးစာ ပေါက်သွားတယ်၊ ဒါနဲ့ပဲ သူက နောက်ထပ် ကျောက်တုံးတစ်တုံးကို ထပ်ခေါက်လိုက်တော့ ခုနင်ကပွင့်နေတဲ့ အပေါက်က ပြန်ပိတ်သွားတာပေါ့ ...





ဒီတော့ သူက ပထမခေါက်တဲ့ ကျောက်တုံးနဲ့ ဒုတိခေါက်လိုက်တဲ့ကျောက်တုံးရဲ့ ကွာခြားချက်ကို စူးစမ်းလိုက်တော့ အသံမြည်တဲ့ကျောက်တုံးက ဂူခေါင်မိုးပွင့်သွားတာနဲ့ ဆက်စပ်နေတာကို သိလိုက်တယ် ...

ဒါပေမဲ့ အသံမမြည်တဲ့ကျောက်တုံးကို ခေါက်မိတိုင်း ပြန်ပြန်ပိတ်မိသွားတာမို့ သူ စိတ်ပျက်နေတာပေါ့။ ဒါနဲ့ သူက သူ့အရပ်နဲ့တစ်တန်းတည်းမှာရှိတဲ့ အခန်းပတ်လည်က ကျောက်တုံးတွေကို ရေတွက်လိုက်တော့ ကျောက်တုံးပေါင်း လေးရာတိတိရှိနေတယ် ...

သူက ခုနင်ကခေါက်လိုက်တဲ့ ကျောက်တုံးကို ပထမကျောက်တုံးလို့ သတ်မှတ်ပြီး စ,ခေါက်လိုက်တယ်၊ ပြီးတော့ အစဉ်အတိုင်း သူ့အစ်ကိုတွေကို သူ့ဘေးနားက ကျောက်တုံးကစပြီး ခေါက်စေတယ် ...

သူ ခေါက်တယ်၊ အမိုးကျောက်တုံးတစ်တုံးစာပွင့်သွားတယ်၊ အစ်ကိုတစ်ယောက်ဘေးက ကျောက်တုံးကို ခေါက်လိုက်တော့ ပြန်ပိတ်သွားတယ်၊ နောက်တစ်ယောက် နောက်တစ်ယောက်နဲ့ ငါးယောက်မြောက် အစ်ကိုက



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးကိုခေါက်လိုက်တော့ အသံမြည်ပြီး ခုနင်က အမိုးက ပြန်ပွင့်သွားပြန်တယ် ...

ဒါနဲ့ ငပုလေးက ဟုတ်ပြီ ... ငါခေါက်တဲ့ပထမ ကျောက်တုံးက (၁)ဆိုရင် ငါ့အစ်ကိုတစ်ယောက်ခေါက် လိုက်တဲ့ အသံမြည်တဲ့ကျောက်တုံးဟာ ဆဋ္ဌမမြောက် ကျောက်တုံးဖြစ်လို့ (၆)ပဲတဲ့"

တျာတျာက အတန်ငယ်မောသွားဟန်ဖြင့် ကိုလာ ကိုလာ အအေးဘူးလေးမှ အအေးကို တစ်ငုံနှစ်ငုံစုပ်ယူ၍ သောက် လိုက်သည်။ အားလုံးက တျာတျာ့ကို အထင်ကြီးတဲ့မျက်လုံးတွေ နဲ့ လှမ်းကြည့်နေကြသည်။ တျာတျာပြောတဲ့ ဇာတ်ကွက်တွေဟာ ဘာပဲပြောပြော စိတ်ဝင်စားစရာကောင်းပြီး ဆွဲဆောင်မှုလည်းရှိ သည် မဟုတ်လား။

BURMESE CLASSIC .com

"နောက်တစ်ခါ အသံမြည်တဲ့ကျောက်တုံးက (၂၁)တုံး မြောက် ဖြစ်နေတာကို တွေ့ရတယ်၊ ကျွန်မမေးချင်တာက ငပုလေးအရပ်နဲ့ တစ်တန်းတည်းမှာရှိတဲ့ အခန်းပတ်ပတ် လည်မှာရှိတဲ့ အသံမြည်တဲ့ကျောက်တုံးက ဘယ်နှတုံးလဲ၊ အဲဒီအခန်းထဲမှာရှိတဲ့ အမိုးမပါ နံရံပတ်ပတ်လည်မှာရှိတဲ့





ကျောက်တုံးစုစုပေါင်းဟာ ငပုလေး ရေထားတဲ့ကျောက်တုံး စုစုပေါင်းရဲ့ ငါးဆဖြစ်ခဲ့မယ်ဆိုရင်၊ အဲဒီဂူအခန်းထဲမှာ အသံမြည်တဲ့ ကျောက်တုံးပေါင်းက ဘယ်လောက်လဲ၊ ပြီးတော့ ဂူတစ်ခုလုံးအတွက် အသံမြည်တဲ့ကျောက်တုံးက ရော ဘယ်လောက်လဲ"

ကန်တင်းရဲ့အပြန်လမ်းမှာ တျာနဲ့ ကေရီ အရှင်ကလို စကားတွတ်မထိုးကြဘဲ တိတ်တိတ်ဆိတ်ဆိတ် လျှောက်လာကြ သည်။

"ကေရီ"

"တျာတျာ"

တစ်ယောက်နာမည်တစ်ယောက် ပြိုင်တူလိုလိုခေါ် လိုက်ကြသဖြင့် နှစ်ယောက်သား ပြုံးသွားကြသည်။

"နင်စ,ပြောပါ တျာတျာ"

"ငါ အရှုံးပေးလိုက်ရမလား ကေရီ"

"ဘာအတွက်လဲ တျာတျာ၊ နင် ဘာကိုသံသယဝင်နေလို့လဲ၊ စိတ်ကိုရှင်းရှင်းထားပြီး နင်အစွမ်းရှိသလောက် ကြိုးစားပါ တျာတျာ၊ ဒီပြိုင်ပွဲက ငါနဲ့ပတ်သက်ပြီးလုပ်တာ မှန်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



နင်တို့နှစ်ယောက်ရဲ့ဂုဏ်သိက္ခာနဲ့ ပတ်သက်နေတယ်၊ နင် ဆက်ပြိုင်ပါ တျာတျာ၊ ငါလည်း သူနဲ့နင် ဘယ်သူပိုတော် သလဲ တကယ်သိချင်လို့ပါ”

တျာ ကေရီ့မျက်နှာကို ငေးကြည့်လိုက်သည်။ ကေရီ့မျက်ဝန်းတွေနဲ့ နှုတ်ခမ်းတွေက တျာ မဖော်တတ်တဲ့ အဓိပ္ပာယ်တစ်ခုကို ဆောင်နေသည်ပဲ။

♥ ○ ♥





၁၉

သွေးသစ် ကြီးကြီးနုဆီမှာ ခွင့်တစ်ပတ် ယူထားသည်။ ရွှေပြည်သာ စက်မှုဇုန်မှာ အထည်ချုပ်စက်ရုံတစ်ခုရောင်းဖို့ရှိသည်ဆို၍ သူ လိုက်ကြည့်ရမည်လေ။ ပိုင်ရှင်က နိုင်ငံခြားသားတစ်ယောက်ဖြစ်ပြီး သုံးလက်စ,စက်ပစ္စည်းတွေပါ တစ်ပါတည်း ရောင်းမည်ဆို၍ သူ စိတ်ဝင်စားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးကလည်း အရှုပ်အရှင်းမရှိ စုံစမ်းပေးမည်ဆို၍ သူ အားတက်သွားသည်။ အဆင်ပြေပြီဆိုတာနဲ့ ကနေဒါမှာရှိတဲ့ ဖေဖေ့မိတ်ဆွေ Mr. Robert နဲ့ ဆက်သွယ်ပြီး အထည်အလိပ်တွေမှာရမည်။

"ကိုသွေး"

အခန်းတံခါးအပြင်ဘက်မှ ခေါ်သံကြောင့် သူထူးလိုက်သည်။

"အေး ... ဝင်ခဲ့လေ ညီ"

မိုးလူက အခန်းထဲကို ကော်ဖီတစ်ခွက်ကိုင်ပြီး ဝင်လာသည်။

"ကျေးဇူးပဲ ညီ"

သူက ကော်ဖီခွက်ကို လှမ်းယူရင်း ပြောလိုက်သည်။ ကိုသွေး ရှေ့မှာရှိသော Laptop ရဲ့ desktop ပေါ်မှပုံကို မိုးလူ စူးစူးစိုက်စိုက် ကြည့်နေသည်။ ကောင်မလေးတစ်ယောက် နှင်းဆီပန်းအိုးလေးကို ကြည့်နေသည့်ပုံကို ဘေးတစောင်းရိုက်ထားတာဖြစ်သည်။ မိုးလူ ရင်တွေတဒိတ်ဒိတ်ခုန်သွားပြီး သူ့ကိုယ်ထဲက သွေးတွေက ပြောင်းပြန်စီးဆင်းသွားသလို ခံစားလိုက်ရသည်။





"သူ ... သူက ဘယ်သူလဲ ကိုသွေး"

သူ့နှုတ်မှ စကားတွေက ထစ်ထစ်အအ ထွက်လာသည်။

"သူက ကိုယ်ပြောပြောနေတဲ့ ကိုယ့်ရဲ့နှတ်မိမယ်လေးလေ ညီ"

"ဪ"

သူ့ရဲ့မှုးကာစ အချစ်ပန်းတစ်ပွင့် ရုတ်ခြည်းညှိုးရော်သွားသည်။ သူ ဒီပုံကို ဆက်မကြည့်ရဲတော့တာနှင့် ကျောခိုင်းလိုက်သည်။ သူ့တစ်ကိုယ်လုံး ကြေကွဲမှုကြောင့် တဆတ်ဆတ်တုန်နေသည်။

"ညီနဲ့ တက္ကသိုလ်တစ်ခုတည်းပဲလေ၊ သူက သချ်ာမေဂျာယူထားတာ"

"ကိုသွေး ဟိုးအရင်ကတည်းက ပြောဖို့ကောင်းတယ်"

ထိန်းချုပ်ထားသည့်ကြားက လွှတ်ခနဲ ထွက်သွားသည်။

"ဘာဖြစ်လို့လဲ ညီ၊ သူနဲ့ပတ်သက်ပြီး အားလုံးကို ကိုယ်သိထားတာမို့ ဘာမှစုံစမ်းစရာမရှိလို့ ညီ့ကို မပြောဖြစ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာလို့ သူ့နာမည်ကိုလည်း ကိုသွေး အမှန်အတိုင်း မပြောခဲ့တာလဲ"

"မင်း သူ့ကိုသိလို့လား ညီ"

သူ့ကို ကျောခိုင်းထားသော မိုးလူရှေ့ သူရပ်ကာ မေးလိုက်သည်။

မိုးလူက အကင်းပါးလွန်းသော ကိုသွေး သူ့ရဲ့ရပ်ပျက်နေမှုကို မရိပ်မိလေအောင် ရယ်သွမ်းသွေးလိုက်သည်။

"မသိဘဲနေပါ့မလား ကိုသွေးရဲ့၊ သူ့နာမည်က နီတျာတျာ ဟုတ်တယ်မလား၊ ကျောင်းမှာတော့ နာမည်ကြီးပဲလေ၊ သူ့ကိုဆို ကျောင်းသားအားလုံးက လန့်ကြတယ်၊ သူက ဉာဏ်ကောင်းပြီး ယောက်ျားလေးတွေကို အမြဲနှိပ်ကွပ်ဖို့ ချောင်းနေတာ"

"ဟုတ်တယ် ညီ၊ သူ့အဖေက သူ ဆယ့်ငါးနှစ်သမီးလောက်မှာ နောက်အိမ်ထောင်ထူသွားတယ်၊ သူတို့သားအမိနှစ်ယောက်ကို ထားခဲ့ပြီးတော့ပေါ့၊ နောက်တော့ သူ့အဖေရဲ့ အစ်မတွေ၊ သူ့အဒေါ်တွေနဲ့ အတူတူနေရတယ်၊ သူက သူ့ဘဝကို လုံးဝမကျေနပ်ခဲ့ဘူး၊ အထူးသဖြင့် ယောက်ျား





တွေနဲ့ ပတ်သက်ပြီး သူ့ရဲ့အမြင်တွေဟာ တစ်ဖက်စွန်းရောက်နေတယ်"

"သူ့အချစ်ကို ရဖို့လွယ်ပါ့မလား ကိုသွေး"

"မလွယ်ပါဘူး၊ ဒါပေမဲ့ ကိုယ့်ရဲ့စစ်မှန်တဲ့ ချစ်ခြင်းတရားက သူ့နှလုံးသားကို လှုပ်ရှားလာစေမယ်လို့ ကိုယ်ယုံကြည်တယ်"

"ကျွန်တော်လည်း ကိုသွေး တောင့်တနေတဲ့ သူ့အချစ်တွေ ရနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်"

ကိုသွေးအခန်းထဲက ထွက်လာတော့ သူ့ရင်ထဲမှာ ဟာလာဟင်းလင်း၊ အဆုံးမရှိတဲ့ နာကျင်မှုက သူ့ရင်ကို ထုံသွားစေခဲ့တာလား။

ယောက်ျားတန်မဲ့ ဝဲနေတဲ့သူ့မျက်ရည်တွေက အရှုံးသမားတစ်ယောက်ရဲ့ ပြယုဂ်တစ်ခုပဲလား။

တျာတျာ ... မင်းကို နှစ်ပေါင်းများစွာ စွဲလမ်းခဲ့တဲ့၊ သူ့ရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို မင်းအတွက်ပေးဆပ်ရဲတဲ့၊ တစ်လောကလုံးမှာ မင်းတစ်ယောက်တည်းကိုပဲ မျက်လုံးထဲထည့်ခဲ့တဲ့ ကိုသွေးရဲ့အချစ်တွေနဲ့ ငါမယှဉ်ပြိုင်ရဲပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တျာတျာ ... ငါ မင်းကို ငါနှလုံးသွေးတွေ ရပ်တဲ့အထိ ချစ်နေမှာပါ။ မင်းရဲ့အချစ်တွေကို မမျှော်လင့်ဘဲ အဝေးတစ်နေရာက မင်းကို ချစ်နေဦးမှာပါ။ မျက်ရည်တစ်စက် က သူ့ပါးပြင်ပေါ်က လိမ့်ဆင်းသွားသည်။

♥○♥





၂၀

လက်မှနာရီကို တကြည့်ကြည့်၊ ကန်တင်းအပြင်ဘက်ကို တမျှော်မျှော် လုပ်နေသော တျာတျာ့ကို ကေရီ မျက်စိနောက်နေသည်။

"သူ ဘာလို့မလာတာလဲ၊ သူ ဒီနေ့ ကျောင်းမတက်ဘူးလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းထူးရှိရင် ငါတို့ကို ဆက်သွယ်မှာပေါ့ တျာတျာ၊ ဒါမှမဟုတ်လည်း နင့်မေးခွန်းတွေကို သူ မဖြေနိုင်ဘူးလား မှ မသိတာ"

"မဖြစ်နိုင်ဘူး၊ ကျုပ်မေးခွန်းက အဲဒီလောက်ခက်တာမျိုး မှမဟုတ်တာ၊ သူတွက်ရင် တစ်ရက်တောင်ကြာမှာ မဟုတ်ဘူး"

"ဟော ... ဟိုမှာ အသက်ရှည်ဦးမယ်၊ သူ လာနေပြီ"

ကေရီ လှမ်းပြလိုက်တော့မှ တျာ ဘဝင်ကျသွားသည်။

ထုံးစံအတိုင်း တျာတို့စားပွဲနား ကျောင်းသားတွေ စုလာသည်။

"ရှင် နောက်ကျနေလို့ ကျွန်မ စိတ်ပူနေတာ ကိုမိုးလူ၊ ရှင်မလာတော့ဘူးလို့တောင် ထင်နေတာ"

မိုးလူ မျက်လွှာချပြီး မချိပြုံး ပြုံးလိုက်သည်။ ပြီးတော့ သူ့ရဲ့ပုံပြင်ကို နားထောင်ဖို့ စောင့်နေကြသော ကျောင်းသား အုပ်စုကို ဝေ့ကြည့်လိုက်သည်။





"ကျွန်တော် အားလုံးရှေ့မှာပဲ ဝန်ခံပါတယ်၊ ကျွန်တော် နီတျာတျာရဲ့မေးခွန်းကို မဖြေနိုင်သလို ပုံပြင်ကိုလည်း ထပ်ဆက်ပြီး မပြောနိုင်တော့ဘူး"

"ဟင်"

"ဟာ"

"မဖြစ်နိုင်တာ"

ကျောင်းသား ကျောင်းသူတွေဆီမှ မယုံကြည်နိုင်သော အာမေဋိတ်တွေ စီစီညံညံ ထွက်လာကြသည်။ မြပိတောက်၊ ချစ်စုနဲ့ ပိုးဥတို့က ကြက်သေ သေနေကြသည်။ နှုတ်မဆက်ဘဲ ထွက်ခွာသွားသော မိုးလူ နောက်သို့ တျာတျာ အူယားဖားယား ပြေးလိုက်ပြီး မိုးလူရှေ့မှ ပိတ်ရပ်လိုက်သည်။

"ဘာဖြစ်လို့လဲ ကိုမိုးလူ၊ ရှင်ဖြေနိုင်ရက်နဲ့ ဘာလို့ တမင် အရှုံးပေးရတာလဲ"

"ကျွန်တော် မဖြေနိုင်ပါဘူးလို့ ဝန်ခံပြီးပြီပဲ နီတျာတျာ"

သူက နီတျာတျာကို မကြည့်ဘဲ မျက်နှာလွှဲပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကိုမိုးလူ၊ ရှင်ညာတာ ... ရှင်ညာနေတာ၊ ကျွန်မ သိတယ် ကိုမိုးလူ၊ ပြောပါ ... ရှင့်ရဲ့အကြောင်းပြချက် အစစ်အမှန်က ဘာလဲ"

"ကျွန်တော် တကယ်ပြောရမှာလား နီတျာတျာ၊ ရှင်းရှင်းပြောရရင် အရင်က မေဓကရီကို စိတ်ဝင်စားသလို ရှိခဲ့ပေမယ့် အခု လုံးဝကို စိတ်မဝင်စားတော့ဘူး၊ ပြီးတော့ ခင်ဗျားနဲ့ ပုံပြင်တွေ ပြိုင်ပြောရတာကို ငြီးငွေ့လာတယ်၊ ဒါကြောင့် ကျွန်တော့်ရဲ့တန်ဖိုးရှိတဲ့ အချိန်တွေကို မဆုံးရှုံးချင်လို့ save လုပ်လိုက်တဲ့ သဘောပါ"

"ဘာ ... ရှင် ... က"

ဖြန်းခနဲအသံနဲ့အတူ မိုးလူ ပူထူသွားသည်။ မျက်ရည်ကြည်ဝိုင်းနေပြီး တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းတစ်စုံနှင့် နီတျာတျာရဲ့ဒေါသစကားတွေက အဆက်မပြတ် ထွက်ပေါ်လာသည်။

"ရှင်လည်း တခြားယောကျ်ားတွေနဲ့ အတူတူပဲ၊ ကတိမတည်ဘူး၊ သစ္စာမရှိဘူး၊ စိတ်အပြောင်းအလဲ မြန်လွန်းတယ်၊ ကျွန်မ ရှင့်ကို သိပ်မုန်းတယ် ကိုမိုးလူ"





လှစ်ခနဲ သူ့နားက ပြေးထွက်သွားသော တျာတျာကို သူ ရင်နာနာနှင့် ကြည့်ကျန်ခဲ့သည်။ ကောင်းပါတယ် တျာတျာ၊ မိုးလူဆိုတဲ့ လူသားဟာ မင်းအချစ်တွေ ရနိုင်စရာမရှိတဲ့ ကောင်စားမျိုးပါ။ ဒီတော့ မင်းပေးတဲ့ အမုန်းတွေကိုပဲ အမှတ်တရ သိမ်းထားလိုက်ရမှာပေါ့"

"မိုးလူ ... သူငယ်ချင်း"

သူ့နားသို့ သူငယ်ချင်းတွေ စုပြုံရောက်လာကြသည်။

"ငါ ဘာမှမဖြစ်ပါဘူး ကောင်းပါတယ်၊ ငါ့အတွက်ဘာမှ မစိုးရိမ်ကြပါနဲ့"

သူတစ်ယောက်တည်း ဆက်လျှောက်သွားနေမိသည်။ အပေါ်က နေမင်းက အစွမ်းကုန် ပူနေသည်။ သူ့ရင်ထဲမှာလည်း နှလုံးသားတစ်ခု ပြာကျသွားအောင် ပူလောင်လွန်းလှသည်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

ငိုရလွန်းလို့ တျာ့ မျက်နှာတစ်ခုလုံး ဖောင်းကားမို့ အစ်နေသည်။ တကယ်တမ်း စဉ်းစားကြည့်မည်ဆိုလျှင် တျာက တောင် သူ အရှုံးပေးတဲ့အတွက် ပျော်နေရဦးမည် မဟုတ်လား။ ဒါပေမဲ့ သူ တျာနဲ့ ပုံမပြောတော့ဘူးဆိုတော့ တျာ အရမ်းဝမ်းနည်း





သွားမိသည်။ သူ့ပါးကို ရိုက်ပစ်သည်အထိ တျာ ပေါက်ကွဲပစ်မိသည်။ ဒါ ဘာကြောင့်ပါလဲ။

"မိတျာ ... နှင်အဆင်ပြေလား၊ နှင် ငိုနေတာလား မိတျာ၊ ဒီမှာ ငါပြောတာကို နားထောင်ဦး၊ ဖုန်းမချပစ်လိုက်နဲ့"

ကေရီ ဖုန်းအကြိမ်ကြိမ် ခေါ်နေတာကို နားမခံနိုင်တော့တာနှင့် ဖုန်းပိတ်ပစ်မည်လုပ်ပြီးမှ အားနာတာနှင့် ဖုန်းပြန်ကိုင်လိုက်သည်။

"အစကတော့ မပြောဘူးလို့ နေတာပဲ တျာတျာ၊ ငါစိတ်ဝင်စားနေတဲ့တစ်ယောက်က နှင်ထင်သလို မိုးလူ မဟုတ်ဘူး၊ ဒါကြောင့် နှင် အရှုံးပေးမယ်လို့ ပြောတုန်းက ငါ ငြင်းခဲ့တာပေါ့၊ ငါ့မှာ ပြောစရာတွေ အများကြီးပဲ မိတျာ၊ မိုးလူရဲ့မေးခွန်းတွေ မဖြေရလို့ နှင် စိတ်မကောင်းမဖြစ်ပါနဲ့ မိတျာ၊ ငါမေးတဲ့မေးခွန်းကို နှင် ဒီတစ်ညလုံးစဉ်းစားကြည့်ပါဦး"

"ဘာမေးခွန်းလဲ"

တျာတျာရဲ့ငိုထားတဲ့အသံက ဆောင့်ဆောင့်အောင့်အောင့် ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာကြောင့် ဒီလောက်အထိ ငိုနေရတာလဲ၊ မနက်ကျရင် ငါ့ကို အဖြေပေး၊ ဒါပဲ"

ကေရီ ဖုန်းချသွားတော့ မျက်ရည်တွေကြားထဲက တျာ ပြုံးမိသည်။

ဟုတ်တယ် ... တျာ ဘာကြောင့် ဒီလောက်အထိ ငိုကြွေးနေရတာလဲ။

သူပြောတဲ့ ခင်ဗျားနဲ့ ပုံပြင်တွေပြိုင်ပြောရလို့ ငြီးငွေ့သွားလို့ဆိုသည့် စကားကြောင့်လား။ ကေရီ့ကို အရင်ကစိတ်ဝင်စားပြီး 'အခု လုံးဝစိတ်မဝင်စားတော့ဘူး'လို့ ပြောလို့လား၊ တျာ လည်းမသေချာ။ သေချာတာတစ်ခုကတော့ တျာ သူနဲ့ ပုံပြင်တွေပြိုင်ပြောရတာကို နှစ်သက်ခုံမင်နေပြီပဲ။

သူ့ကို ရိုက်မိသော တျာ့လက်တစ်ဖက်ကို ငုံ့ကြည့်နေမိသည်။ တျာ သိပ်ရိုင်းသွားပြီလား။ အို ... ဒီလိုလူမျိုးက ဒါနဲ့ပဲတန်သည်မဟုတ်လား။ ကေရီ့ရဲ့အဓိပ္ပာယ်ပါသော မေးခွန်းကို အမေးခံရသည့်အတွက် တျာ့ရဲ့ထိန်းသိမ်းနိုင်စွမ်းမရှိသော ခံစားချက်အတွက် ရှက်ရွံ့လို့နေသည်။





ရှင့်ကို ကျွန်မ ဘယ်တော့မှ တောင်းပန်မှာမဟုတ်ဘူး ကိုမိုးလူ။ မကြာမီအချိန်အတွင်းမှာ ရှင့်ကိုမေ့နိုင်ဖို့ ကျွန်မကြိုးစားမှာပါ။ နီတျာတျာဆိုတဲ့ မိန်းမက ပျော့ညံ့တဲ့၊ စိတ်ခံစားမှုလွယ်တဲ့ မိန်းမမျိုးမှ မဟုတ်တာ။ တျာ ကိုယ့်ဘာသာကိုယ် အားပြန်တင်းလိုက်သည်။

♥ ○ ♥

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

## ၂၂

"ဟိုလူက ဘာဖြစ်လို့ ခွင့်တစ်ပတ်ယူသွားရတာလဲ ကိုကိုစိုး"

"နယ်က သူ့အမေနေမကောင်းလို့လေ၊ ကျန်းမာရေးဆိုတော့လည်း မသွားနဲ့လို့ တားလို့မှမရတာ"

ကျော်စိုးမင်းက ကားမောင်းနေရာမှ ပြန်ပြောလိုက်သည်။





"ဘာဖြစ်လို့လဲ တျာတျာ၊ သတိရနေလို့လား"

မမသွယ် စကားကြောင့် တျာ့စိတ်ထဲ ဖျဉ်းခနဲဖြစ်သွားသည်။

"သွယ်သွယ် ... ဘာတွေ လျှောက်ပြောနေတာလဲ"

ကိုကိုစိုးက မမသွယ်ကို ဟန့်လိုက်သည်။

"တျာက ဘာလို့သတိရရမှာလဲ၊ တျာက သူ ဘာလို့ခွင့်ယူလဲဆိုတာ မသိလို့မေးတာပါ၊ တျာ ဘယ်တုန်းက သူနဲ့ ရောရောနှောနှော နေဖူးလို့လဲ၊ တျာက ကိုယ့်စည်းနဲ့ကိုယ် နေတာပါ၊ ရုပ်ကလေး ချောတာပဲကြည့်ပြီး ဖမ်းရောတတ်တဲ့အထဲမှာ တျာ မပါဘူး"

တျာတျာက မမသွယ် ကိုနေဇော်နဲ့ ရင်းရင်းနှီးနှီး ရောရောနှောနှောနေတာကို ပြန်နှက်လိုက်သည်။ သွယ်သွယ်မင်း ချက်နှာပျက်သွားသည်။

ဒီကောင်မလေး ဘာကြောင့် "ရော"ဆိုသည့် စကားတွေပဲ သုံးသွားရတာလဲ၊ သွေးသစ်နဲ့ သူမ ရင်းရင်းနှီးနှီး ရှိတာကို ဆိုလိုတာလား။



www.burmeseclassic.com

www.burmeseclassic.com



"သွယ်သွယ်က စ,တာပါ တျာတျာရာ၊ နှင်ယောက်ျား တွေကို စိတ်မဝင်စားဘူးဆိုတာ ငါတို့သိပါတယ်၊ နေဇော် မှာလည်း သိပ်ချစ်ရတဲ့ ကောင်မလေးတစ်ယောက် ရှိပါ တယ်"

"တျာလည်း သိပါတယ်"

"နှင်သိတယ်၊ ဟုတ်လား တျာတျာ"

သွယ်သွယ်မင်းက အမောတကော ဝင်မေးလိုက် သည်။

"ဟုတ်တယ်၊ ဟိုနေ့က သူ ပြောပြတာ၊ သူက အဲဒီကောင် မလေးကလွဲလို့ ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူးတဲ့"

"သူက ဘယ်သူတဲ့လဲ"

"ဘယ်သိပါ့မလဲ၊ သူပြောလို့ နားထောင်နေလိုက်တာ"

"ဟုတ်တယ် တျာတျာ၊ သူက အဲဒီကောင်မလေးကို တော်တော်ချစ်တာ၊ အင်း ... ငါးနှစ်လောက်တောင်ရှိမလား မသိဘူး"

"ငါးနှစ် ... ဟုတ်လား၊ ဘာစာဖွဲ့စရာရှိလဲ၊ ဆယ့်ငါးနှစ် မှမဟုတ်တာ၊ ဆယ့်ငါးနှစ်လောက်ဆိုရင်တောင် ပြောင်းလဲ ချင် ပြောင်းလဲသွားနိုင်တာပဲ"





တျာတျာရဲ့ လှောင်တောင်တောင် စကားကြောင့် ကျော်စိုးမင်းရော သွယ်သွယ်မင်းပါ ပါးစပ်ပိတ်လိုက်ကြသည်။

ဒီဟာမလေး နှလုံးသားက ကျောက်သားအတိပြီးနေ တာပဲ။ သွေးသစ်အတွက် သွယ်သွယ်မင်း စိတ်မကောင်းတော် တော်ဖြစ်နေမိသည်။ သူမို့လို့ ဒီလိုဂျစ်တစ်တစ် ညစ်ကျယ်ကျယ် ကောင်မလေးကြောင့် အချိန်ကုန်ခံနေသည်။

တျာ အခန်းထဲဝင်လာတော့ မိန်းကလေး၊ ယောက်ျား လေးမှန်သမျှ တျာ့ကို မကြည်ကြည့်ဖြင့် ကြည့်ကာ မျက်နှာလွှဲသွား ကြသည်။ သူတို့ပုံစံက တျာ့ကို တော်တော်ကိုမကျေနပ်ကြသည့် ပုံ။

"အခန်းထဲကလူတွေ ဘာဆေးမှားသောက်ထားကြတာလဲ မသိဘူး၊ ကျုပ်ကိုမြင်တာနဲ့ ရုပ်တွေက ဖြစ်နေလိုက်ကြတာ"

"မိုးလူကိစ္စကြောင့်ပေါ့ဟာ၊ နှင်လွှန်တာ လူတိုင်းသိတယ်၊ နှင် ခံစားသွားရတာတော့ ငါတစ်ယောက်ပဲသိတယ် ... ဟဲ ဟဲ"

"တော်စမ်းပါ ကေရီရာ"

တျာတျာက စိတ်တိုတိုနှင့် စလင်းဘတ်ကြီးကြီးကို ခုံထဲထိုးထည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါမေးတဲ့မေးခွန်းရဲ့အဖြေ သိပြီလား တျာတျာ"

"သိပြီ ... သူ့စကားတွေကို ဒေါသထွက်ပြီး ခံပြင်းမိလို့ငို မိတာ၊ ကျေနပ်ပြီလား"

"အေးလေ ... ထားလိုက်ပါတော့၊ ဒါပေမဲ့ နင် သူ့ကိုရိုက် လိုက်တာတော့ တော်တော်လွန်တယ်ဟာ၊ ကန်တင်းထဲမှာ ကျန်ခဲ့တဲ့ ကောင်လေးတွေအားလုံး နင့်ကိုဝိုင်းပြီးမေတ္တာ ပို့နေကြတာဟ၊ နင် တောင်းပန်သင့်တယ်နော် တျာတျာ"

ကေရီ့စကားကြောင့် တျာ တွေဝေသွားသည်။ တျာမှားသွားပြီဆိုတာ တျာသိပါသည်။ ဒါပေမဲ့ တျာ သူ့ကိုမ တောင်းပန်ချင်ပါ။

သူ့စကားတွေကို ပြန်ကြားယောင်တိုင်း တျာ့ရင်မှာ အခံရခက်နေတုန်း။

"သူပြောတဲ့စကားတွေမှ သူတို့မကြားတာ၊ ကျုပ်ရိုက်တာပဲ မြင်တော့ ကျုပ်ကိုပဲ အပြစ်ဖို့ကြတာပေါ့၊ ထားလိုက်ပါ၊ တောင်းပန်ပြီးတော့ရော ဘာလုပ်မှာလဲ၊ သူနဲ့ဆက်ပတ်သက် စရာ အကြောင်းမှမရှိတော့တာ"

"မဟုတ်သေးဘူးလေ တျာတျာ"





တျာတျာက ဆက်နားမထောင်လိုဟန်ဖြင့် အိတ်ထဲမှ စာအုပ်တွေကို ဆွဲထုတ်နေတာမို့ ကေရီ အသာငြိမ်နေလိုက်ရသည်။

နေ့လယ်ထမင်းစားဆင်းတော့ ထိုင်နေကျကန်တင်းဆီ တျာတို့ ထွက်ခဲ့ကြသည်။ ကန်တင်းရောက်တော့ ဘာရယ်မဟုတ် သူ့ကို သတိရမိသည်။ သူနဲ့ရန်ဖြစ်ခဲ့ပုံ၊ သူ့ကိုစိန်ခေါ်ခဲ့ပုံ၊ တျာတို့ အပြိုင်အဆိုင် ပုံပြောကြပုံတွေရောပေါ့။

သူက သူ့ရဲ့တန်ဖိုးရှိတဲ့အချိန်တွေ မဖြုန်းချင်လို့တဲ့၊ တျာ့ နှုတ်ခမ်းဖျားမှာ မပီပိုးတဝါး အပြုံးတစ်ခု ကပ်ငြိသွားသည်။ ဒီတော့ 'ကျွန်မကလည်း ဘာလို့ ရှင့်ကို သတိရနေရဦးမှာလဲ မိုးလူ။ ရှင့်ပုံရိပ်တွေကို delete လုပ်ပြီး ချက်ချင်းဖျက်ပစ်လို့ရရင် သိပ်ကောင်းမှာပဲ။

"တျာတျာ ... နင် မသိတာလား၊ မသိချင်ယောင်ဆောင်တာလား၊ မိုးလူက နင့်အပေါ်မှာ တကယ်သံယောဇဉ်ရှိခဲ့တယ်၊ သူ့ရဲ့မျက်လုံးတွေထဲမှာ နင့်ကို မြတ်နိုးရိပ်တွေ ထင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို တရားသေပြောလို့ ဘယ်ရမှာလဲ ကေရီ။ ရှင့်မျက်လုံးတွေထဲမှာလည်း မိုးလူကိုတွေ့ရင် တောက်ပတဲ့ အရိပ်တွေ ပေါ်လာတာပဲ။ ရှင်ရော မိုးလူအပေါ်မှာ ခံစားချက် မရှိဘူးလား"

"ဟင့်အင်း တျာတျာ၊ ငါ မညာပါဘူး၊ ငါ သူ့ကိုအထင်ကြီးတယ်၊ လေးစားတယ်၊ ခင်မင်တယ်၊ ဒါပါပဲ။ ဒီထက်မပိုခဲ့ပါဘူး"

"သေချာလို့လား ကေရီ၊ သေချာတယ်ဆိုရင် ရှင့်ရင်ထဲမှာရှိတဲ့ လူတစ်ယောက်က ဘယ်သူဆိုတာ ကျုပ်ကိုပြောရဲရမှာပေါ့"

"သူ့ကို နင် ကောင်းကောင်းသိပါတယ် တျာတျာ"

ကေရီက မကွယ်ဝှက်ချင်တော့တဲ့ဟန်နှင့် ခပ်လေးလေး ပြောလိုက်သည်။

"ကျုပ် သိတယ် ဟုတ်လား"

"ဟုတ်တယ်၊ တခြားတော့ မဟုတ်ဘူး၊ ရှင်တို့အိမ်က ဒရိုင်ဘာ"

"ဘာ"





တျာတျာ အော်သံကြောင့် တခြားဝိုင်းမှလူများ ငဲ့စောင်းကြည့်လာကြသည်။

"ငါပြောလိုက်ရင် နင် ဒေါသအကြီးအကျယ် ထွက်သွားမှာ ငါသိတယ် တျာတျာ၊ ဒါပေမဲ့ သူ့ကိုမြင်တိုင်း ငါရင်ခုန်တယ်၊ သူ့အပြုံးတွေမြင်တိုင်း ငါအိပ်မက် မက်နေမိတယ်၊ ငါ ဘယ်လိုလုပ်ရမလဲ"

ဒါကြောင့် ဒီမိန်းမ ကျူရှင်ကို တျာ့ထက်အရင် စောရောက်တတ်ပြီး အထဲမဝင်သေးဘဲ တျာလာသည့်အထိ စောင့်နေတတ်တာပေါ့။ ပြီးတော့ ကျောင်းပြန်တိုင်းလည်း တျာတို့ကားနဲ့ပဲ တစ်ပတ်ကို သုံးကြိမ်လောက် လမ်းကြုံလိုက်တတ်သည်။ အိမ်ကိုလာမကြုံဖို့ ဘယ်လိုအကြောင်းပြချက်တွေ ပေးနေလဲ မသိပါ။

"စိတ်မကောင်းပါဘူး ကေရီရယ်၊ ရှင် စိတ်လျှော့လိုက်ရင် ကောင်းမယ်၊ သူ့မှာ သိပ်ချစ်ရတဲ့ ကောင်မလေးရှိနေပြီးသား"

တျာတျာ့စကားကြောင့် ကေရီ မျက်နှာပျက်မည်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကိုရီးယားကားတွေ အကြည့်များသွားတယ်ထင်တယ် ကေရီ၊ စိတ်ကိုလွှတ်မပေးစမ်းပါနဲ့၊ စိတ်ဆိုတာ ကိုယ်က နိုင်အောင်ထိန်းထားမှ တော်ကာကျမှာ၊ နို့မို့ သူက နိုင်စားသွားလိမ့်မယ်၊ သူနိုင်စားသွားတာကို ခံလိုက်ရတာနဲ့ ရှင်က သုံးလို့မရတဲ့ ပျော့ညံ့ညံ့မိန်းမတစ်ယောက် ဖြစ်သွားလိမ့်မယ်"

"အချစ်ဆိုတာ ထိန်းချုပ်လို့ရလို့လား တျာတျာ"

ကေရီ့စကားကြောင့် တျာ တစ်ယောက်သောသူရဲ့ စကားကို ဖျတ်ခနဲ သတိရလိုက်မိသည်။ တျာကရော ဘာကြောင့် အကြောင်းတိုက်ဆိုင်လာတိုင်း သူ့ကို သတိရမိတဲ့စိတ်ကို မချုပ်ထိန်းနိုင်ရတာလဲ။

♥ ○ ♥





၂၇

"ဘယ်စာအုပ်လဲ ညီမလေး"

စာအုပ်ရောင်းတဲ့ ဦးလေးကြီးက တျာ လက်ညှိုးထိုးပြတဲ့စာအုပ်ကို မသေချာတာနှင့် ပြန်မေးလိုက်သည်။

"ဟိုစာအုပ်အဖြူလေးလေ ... နိုင်ဦးရဲ့ တွေးမြင်ခြင်းအနုပညာ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဒီစာအုပ်လား"

ဦးလေးကြီးက ထိုစာအုပ်လေးကိုယူပြီး ကျွန်မဆီကမ်းပေးလိုက်သည်။ မိုးလူနဲ့ ပြဿနာတက်ပြီးနောက်ပိုင်း ကျွန်မ စာတွေပိုဖတ်ဖြစ်လာသည်။ အမှန်အတိုင်း ပြောရရင် ကျွန်မ့ပတ်ဝန်းကျင်မှာ လုံးဝပျောက်ကွယ်သွားသည့် သူ့အကြောင်း မတွေးမိဖို့ စိတ်ကို အလုပ်ပေးထားချင်၍ဖြစ်သည်။

သူ့ကိုမတော်တဆ ပုံစံမျိုးနဲ့တောင် ကျောင်းမှာမတွေ့ရတော့တာ ဘာကြောင့်လဲ။ သူ တကယ်ပဲ ကျွန်မ့နဲ့ပုံပြင်တွေပြိုင်ပြောရတာ ငြီးငွေ့သွားတာလား၊ ဒါမှမဟုတ် ကျွန်မ့ရဲ့လက်ပါမှုအပေါ် သူ နာကြည်းသွားတာလား။

ကျွန်မ့မျက်လုံးတွေက ကတ်ထူအဖုံးအုပ်ထားပြီး စာရေးသူနာမည်မပါသော "ဉာဏ်စမ်းပဟေဠိပုစ္ဆာများ" ဟု ရေးထားသော စာအုပ်ထူထူတစ်ခုဆီ အကြည့်ရောက်သွားပြီး လက်လှမ်းလိုက်သည်။ ကျွန်မ့လိုပဲ ထိုစာအုပ်ပေါ် ရောက်လာသော လက်တစ်ခု။

မော့အကြည့် ကျွန်မ့ရင်ထဲ လှိုက်မောသွားသော ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။ သူ ... မိုးလူ။ သူက အတန်ကြာ ကျွန်မ့မျက်နှာကို စိုက်ငေးကြည့်နေရာက စာအုပ်ပေါ်မှလက်ကို အသာရုပ်ပြီး ထ,ထွက်သွားသည်။





ကျွန်မ့နှုတ်ခမ်းတွေ ဆွံ့အ နေသည်။ ပြီးတော့ ကျွန်မ ငိုချင်နေသည်။

"ဒီစာအုပ် ဘယ်လောက်လဲ ဦးလေး"

"နှစ်ထောင်ပါ ညီမလေး"

ကျွန်မက ဈေးပင်မဆစ်တော့ဘဲ ထိုစာအုပ်ကိုဝယ်လိုက်သည်။ ပြီးတော့ သူ့ကို ဟိုဟိုဒီဒီ လှည့်ပတ်ရှာမိသည်။ ဥဒဟိုသွားနေကြသော လူများကြားထဲတွင် သူ့ကို ကျွန်မရှာမတွေ့ပါ။ ကျွန်မ ဝယ်ထားသော စာအုပ်လေးကို ခပ်နာနာဖိကိုင်ထားလိုက်သည်။

ဖုန်းရောင်းဆိုင်တစ်ခုထဲမှ မိုးလူ ကျွန်မကျွန်မ့ကို ငေးမောကြည့်နေမိသည်။ စာအုပ်လေးကိုကိုင်ပြီး ဘေးဘီဝဲယာကို ကြည့်နေတဲ့ ကျွန်မကျွန်မ သူ့ကိုများ ရှာနေတာလား။ ရင်ထဲက လွမ်းဆွတ်မှုတွေကို ကြိတ်မှိတ်မျိုချရလွန်းလို့ သူ ခံနိုင်ရည်မရှိတော့ပါ။

ကျွန်မကျွန်မ့ကို ဒီထက်ပို၍ပြီး သံယောဇဉ်မတွယ်ချင်တော့၍ ဒီပြိုင်ပွဲကို သူ ရပ်တန့်ပစ်လိုက်ပေမင့် ကျွန်မရဲ့မမြင်ကွယ်ရာမှာ သူ နေခဲ့ပေမင့် ... သူ့နှလုံးသားထဲမှာ ကျွန်မက အပြီးတိုင် နေရာယူနေခဲ့ပြီးပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုသွေး ချစ်နေတဲ့ ကောင်မလေးဆိုတာ သိသိနဲ့ သူ ကိုသွေးအပေါ် သစ္စာမဖောက်လိုပါ။ အချစ်နဲ့စစ်မှာ မတရား တာမရှိဘူးဆိုတဲ့ စကားကို သူက ဆန့်ကျင်သူမို့ နှလုံးသားကို စတေးခဲ့ရပြီးပြီပဲ။ တျာထွက်သွားလို့ တော်တော်ကြာမှ သူဆိုင်ထဲ က ထွက်လာခဲ့သည်။

ငါ ပုံပြင်တွေ ဆက်ဖန်တီးထားတယ် တျာတျာ၊ မင်းကို မပြောပြဖြစ်တော့ပေမယ့် တစ်နေ့တော့ မင်းဆီရောက် အောင် ငါ ပို့ပေးမှာပါ။

♥ ○ ♥





( ၂၄ )

တျာ အိတ်ထဲမှ ဉာဏ်စမ်းပဟေဠိစာအုပ်လေးကို ထုတ်ကြည့်လိုက်သည်။ ဒီစာအုပ်လေးကို တျာ သူ့ကိုပေးချင်စိတ် တွေ တဖွားဖွားဖြစ်နေခဲ့တာ သူနဲ့ပြန်တွေ့တဲ့နေ့ကတည်းက။ တျာ့ဆန္ဒတွေကို တျာ့မာနတွေက အခါခါချိုးနှိမ်ခဲ့ပေမယ့် နောက် ဆုံးတော့ ဒီစာအုပ်လေးကို တျာ ကျောင်းကိုထည့်ယူလာနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အခန်းပြတင်းပေါက်မှာ မြပိတောက်၏ မျက်နှာဝိုင်းဝိုင်းကြီးကို တွေ့လိုက်တာကြောင့် တျာ ထ,ခုန်မတတ် ပျော်သွားသည်။ မြပိတောက်က တျာ့ကို လက်ယပ်ခေါ်သည်။

"သွားလိုက်လေ တျာ၊ မိုးလူနဲ့ပတ်သက်ပြီး သူ တစ်ခုခု ပြောချင်ပုံရတယ်"

တျာ မငုံမရဲ ဖြစ်နေမိသည်။ တျာက သူတို့သူငယ်ချင်းကို ရိုက်ခဲ့တာ မဟုတ်လား။

"ရော့ ... နီတျာတျာ၊ မိုးလူ ပေးခိုင်းတာ"

စာရွက်ပြာပြာခေါက်လေးကို တျာ့လက်ထဲထည့်ခဲ့ပြီး မြပိတောက်ထွက်သွားသည်။ တျာ စာအုပ်လေးကို မြပိတောက်ကို ပေးလိုက်ဖို့ သတိရချိန်မှာတော့ မြပိတောက်ရဲ့အရိပ်အယောင်တောင် မတွေ့ရတော့။

❣ ရင်ခုန်ပြတိုက်ထဲမှာ
နှလုံးသားတစ်စုံ
ကဆုန်ပေါက်လို့
ကျယ်လောင်စွာဟစ်ကြွေး
သူ ပျော်နေခဲ့တယ်လေ ...။





❣ မာရ်နတ်ရဲ့တိမ်တိုက်
တဖြည်းဖြည်းနိမ့်ဆင်း
နှလုံးသားပေါ်အုပ်မိုးပြီး
"ဟော့ ... ပျော်လွန်းရင် ငိုရတတ်တယ်"လို့
သွေးထိုးပေးခဲ့တယ် ...။

❣ သံသယတစ်ပွေ့တစ်ပိုက်နဲ့
ထာဝရပျော်နိုင်မှာ
ငါ မဟုတ်ဘူးရယ်လို့
ရှေ့ရေးကိုမျှော်တွေး
နှလုံးသားလေး မှိုင်ငေးသွားခဲ့တယ် ...

❣ ခပ်ကြောင်ကြောင်အတွေးတစ်စုနဲ့
ဖွတ်အတင်း ကိုယ့်ကိုယ်ကိုယ်
ချည်နှောင်ထားခဲ့တာ
သွေးစိမ်းရှင်ရှင်လည်း ပန်းထွက်လို့ပေါ့ ...

❣ တကယ်လို့များ
နားလည်ခြင်း အလင်းတန်းတစ်ခု
သူ့ကိုဖွဖွလေး ထွေးဖက်ထားခဲ့ရင်တော့ ...။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာလေးဆုံးတော့ ဟျာ့မျက်ရည်တစ်ပွင့် လွင့်ခနဲ ကြွေသွားသည်။ ရှင် ဘာကြောင့် သတ္တိကြောင်ခဲ့တာလဲ မိုးလွှ။ ဟျာ ရုတ်တရက် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချရင်း အိတ်ထဲကစာအုပ်လေးကို ဆွဲထုတ်လိုက်သည်။

"ဟဲ့ … ဟျာဟျာ၊ ဘယ်သွားမလို့လဲ၊ ကျောင်းပြန်တက်တော့မယ်လေ"

ကေရီ့ကို ဘာမှ ဟျာပြန်လှည့်မပြောတော့ပါ။ ဟျာ့ခြေလှမ်းတွေက ဘူမိဆောင်ရှိရာဆီသို့ ဦးတည်နေသည်။ ဟျာ့နှလုံးသားက လွတ်လပ်ပေါ့ပါးနေပြီး ဖုံးကွယ်ခြင်းအလျှဉ်းကင်းသော ခံစားချက်တို့ဖြင့် ဟျာ့ခြေလှမ်းတွေက သွက်လက်နေသည်။

သူ့အခန်းရှေ့ ဟျာ ရောက်သွားသည်။ ဆရာမစာရှင်းပြနေတာကို စိတ်ပါဝင်စားစွာ နားထောင်နေသောသူ့ကို ဟျာ ပြတင်းပေါက်ကနေ လှမ်းမြင်နေရသည်။ သူ့နောက်တန်းမှာ ထိုင်နေသော ချစ်စုက ဟျာ့ကိုတွေ့တော့ အံ့သြဝမ်းသာဟန်ဖြင့် ပေတံရှည်တစ်ချောင်းနှင့် သူ့ကျောကို လှမ်းထိုးလိုက်သည်။ သူက မကြည်ကြည့်ဖြင့် ချစ်စုကို ပြန်လှည့်အကြည့်၊ ချစ်စုက





ဟျာရှိရာဘက်သို့ မေးငေါ့ပြလိုက်သဖြင့် သူ့အကြည့်တွေ ဟျာ့ဆီ ရောက်လာသည်။

ဟျာ သူ့ကို ပြုံးပြလိုက်သည်။ ဟျာ့ဘဝတစ်လျှောက်လုံး ပြုံးဖူးသောအပြုံးတွေထဲတွင် ဒီအပြုံးက အလှဆုံးဖြစ်မည်ထင်သည်။ သူက ဟျာ့ကို မယုံနိုင်သော မျက်ဝန်းများဖြင့်ကြည့်နေသည်။ သူ မျက်တောင်,တောင် ခတ်မိမည်မထင်ပါ။ ပြီးတော့ တစစနဲ့ သူ့မျက်ဝန်းတွေမှာ အပျော်ရိပ်လေးတွေ ကွန့်မြူးလာကြသည်။

ဟျာ့ကိုမမျှော်လင့်ဘဲတွေ့တော့ သူ့နှလုံးသားစုန်းဒိုင်းကြီးသွားသည်။

ဟျာ့မျက်နှာပေါ်က အပြုံးက ကမ္ဘာပေါ်တွင် အလှဆုံးသောအပြုံး ဖြစ်မည်ထင်သည်။ ဟျာလက်ထဲမှာ စာအုပ်အထူတစ်အုပ်၊ ပြီးတော့ အပြာရောင်စာရွက်လေး တစ်ရွက်၊ သူ မြပိတောက်ကို လှမ်းကြည့်လိုက်မိသည်။ ဒီစာရွက်မျိုးသုံးတာ မြပိတောက်ပဲရှိသည် မဟုတ်လား။

ဒီတစ်ခါလည်း စတုတ်မ ဘာတွေလျှောက်လုပ်ထားသဲမသိပါ။ မြပိတောက်က သူ့ကို လက်မထောင်ပြသည်။ ဘာပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြော ဒီတစ်ခါတော့ မြပိတောက်ကို သူ ကျေးဇူးအထူးတင်မိသည်။

"အား ... အား ... တီချယ်၊ ကျွန်တော် ဗိုက်အောင့်နေလို့ latrine သွားခွင့်ပြုပါ"

ဆရာမ စာရှင်းပြနေသည့်အချိန် ဖြစ်သည်မို့ သူ မျက်နှာပြောင်တိုက်ပြီး ထွက်မသွားချင်တာမို့ အမှုအရာပိုပိုနှင့် ခွင့်တောင်းလိုက်သည်။

တျာက အပြင်ကနေ တခစ်ခစ် ရယ်နေသည်။ သူ အပြင်ရောက်တော့ တျာနဲ့အတူ မတိုင်ပင်ထားဘဲ သူတို့ထိုင်နေကျ ကန်တင်းဘက်သို့ လျှောက်လာကြသည်။ အခုအချိန် သူ့အတွေးထဲမှာ ကိုသွေး ရှိမနေပါ။ ပြီးတော့ သူ့နှလုံးသားကို ထိန်းချုပ်ထားသည့် ကြိုးတွေလည်း အပိုင်းပိုင်း ပြတ်တောက်ထွက်သွားပြီလေ။

"တျာ ... ကိုကာကိုလာ သောက်မယ် မဟုတ်လား"

တျာက ခေါင်းညိတ်ပြသည်။ တျာ့မျက်နှာလေးက ရှက်စိတ်ကြောင့်လားမသိ ရဲရဲနီနေသည်။

"ရှင် တျာ့ကို စိတ်မဆိုးနေပါဘူးနော်"





တျာက ခပ်တိုးတိုးမေးသည်။

"ကျွန်တော် တျာ့ကို ဘယ်ကုန်းကမှ စိတ်မဆိုးပါဘူး၊ တျာ စိတ်ဆိုးအောင် ပြောခဲ့မိတာတွေအတွက် ကျွန်တော် တောင်းပန်ပါတယ်"

"ရှင့်ကို တျာလည်း တောင်းပန်ပါတယ်၊ တျာ ရိုင်းသွားတဲ့အတွက် ခွင့်လွှတ်ပါ။ ရော့ ... ဒါ ရှင့်ကို တျာ လက်ဆောင်ပေးတာပါ"

တျာပေးတဲ့ စာအုပ်လေးကို သူ ယူလိုက်သည်။ ပြီးတော့ ထိုစာအုပ်လေးကိုပဲ သူ တျာ့ကို ပြန်ပေးလိုက်သည်။

"ရော့ ... တျာ၊ ဒါ ကျွန်တော် တျာ့ကိုပြန်လက်ဆောင်ပေးတာ လက်ခံပါနော်"

တျာက သူ့လုပ်ရပ်ကို သဘောကျဟန် ခပ်လွင်လွင်လေး ရယ်လိုက်သည်။

"အဲဒီလို ပြန်လက်ဆောင်ပေးလို့ ရလား"

"ရတာပေါ့ တျာရဲ့"

"ရှင်က ပုံပြောကောင်းသလို ကဗျာရေးလည်းကောင်းသားပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံးဖြဲဖြဲလုပ်ရင်း တျာ့လက်ထဲက စာရွက် အပြာလေးကို လှမ်းယူပြီး ဖတ်ကြည့်လိုက်သည်၊ တော်တော် တော်တဲ့ ပိုးဥ၊ ကဗျာရူး ပိုးဥက သူ့အဖြစ်ကို ကွက်ကွက်ကွင်း ကွင်း ပုံပေါ်အောင် သရုပ်ဖော်သွားသည်။ သူ ဘာကြောင့် တျာ့ အနားက ရှောင်ပြေးသွားလဲ သူကလွဲပြီး ဘယ်သူမှ မသိကြဘဲ။

အခုတော့ သူ့မှာ ကိုသွေးကိုရင်ဆိုင်ဖို့ အားအင်တွေ အပြည့်ရှိနေသလို ကိုသွေးရဲ့အပြစ်တင် ကြိမ်းမောင်းခံဖို့လည်း အဆင်သင့် ဖြစ်နေပါသည်။

ဒါတွေကို တျာတော့ သိမည်မထင်ပါ။

ပြီးတော့ သူ ကျောပိုးအိတ်ထဲက စာအုပ်တစ်အုပ် ကိုထုတ်၍ စာရွက်တစ်ရွက်ကိုဖြဲကာ ကမ္ဘာပေါ်တွင် အရိုးရှင်းဆုံး သော ရည်းစားစကားကို ချရေးလိုက်သည်။ ပြီးတော့ တျာ့ကိုပေး လိုက်သည်။

"I love you"

တျာ့မျက်နှာက ပိုပြီးရဲသွားသလိုပင်။

"ပြန်ပေးလေ တျာ၊ တျာ စာအုပ်ပေးတုန်းက ကျွန်တော် လည်း ဒီလိုပဲ လက်ဆောင်ပြန်ပေးတယ်လေ၊ တျာလည်း ကျွန်တော့်ကို ဒီစာရွက်လေး ပြန်ပေးလေ"





"ဟွန်း ... လူလည်ကြီး၊ ဒီလိုလွယ်လွယ်နဲ့ ဘယ်ရမလဲ၊ ဒီက နီတျာတျာလေ မေ့သွားပြီလား"

"ဟင် ... ဒါဆို ကျွန်တော်က တျာ့မေးခွန်းတွေ ဖြေရဦး မှာပေါ့။ ပုံပြင်ပြောရဦးမှာပေါ့"

"သေချာတာပေါ့၊ တျာ ရှင်ပြောတဲ့ပုံပြင်ကို နားထောင် ချင်လှပြီ"

"ကျွန်တော်ရောပဲ၊ တျာ့ မျက်နှာလေးကိုကြည့်ပြီး တျာ ပြောတဲ့ ပုံပြင်လေးတွေကို နားထောင်ချင်လှပြီ"

တျာတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ရွှန်းရွှန်းစားစား ကြည့်လိုက်ကြသည်။ အချစ်ဆိုတာ ချုပ်ထိန်းလို့ ရတဲ့အရာ မဟုတ်တာ တျာ အခုတော့ လက်တွေ့သဘောပေါက် သွားခဲ့မိသည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၂၅

တနင်္လာနေ့ရဲ့ ပုံပြောဝိုင်းလေးက ကျောင်းသားတစ်စုနဲ့အတူ ပြန်၍အသက်ဝင်လာခဲ့သည်။ မိုးလူကတော့ သူ့ကိုစပ်စုတဲ့လူမှန်သမျှကို ကျွန်တော် အခုမှ အဖြေရှာတွေ့လို့ပါချည်းပဲ ဖြေဆိုနေသည်။ မေးတဲ့သူတွေကလည်း သိသိနဲ့မေးကြတာကိုး။





"ကဲ ... ကဲ ... အခု ပုံပြောပြိုင်ပွဲကတော့ နောက်ဆုံးလက်ကျန်နှစ်ပွဲကို ဆက်ပြောမှာဖြစ်ပြီး အခု ကိုမိုးလူပြောတဲ့ပုံပြင်ကို နီတျာတျာက အဆုံးသတ်ပုံပြင်လေး ပြောရမှာဖြစ်ပါတယ်၊ အားလုံးသိကြတဲ့အတိုင်းပဲ သူတို့ပြောတဲ့ပုံပြင်တွေရော မေးခွန်းတွေကပါ အရမ်းစိတ်ဝင်စားဖို့ ကောင်းပါတယ်၊ ဒီပြိုင်ပွဲမှာ အနိုင်အရှုံးဆိုတာတော့ မရှိတော့ပါဘူး၊ ဘာလို့လဲဆိုတော့ သူတို့နှစ်ယောက်က နှစ်ကိုယ့်တစ်စိတ် ဖြစ်သွားကြလို့ပါ"

"ဟော့ကောင် ... ထိန်လင်း"

"ကိုထိန်လင်း ဘာတွေလျှောက်ပြောနေတာလဲ"

တျာတျာရော မိုးလူပါ မျက်နှာရဲရဲနဲ့ အော်လိုက်သည်။

"ဪ ... မှားလို့ ... မှားလို့၊ လက်ရည်တူသွားကြလို့ပါ ... ဟဲ ဟဲ၊ ဒီအဆုံးသတ်ပုံပြင် ပြောပြီးတာနဲ့ သူတို့ ဒီလိုလူအများကြားမှာ မယှဉ်ပြိုင်တော့ပါဘူး၊ နှစ်ကိုယ်ချင်းပဲပြောကြတော့မှာပါ"

"တွေ့လား ... ပြောနေတဲ့ကြားက"



www.burmeseclassic.com

www.burmeseclassic.com



တျာတျာက စူပွပွပြောလိုက်သော်လည်း စိတ်ဆိုးဟန်တော့ လုံးဝမရှိပါ။ စ,နောက်နေတဲ့ ကျောင်းသားတွေကြား အနေရခက်နေသော်လည်း ပျော်ရွှင်မိသည်ကတော့ အမှန်။

"တျာ ... ကျွန်တော် ဖြေပြီနော်၊ ငပုလေးက နောက်ဆုံးမှာတော့ အသံမြည်တဲ့ကျောက်တုံးတွေဟာ 1,6,21,60,455, 378, ဆိုတဲ့ ကျောက်တုံးခြောက်တုံးဆိုတာ သိသွားတယ်။ ဂူအခန်းတစ်ခုလုံးမှာရှိတဲ့ ကျောက်တုံးက လေးရာရဲ့ငါးဆ နှစ်ထောင်ဖြစ်သွားတာမို့ ဂူအခန်းတစ်ခုမှာ အသံမြည်ကျောက်တုံး သုံးဆယ်ရှိလိမ့်မယ် ...

ဂူတစ်ခုလုံးမှာရှိတဲ့ အခန်းက ဆယ့်သုံးခန်းမို့လို့ သုံးဆယ်ကို ဆယ့်သုံးနဲ့မြှောက်ရင် ကျောက်တုံးပေါင်း သုံးရာ့ကိုးဆယ်ရတယ်။ ဒါပေမဲ့လည်း ဒါတွေက မသေချာဘူးလေ၊ သူနဲ့တစ်တန်းတည်းမှာပဲရှိတဲ့ ကျောက်တုံးတွေပဲ အကျုံးဝင်လိမ့်မယ် ...

ငပုလေး စ,မှတ်တဲ့ကျောက်တုံးအပေါ်ကပဲဖြစ်ဖြစ်၊ အောက်ကပဲဖြစ်ဖြစ် ငပုလေးနဲ့ တစ်တန်းတည်းမှာရှိတဲ့ ကျောက်တုံးတွေရဲ့အကွာအဝေးပုံစံမျိုးနဲ့ လုပ်ထားချင်မှ





လုပ်ထားမှာလေ၊ နောက်ပုံစံတစ်မျိုးနဲ့ စီရင်ထားရင်လည်း စီရင်ထားနိုင်တာပဲ ...

ဘာပဲဖြစ်ဖြစ် ကျောက်တုံးခြောက်တုံးကို တိတိကျကျ သူ ခေါက်နိုင်ခဲ့တဲ့အတွက် ဂူခေါင်မိုးမှာ ကျောက်တုံးခြောက်တုံးစာ ပွင့်သွားတယ်၊ ကျောက်တုံးတွေဟာ ကြီးမားတာမို့ သူတို့တွေထွက်ဖို့တော့ လုံလောက်တယ်၊ ဒါပေမဲ့ မြင့်မားနေတဲ့အတွက် အခက်တွေ့ရပြန်ရော၊ တျာ ဆက်ပြောလို့ရပြီ"

စဉ်းစားချိန်မပေးဘဲ တျာ့ကို လက်တန်းပြောခိုင်းတာ သူ တျာ့ကို ပညာစမ်းခြင်းတစ်မျိုးပဲလို့ တျာ မှတ်ယူလိုက်သည်။

တျာက သူ့ကို ခပ်ပြုံးပြုံးကြည့်ပြီး သူ့ပုံပြင်ကို ဆက်ပြောလိုက်သည်။

"တကယ်တော့ တွက်ကြည့်ရင် ဂူခေါင်မိုးက သိပ်မမြင့်ပါဘူး၊ အစကတည်းက ပြောထားတာက ငပုလေးနဲ့တစ်တန်းတည်း ဂူနံရံပတ်ပတ်လည်မှာ ကျောက်တုံးပေါင်းလေးရာ ရှိတယ်လို့ ပြောခဲ့တာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းလုံးကကျောက်တုံးတွေက သူ့ရဲ့ငါးဆဆို တော့ နှစ်ထောင်ရှိတယ်၊ ဒီတော့ အတန်းတန်းလိုက်ရင် ငါးတန်းပဲရတယ်၊ ငပုလေးက ပုကွသေးကွေးတယ်ဆိုတော့ ထားလိုက်ပါ၊ သူနဲ့တစ်တန်းတည်းရှိတာ အောက်ဆုံးတန်း ပဲလို့ ...

ဆယ်နှစ်သားအရွယ် ကလေးတစ်ယောက်ရဲ့ ပုံမှန် အရပ်က သုံးပေခွဲနဲ့ သူ့ရဲ့အထက်ပဲ၊ ဒါပေမဲ့ ငပုလေးက တော့ သေးကွေးတာဆိုတော့ နှစ်ပေသာသာလောက်ပဲရှိ မယ် ...

ကျောက်တုံးက ကြီးမားတယ်ဆိုတော့ ငပုလေးရဲ့ အရပ်နဲ့ အတူတူပဲလို့ သတ်မှတ်လိုက်ရင် ကျောက်တုံးရဲ့ အမြင့်ကလည်း နှစ်ပေသာသာလောက်ပေါ့၊ နှစ်ပေငါးတန်း ဆိုရင် ဆယ်ပေပဲ၊ အစွန်းထွက်လက်မတွေပေါင်းလိုက်ရင် ဆယ့်တစ်ပေနီးပါးပေါ့ ...

သူ့မှာ အစ်ကိုခြောက်ယောက်ရှိတယ်၊ အရပ်ငါးပေ ခြောက်လက်မ နှစ်ယောက်၊ ငါးပေလေးလက် နှစ်ယောက်





နဲ့ ငါးပေနှစ်လက်မ နှစ်ယောက်လေ။ ဒီတော့ ငါးပေ ခြောက်လက်မ အရပ်ရှိတဲ့ အစ်ကိုနှစ်ယောက်ကို ဆောင့် ကြောင့် ထိုင်ခိုင်းပြီး ငါးပေလေးလက်မရှိတဲ့ အစ်ကိုတစ် ယောက်ကို သူတို့ပခုံးရဲ့တစ်ဖက်စီမှာ တက်ရပ်ခိုင်းလိုက် တယ် ...

ပြီးတော့ ပခုံးပေါ်တက်ရပ်နေတဲ့အစ်ကိုရဲ့ဘေးကို ဟိုဘက်တစ်ယောက်၊ ဒီဘက်တစ်ယောက်စီ ထိန်းပေးရင်း အောက်မှာရှိတဲ့ အစ်ကိုနှစ်ယောက်ကို ဖြည်းဖြည်းချင်း မတ်တတ်ရပ်နိုင်းလိုက်တယ် ...

ဂူခေါင်မိုးက နံ့တာမို့ ဂူကြမ်းပြင်ကနေ ဂူခေါင်မိုး အမြင့်အထိဟာ ဆယ့်တစ်ပေထက် နည်းနည်းပိုမယ်၊ ဒါပေမဲ့ ဂူခေါင်မိုးပေါ်မှာလည်း ကျောက်တုံးခြောက်တုံးစာ ဆယ့်နှစ်ပေ၊ ဆယ့်သုံးပေနီးပါး ပေါက်သွားတာမို့၊ သူတို့ ဟာ ဂူခေါင်မိုးအနိမ့်ဘက်ကိုရွေးပြီး အဲဒီအောက်တည့် တည့်ကနေ ရပ်ကြတာမို့ ပေါက်နေတဲ့ခေါင်မိုးကို မီတာ ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာပဲ အဲဒီအစ်ကိုဟာ သူ့ရဲ့လက်နှစ်ဖက်ကို ဆန့်ထုတ်လို့ ဂူပေါက်ရဲ့ဟိုဘက်ဒီဘက် ကျောက်သားနံရံတွေကို လက်နဲ့စမ်းလို့ အားယူလိုက်ပြီး ခေါင်းကိုဂူပေါက်ကနေထုတ်လို့ အပြင်ထွက်လာနိုင်ခဲ့တယ်။ အဲဒီပုံစံမျိုးနဲ့ သူနဲ့အရပ်တူတဲ့ ညီအစ်ကိုတစ်ယောက်လည်း လွတ်မြောက်လာခဲ့တယ်"

ဟုတ်သည်၊ မဟုတ်သည် အပထား နီတျာတျာကတော့ ငပုလေးတို့ကို လွတ်မြောက်အောင် ကြံဖန်ပြောဆိုနိုင်ခဲ့သည်။

"အဲဒီအစ်ကိုနှစ်ယောက်က ကြိုးမားခိုင်ခန့်တဲ့ နွယ်ကြိုးတစ်ချောင်းကိုယူလာပြီး ဂူအားမှာကပ်ပေါက်နေတဲ့ သစ်ပင်ကြီးမှာ ကြိုးတစ်စကို ချည်နှောင်ပြီး တစ်စကို ဂူပေါက်ထဲချလို့ တစ်ယောက်ပြီးတစ်ယောက် ဆွဲတင်လို့ အားလုံးလွတ်မြောက်သွားကြတယ်၊ အဲဒီအချိန်မှာပဲ ငပုလေးက သူတို့နေခဲ့တဲ့ အိမ်လေးကို အရမ်းသတိရသွားတယ် ...



ပြီးတော့ သူ့အဖေကိုရောပဲပေါ့၊ ငါ့အဖေနေကောင်းရဲ့လား၊ အဆင်ပြေမှပြေရဲ့လားဆိုတဲ့ အတွေးတွေ သူ့ခေါင်းထဲ ရောက်လာတယ်။ စစချင်းတုန်းကတော့ သူတို့ကို ပစ်ထားရပါမလားဆိုပြီး စိတ်ဆိုးခဲ့တာကိုး"

တျာအသံလေး တိမ်ပြီးဝင်သွားတာမို့ မိုးလူ တျာရင်တွင်းခံစားချက်ကို နားလည်မိပြီး စိတ်မကောင်း ဖြစ်သွားသည်။ တျာ သူ့မအဖေကို စိတ်ထဲကကျိတ်လွမ်းနေတာများလား။ သူ့မအပေါ်မှာ သနားစိတ်ခဲ့တွေရော၊ ကရုဏာစိတ်တွေပါ သူ့ရင်ဘတ်ထဲ မဆန့်အောင် ကြီးထွားရှန်းကြွလာခဲ့သည်။

တျာက ဝေ့လာတဲ့မျက်ရည်တွေကို မျက်တောင်ပုတ်ခတ်၊ ပုတ်ခတ်လုပ်ရင်း စကားပြန်ဆက်သည်။

"ဒါပေမဲ့ ဒီအတိုင်းပြန်သွားလို့ကလည်း မဖြစ်ဘူး၊ ငါတို့ကို အဖေစွန့်ပစ်ခဲ့တာ ဆင်းရဲလို့၊ ဆက်မကျွေးနိုင်လို့ပဲ၊ ဒီတော့ ငါ ချမ်းသာအောင်လုပ်ရမယ်လို့ တွေးမိတယ်တဲ့၊ ဒီလိုနဲ့ သူတို့ အဲဒီတောအုပ်ကို လွန်တဲ့အခါ ရွာလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ရွာကို ရောက်သွားကြတာပေါ့။ သူတို့ အရင်နေတဲ့ရွာလေးက တောအုပ်ရဲ့တောင်ဘက်မှာ၊ အခုရွာက တောအုပ်ရဲ့ မြောက်ဘက်မှာပေါ့ ...

ရွာထဲရောက်တော့ ကမောက်ကမ မြင်ကွင်းတွေကို တွေ့လိုက်ရတော့ ငပုလေးရော သူ့အစ်ကိုတွေပါ တဟားဟားနဲ့ အော်ရယ်ကြတာပေါ့။ နွားမကြီးရဲ့နို့ကို မညှစ်ချဘဲ နွားမကြီးရဲ့နို့အုံအောက်မှာ လိုက်စို့နေတဲ့သူတွေကို တွေ့လားတွေ့ရဲ့ ...

မြင်းကုန်းနှီးမှာ ထိုင်မလိုက်ဘဲ မြင်းမြီးဆွဲပြီးပြေးလိုက်နေတဲ့ သူကလိုက်၊ အမျိုးသမီးတွေ ကြည့်တော့လည်း ဘဲဥတွေကိုပြုတ်ပြီးမှ အခွံမနွှာဘဲ ဆုံထဲထည့်ထည့်ထောင်းနေတာကြောင့် ငပုလေးက ဒီလူတွေဟာ တော်တော်ထုံထိုင်းအ,နေတဲ့လူတွေပဲဖို့ ကောက်ချက်ချမိတယ် ...

ဒါနဲ့ပဲ သူက မနေနိုင်လို့ ရွာကလူကြီးရဲ့အိမ်ကိုဝင်ပြီး ပြောလိုက်တယ်။ 'ရွာလူကြီးခင်ဗျာ ... ကျွန်တော်ဟာ





ပညာရှိလူငယ်တစ်ယောက် ဖြစ်ပါတယ်၊ သင်တို့ရဲ့အလွဲတွေမှန်သမျှကို ဖြေရှင်းနိုင်ပါတယ်လို့ ပြောလိုက်တယ်'။ 'ကောင်းတာပေါ့ မောင်ရယ်၊ ဒါပေမဲ့ ပညာရှိဆိုတာ ဘာကိုခေါ်တာလဲ၊ အလွဲဆိုတာရော ဘယ်လိုဟာမျိုးကိုပြောတာလဲလို့'ပြန်မေးလိုက်တယ်တဲ့"

တျာ့စကားကြောင့် အားလုံးပြုံးကုန်ကြသည်။ သူက ပေါက်ပေါက်ရှာရှာ၊ ရှာရှာဖွေဖွေ တစ်ထိုင်တည်း စဉ်းစားနိုင်သော တျာ့အတွေးလေးကို ချစ်မိသည်။

"ကျွန်တော် ဆက်ပြောလိုက်မယ် တျာ၊ တျာ မောနေပြီ"

ဇကရီက အပြစ်သည်းနေသော မိုးလူကို မျက်စောင်းအသာထိုးလိုက်ပြီး နေ့ချင်း ညချင်း ပြောင်းလဲသွားသော တျာ့ကိုလည်း ကြည့်မရတာနှင့် ဘလိုင်းကြီး တျာ့လက်ကို ဆွဲဆိတ်လိုက်သည်။

ဒီမိန်းမမျက်နှာမှာ တစ်ခါဖူးမှ မမြင်ဘူးတဲ့ နူးညံ့ခြင်းတွေ ပျော်ဝင်နေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ငပုလေးက ခင်ဗျားကိုရှင်းပြလည်း ခင်ဗျားနားလည်မှာမဟုတ်ပါဘူး၊ ခင်ဗျားရဲ့နွားခြံထဲမှာရှိတဲ့ နွားတွေရဲ့နို့ကို လိုချင်ရင် အောက်ကခွက်တစ်လုံးခံပြီး ညှစ်ရတယ်ဗျ၊ အောက်ကနေ လိုက်စို့နေရင် မတော်နွားအကန်ခံရနိုင်တယ်"

"အလုပ်ရှုပ်ကရှုပ်နဲ့ကွာ၊ သောက်ချင်တဲ့သူ သွားစို့လိုက်ပြီးတာပဲဟာကိုလို့"

ရွာသူကြီးက ပြန်ပြောလိုက်တယ်တဲ့။ မိုးလူစကားကြောင့် ကျောင်းသားတွေ တသောသော ရယ်နေကြသည်။

"ဒါနဲ့ပဲ ငပုလေးက နွားနို့ကို စနစ်တကျညှစ်ပြီး ကြိုသောက်တာ၊ ဒိန်ခဲ၊ ဒိန်ချဉ်လုပ်တာတွေကို သင်ကြားပြသတာပေါ့၊ အဲဒီမှာ ရွာလူကြီးဟာ ငပုလေးကို အထင်ကြီးလေးစားသွားပြီး သူတို့ရွာမှာ နေထိုင်ခွင့် ပေးထားတယ်၊ ဘာကိစ္စပဲဖြစ်ဖြစ် ငပုလေးကိုပဲ တိုင်ပင်တော့တယ်၊ တစ်နေ့တော့ ရွာသားတစ်ယောက်ဟာ အမောတကောနဲ့ ငပုလေးဆီအပြေးရောက်လာပြီး ပြောလိုက်တယ် ...





'ဆရာလေး ... ကျွန်တော် တောထဲကသစ်ပင်တစ်ပင်ကို ခုတ်လှဲလိုက်တာ သစ်ခေါင်းထဲက ဘာတွေလဲမသိဘူး ထွက်ကျလာတယ်'တဲ့။ အဲဒါနဲ့ ငပုလေးလည်း အဲဒီလူနောက် လိုက်ပြီးသွားကြည့်တော့ ရွှေဒင်္ဂါးပြားတွေကို တွေ့လိုက်ရတယ် ...

'ဟင် ... ဒါက ရွှေဒင်္ဂါးပြားတွေပဲ'၊ 'ရွှေဒင်္ဂါးပြားဆိုတာ ဘာကိုခေါ်တာလဲ ဘာလုပ်လို့ရလဲ'လို့ ရွာသားက မေးတော့ ငပုလေး စိတ်ပျက်သွားတာပေါ့ ...

'ဟ ... ဒါတွေနဲ့ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်လို့ရတယ်ဗျ'လို့ ပြန်ဖြေလိုက်တယ်။ ရွာသားက 'မဖြစ်နိုင်တာဗျာ၊ ကျုပ်တို့ရွာမှာ 'ဝယ်'ဆိုတဲ့စကားကို မကြားဖူးဘူး၊ 'လဲ'ဆိုတာပဲသိတယ်၊ ကျွန်တော် ဘဲဥလိုချင်ရင် ကျွန်တော့်မှာရှိတဲ့ဂျုံနဲ့ လဲလိုက်တာပဲ၊ ဒါကြီးက ဘာမှလဲ စားလို့မရ ဘာမရနဲ့ တန်ဖိုးမရှိတဲ့ဟာပါဗျာ'လို့ ပြောလိုက်တယ်တဲ့ ...

ရွာသားရဲ့စကားက တကယ်တော့လည်း မမှားပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ရွာက ငွေကြေးကိုမသုံးစွဲပဲ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းခြင်းလဲလှယ်တဲ့စနစ်ပဲ သုံးတာလေ၊ တခြားရွာတွေနဲ့လည်း ကုန်သွယ်မှုမရှိဘူး ...

ဒါနဲ့ပဲ ငပုလေးတို့ညီအစ်ကိုတွေဟာ ဝမ်းသာအားရနဲ့ ရွှေဒင်္ဂါးပြားတွေကို ကောက်ယူသိမ်းဆည်းပြီး ရွာလူကြီးကို ခွင့်ပန်လို့ လာလမ်းအတိုင်း ပြန်လှည့်လာတော့တာပေါ့။ ပြီးတော့ တောအုပ်ကိုကျော်ပြီး သူတို့နေခဲ့တဲ့ရွာလေးကို ပြန်လာခဲ့ပြီး သူ့အဖေကို ရွှေဒင်္ဂါးပြားတွေပေးပြီး သူတို့သားအဖတွေ အသက်ထက်ဆုံး ပျော်ရွှင်စွာနေထိုင်သွားကြတယ်တဲ့"

နားထောင်နေသူအားလုံး ပုံပြင်လေးပြီးသွားတာကို နှမြောတသနေကြသည်။ ဒီပုံပြောပြိုင်ပွဲမှာ နိုင်သူလည်းမရှိ ရှုံးသူလည်းမရှိ။ သို့သော် ပုံပြောပြိုင်ပွဲကို အကြောင်းပြု၍ အားကျစရာ စုံတွဲတစ်တွဲတော့ ထပ်တိုးလာတော့မည် ဆိုတာတော့ အားလုံးရိပ်မိကြသည်။

♥○♥





❀ ၂၆ ❀

Sedona က မင်္ဂလာပွဲအခမ်းအနားက စည်ကားသိုက်မြိုက်လို့နေသည်။ နောက်ဆုံးပေါ်ကားမျိုးစုံတို့က ဟိုတယ်ရှေ့အစီအရီထိုးရပ်လို့၊ မင်္ဂလာဧည့်ခံပွဲ တက်ရောက်လာကြသူတွေကလည်း စိန်ရောင် ရွှေရောင်တွေ၊ တောက်ပသောဝတ်စုံတွေနှင့် ကလက်လက်တောက်ပနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာအခမ်းအနား အစီအစဉ်ကြေညာသူ၊ ပန်းကြဲ သတို့သမီးသတို့သားအရံတွေနဲ့အတူ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပြီး တကယ့်ကို ခမ်းနားလှသည့် မင်္ဂလာပွဲပင်။

ဧကရီက ထိုင်နေသောစားပွဲရဲ့ ဟိုဘက်ဒီဘက်စားပွဲတွေကို လိုက်ကြည့်နေမိသည်။ ဧကရီ့အစ်မ မမကေသီရဲ့သူငယ်ချင်း မမယွန်း မင်္ဂလာဆောင်မို့ ဧကရီက မမကေသီနဲ့အတူ လိုက်လာခဲ့ခြင်းဖြစ်သည်။

"ဟော့ကောင် ... လာ သွေးသစ်၊ ယွန်း ဒါ ကိုယ့်သူငယ်ချင်း သွေးသစ်လေ"

ဧကရီ့နောက်စားပွဲက အသံတွေကြားလိုက်တာမို့ ဧကရီ ဘာရယ်မဟုတ် လှည့်ကြည့်လိုက်သည်။

"ဟင်"

ဧကရီ ကပျာကယာ ရှေ့ကိုမျက်နှာပြန်လှည့်လိုက်သည်။ သူ ... သူ ... တျာတျာတို့အိမ်က ဒရိုင်ဘာ ကိုနေဇော်ပဲ၊ ဟုတ်တယ် ... ပြုံးနေတဲ့ သူ့အပြုံးတွေက ပေါ်နေတဲ့သွားစွယ်လေးတွေက ကိုနေဇော်မှ ကိုနေဇော်အစစ်။





သူ့ပုံစံက သားနားသပ်ရပ်လို့နေသည်။ တျာတို့အိမ်မှာ ကားမောင်းတုန်းကလို အဝတ်အစား ခပ်နွမ်းနွမ်းနှင့်မဟုတ်။ ဘာတွေလဲ ... ဧကရီ နားမလည်နိုင်။ ရုတ်တရက် "သွေးသစ်"ဆိုသည့် နာမည်ကို ကြားဖူးသလိုလို ခံစားလိုက်ရသည်။

"ဘယ်လိုလဲ သွေးသစ်၊ ငါတို့ကို အားမကျဘူးလား"

"အားကျတာပေါ့ကွာ၊ ငါလည်း ကြိုးစားနေတာပဲ"

သူ့အသံကလည်း ကိုနေဇော့်အသံမှ ကိုနေဇော့်အသံအစစ်။ ဧကရီ တျာ့ကို ပြေးပြောချင်စိတ်တွေ တားမနိုင်ဆီးမရ။ ဒါပေမဲ့ ဧကရီပြောလို့ သင့်တော်ပါ့မလား။ သူ တျာတျာတို့အိမ်မှာ ဒရိုင်ဘာဝင်လုပ်တာ ခိုင်လုံတဲ့အကြောင်းပြချက်တော့ ရှိရမည်မဟုတ်လား။ သူ့ကိုနဂိုကတည်းက ရင်ခုန်မိတဲ့သူမို့ ဒီကိစ္စကို တိတ်တိတ်စုံစမ်းဖို့ ဧကရီ ဆုံးဖြတ်လိုက်သည်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



## ၂၇

"တျာတျာ ... နင် မိုးလူကို အဖြေပေးလိုက်ပြီလား"

သချာပုစ္ဆာတစ်ပုဒ်ကို မရမက တွက်ထုတ်နေသော တျာတျာက သူ့အမေးကိုမဖြေဘဲ ခေါင်းခါလိုက်သည်။

"တျာတျာ ... ငါမေးနေတယ်လေ"





ကေရီရဲ့စိတ်မရှည်သံကို ထပ်ကြားမှ တျာတျာက ဘောလ်ပင်ကိုချပြီး မျက်လုံးလှန်ကြည့်သည်။

"မပေးရသေးပါဘူး၊ သူ့ကို ကျုပ် စောင့်ကြည့်နေတုန်းပဲ ရှိပါသေးတယ်၊ တစ်နေ့တော့ ပေးဖြစ်မှာပါ"

"ဒါပေမဲ့ အားလုံးကတော့ နင်တို့နှစ်ယောက်ကို ငြိသွားပြီလို့ ထင်နေကြတာနော်"

"ငြိသွားတယ်လေ နှလုံးသားချင်း၊ ဒါပေမဲ့ ကျုပ်ဘက်ကတော့ တရားဝင်အသိအမှတ်မပြုသေးဘူး"

"ဒါနဲ့ တျာတျာ၊ အခုတလော ကိုနေဇော်လည်း မတွေ့ဘူးနော်"

"ဘာလဲ သံယောဇဉ်မပြတ်သေးဘူးလား၊ ရှင့်ဘေးနားမှာ ဒီလောက်ကောင်လေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ဟာ၊ ပြီးတော့ သူကဒရိုင်ဘာ၊ ရှင့်ထက်လည်း အသက်ကြီးတယ်၊ ဘယ်လိုမှကို မဖြစ်နိုင်တာ၊ မေ့လိုက်စမ်းပါ"

"ဟုတ်ပါတယ်၊ ငါက သူ့ကို အခုတလောမတွေ့လို့မေးမိတာပါ၊ ငါလည်း သူ့ကို စိတ်လျှော့လိုက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ထူးဆန်းတာတော့ တော်တော်ထူးဆန်းတယ်ဟာ၊ ကြီးကြီးနုတို့ ကိုကိုစိုးတို့ ဆေးများမိထားကြသလား မသိဘူး၊ သူ ခဏခဏခွင့်ယူတာကို ဘာမှမပြောကြဘူး၊ သူကလည်း အကြောင်းပြချက်မျိုးစုံပေးပြီး ခွင့်ယူတယ်"

ကေရီ မျက်လုံးတွေမှေးစင်းထားပြီး စဉ်းစားခန်းဝင်နေသည်။ ဒါကြီးက အထင်အရှားကြီးပဲ၊ သူက ဒရိုင်ဘာအစစ်မှ မဟုတ်တာ၊ ဒါကို တျာတျာကလွဲလို့ တစ်အိမ်လုံးက သိထားသည့်ပုံပဲ။ ကေရီ တစ်ခုခုကို ဆက်စပ်စဉ်းစားမိသွားပြီး မရဲတရဲမေးလိုက်သည်။

"တျာတျာ ... ဟိုးအရင်ကလေ ကြီးကြီးနုက နင့်ကိုပေးစားမယ်လို့ပြောခဲ့တဲ့ သူ့ရဲ့နာမည်ကဘယ့်သူ"

"သွေးသစ်တဲ့ ... နာမည်ကဆန်းလို့ ကျုပ်မှတ်ထားတာ၊ ကျုပ် ယတိပြတ်ငြင်းချပစ်လိုက်တော့ ကိစ္စလည်းပြတ်ရောပဲ"

ကေရီမျက်ဝန်းတွေမှာ အလင်းတန်းဖြာသွားသည်။ သေချာသွားပါပြီ။ မမယွန်းဆိုက် စုံစမ်းရသလောက် အဲဒီသွေးသစ်ဆိုတဲ့လူဟာ တျာတျာ့ဦးလေးလိုပဲ အထည်ချုပ်စက်ရုံပိုင်ရှင်၊ အမေက ငယ်ငယ်ကတည်းက ဆုံးသွားပြီး အဖေက ကနေဒါမှာ နောက်အိမ်ထောင်နဲ့ နိုင်ငံသားခံယူထားသည်။

သူက မြန်မာနိုင်ငံမှာပဲ အခြေချမည်ဆိုပြီး ပြန်လာပြီး သူ့အဖေရဲ့ဝမ်းကွဲညီ သူ့ဦးလေးအိမ်မှာ နေသည်တဲ့။ ဒီတော့ သူ တျာတျာတို့အိမ်မှာ ဒရိုင်ဘာလာလုပ်တာ တျာတျာနဲ့နီးစပ်မှုရချင်လို့ဆိုတာ သိပ်ပြီးရှည်ရှည်ဝေးဝေး စဉ်းစားစရာမှမလိုတာ။ တျာတျာကတော့ ဘာမှသိသည့်ပုံ မပေါ်ပါ။

"ငါ့အထင်ပြောရရင် နင် မိုးလူကို အဖြေပေးသင့်ပြီ"

"ရှင် စိတ်မှကောင်းသေးရဲ့လား ကေရီ၊ စကားတွေက ဟိုရောက် ဒီရောက်လိုက်နဲ့"

"ငါ နင့်ကို အတည်ပြောနေတာ တျာတျာ၊ နင့်ကို နောင်တမရစေချင်ဘူး"

ကေရီ့စကားတွေက အဆန်းမို့ တျာ ဘောလ်ပင်လေးကို ကိုက်ထားပြီး အဖြေရှာ မျက်ဝန်းတွေနှင့် ကေရီ့ကိုစိုက်ငေးကြည့်နေသည်။

♥ ○ ♥







www.burmeseclassic.com

www.burmeseclassic.com



၂၈

"ဟင် ... ဒါကြီးက ဘာလဲ"

မိုးလှု ဘေးနားက ခုံတစ်ခုံပေါ်မှာ နေရာအပြည့်ယူပြီး အခန့်သားထိုင်လို့ တျာ့ကို ပြုံးပြနေတဲ့ ဝက်ဝံရုပ်အဖြူကြီးကိုတွေ့တော့ တျာ အံ့သြသွားသည်။





"တျာ့ မွေးနေ့အတွက် လက်ဆောင်ပါ"

"မွေးနေ့က မနက်ဖြန်မှလေ မိုးလှုရဲ့"

"ဟုတ်တယ်၊ မနက်ဖြန်က စနေနေ့လေ၊ ပြီးတော့ တျာ့ကို ဘယ်သူမှ မွေးနေ့လက်ဆောင်မပေးခင် ကျွန်တော် အရင်ပေးချင်လို့ပါ"

တျာက ဝက်ဝံရုပ်ကြီးကို ကိုင်ကြည့်နေသည်။ ရင်ထဲမှာလည်း အပျော်တွေအပြည့်နဲ့ပေါ့။

"တကယ်တော့ ကျွန်တော် တျာချစ်တဲ့နှင်းဆီပင်လေးတစ်ပင်ကို အိုးလှလှလေးနဲ့ ပေးချင်တာပါ၊ ဒါပေမဲ့ ..."

"ဘာရယ် ... တျာ နှင်းဆီကြိုက်တာ မိုးလှု ဘယ်လိုလုပ်သိလဲ"

မိုးလှု သူ့စကားမှားသွားသည့်အတွက် နောင်တရသွားသည်။ ကိုသွေးက တျာ့အတွက် နှင်းဆီအိုးလေး မွေးနေ့လက်ဆောင်ပေးဖို့ စီစဉ်ထားတာလေ။ တက်ကြွနေတဲ့ ကိုသွေးပုံစံကိုကြည့်ပြီး တျာနဲ့ သူ့အကြောင်းပြောဖို့ စကားတွေ သူ့လည်ချောင်းဝမှာပဲ တစ်ဆို့သွားခဲ့တယ်လေ။ တကယ်ဆို ကိုသွေးကို သူ ပြောပြဖို့ကောင်းနေပါပြီ။ မိုးလှု သက်ပြင်းအကြိမ်ကြိမ်ချနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညက ရှင်ပြောပြတဲ့ပုံပြင်လေး အရမ်းကောင်းတယ်။ ဒါပေမဲ့ အဲဒီပုံပြင်လေးကို တျာ ထပ်ဆက်လိုက်ရင် အရသာပျက်မှာစိုးလို့ ဒီအတိုင်းလေးပဲ ထားလိုက်တာပေါ့နော်"

သူ တျာ့အပြောလေးကို မြတ်နိုးစွာ ကြည့်နေမိသည်။

"မိုးလူ ... ရှင် တျာ့ဆီက တစ်ခုခုမတောင်းဆိုချင်ဘူးလား၊ ဥပမာ ... မနက်ဖြန် စနေနေ့ကလည်းဖြစ်၊ ကျောင်းကလည်းပိတ်၊ တျာ့မွေးနေ့လည်း ဖြစ်တာမို့ သူငယ်ချင်းတွေနဲ့စုပြီး တစ်နေရာရာသွားကြဖို့ ဆိုတာမျိုးလေ"

"ဟင့်အင်း တျာ၊ ကျွန်တော် တောင်းချင်တာ ဘာလဲ တျာလည်းသိနေတာပဲ၊ မပေးချင်တဲ့သူဆီက ကျွန်တော် အတင်းအကြပ် မတောင်းချင်ပါဘူး၊ လိုလိုလားလားပေးရင်တော့ ရိုရိုသေသေနဲ့ မြတ်မြတ်နိုးနိုး သိမ်းထားမှာပါ"

သူ့စကားကြောင့် တျာ မျက်လွှာလေးချလို့ ငြိမ်နေသည်။

"ဟယ် ... တျာတျာ၊ ငါ့ဖုန်း အခန်းထဲမှာကျန်ခဲ့တယ်ထင်တယ်၊ သွားရှာလိုက်ဦးမယ်နော်"





ကေရီက အလိုက်တသိနဲ့ ကမန်းကတန်း ထ,ထွက်သွားသည်။ တျာ မိုးလူကို အဖြေပေးလိုက်ဖို့လည်း ကေရီ ဆုတောင်းနေမိသည်။

"ဒါဆိုလည်း ... နှင်းဆီနီလေး မွေးဖွားချိန်
ဆွမ်းစားအမိ
နှစ်နာရီမှာ
ကျက်သရေရှိတဲ့ အိမ်လေးရှေ့က
အနီရောင်ဝတ်စုံဝတ်ထားတဲ့
ဆက်သွယ်ရေးဝန်ထမ်း
ရင်ဘတ်ထဲက
အဖြေကို လာယူလိုက်လေ"

သူ တျာ့ရဲ့စကားလိမ်လေးကို ကြားရတော့ တိုးဖွဖွ ရယ်လိုက်သည်။ နီတျာတျာဆိုတဲ့ ကောင်မလေးရဲ့အချစ်ကိုရဖို့ တော်တော်ကို အစစ်အဆေးခံရတာပဲ။

"ရှင် ဘာရယ်တာလဲ မိုးလူ၊ တျာက ရှင့်ကိုနောက်နေတယ်ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး တျာ၊ ကျွန်တော် ဘာကြောင့်များ သူများနဲ့မတူတဲ့ ကောင်မလေးကို ချစ်မိလည်း စဉ်းစားမိသွားလို့ပါ"

တျာ မျက်စောင်းလေး သူ့ဆီပျံ့ဝဲလာသည်။

"တျာ ... တျာ့ရဲ့အဖြေကို ကျွန်တော် လာယူမှာပါ။ ကျွန်တော့်အတွက် ပျော်စရာအဖြေဖြစ်မယ်လို့ ယုံကြည်တယ်"

"ဟိုမိန်းမကလည်း ကြာလိုက်တာ"

တျာက သူ့အကြည့်စူးစူးရဲရဲကို မခံနိုင်တော့တာနှင့် မျက်နှာလွှဲပြီး ရှက်ရဲရဲဆိုသည်။

"သူ ပြန်လာမှာ မဟုတ်ဘူးလေ၊ ကေရီက အလိုက်သိပါတယ်"

"တျာ အခုကျောင်းပြန်တက်ရင် ဒီအရုပ်ကြီးကို သယ်သွားရမှာလား"

"ကျွန်တော် တျာတို့အခန်းအထိ သယ်ပေးမယ်လေ"

"ကျောင်းဆင်းတော့ရော"





မိုးလူ ဆွံ့အသွားသည်။ ကိုသွေးက တျာ့ကိုလာကြိုမှာလေ၊ ဒီအရုပ်ကြီးကိုင်ပြီး တျာ့ကို လိုက်ပို့ရင် ကိုသွေးသစ် ဘယ်လိုခံစားသွားရမလဲ။ မြှုန်းစားကြီးဆိုတော့ ကိုသွေး ခံနိုင်မည် မထင်ပါ။

"Sorry ပဲ တျာရယ်၊ ကျွန်တော်တို့ ဒီနေ့ နောက်ဆုံးအချိန် မရှိဘူးလေ၊ ကျူရှင်တန်းပြေးရမှာ"

"အင်း ... ရပါတယ်၊ ရှင် မှန်မှန်ပြောစမ်း၊ ရှင် အခုဘယ်မှာအဖြေကိုလာယူရမယ်ဆိုတာ သိပြီးသွားပြီ မဟုတ်လား"

သူ ပြုံးတုံ့တုံ့လေး လုပ်နေသည်။

"ဟင့် ... သွားပါပြီ၊ သိပ်များလွယ်သွားလား မသိဘူး"

တျာက သူ အဖြေရှာတွေ့သွားတာကို မကျေမချမ်းဖြစ်သွားသည့်ပုံနှင့် မကျေမနပ် ရေရွတ်နေသည်။

မလွယ်ပါဘူးလို့ပြောလည်း တျာက လက်မခံ၊ ရှုပ်ပုပ် ဖြစ်နေသည်။ တျာ ဘယ်လိုလေးပဲနေနေ၊ ဘာတွေပဲပြောပြော၊ ဘာတွေပဲလုပ်လုပ် သူချစ်သည်။ ဒါပေမဲ့ အတွေးထဲ ကိုသွေး ဝင်လာတိုင်း သူ စိတ်တွေနောက်ကျိရှုပ်ထွေးသွားသည်။ တျာနဲ့ အဝေးဆုံးမှာနေဖို့၊ တျာ့ကို မေ့ပစ်လိုက်ဖို့ဆိုတာ သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကိုခက်ခဲခဲ့တာ သူကိုယ်တိုင် လက်တွေ့ခံစားခဲ့ရပြီးပြီပဲ။ အခုဆို သူ့နှလုံးသားထဲမှာ တဏှာပုံရိပ်တွေက ပိုပြီးထင်ရှားကြီးစိုးနေပြီလေ။

♥ ○ ♥

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။





## ၂၉

ဝက်ဝံရုပ်အဖြူကြီးကို သယ်လာသော တဏှာကို သွေးသစ်ရော၊ သွယ်သွယ်မင်းရော အံ့သြဟန်လှမ်းကြည့်နေကြသည်။ တဏှာက ကားတံခါးကိုဆွဲဖွင့်ပြီး ဝက်ဝံရုပ်ကို အရင်သွင်းပြီးမှ ကားပေါ်တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝက်ဝံရုပ်ကြီးက လှလှချည်လား တျာရဲ့"

"ဟုတ်တယ် မမသွယ်၊ တျာ မွေးနေ့လက်ဆောင်ရတာ လေ"

သွေးသစ်က မသက်ာဟန်ဖြင့် တျာ့ကို ကားမှန်ထဲမှ လှမ်းကြည့်နေသည်။

"တျာတျာ့မွေးနေ့က မနက်ဖြန်မှ မဟုတ်လား"

"ဟုတ်တယ်၊ သူက အရင်ဆုံးပေးချင်လို့ဆိုလို့"

"ရီးရော ရီးရဲ့လား တျာတျာ"

တျာတျာကတော့ မမသွယ် စကားကို ဘာမှပြန်မဖြေဖြစ်ပါ။ ဖြေဖို့လည်း မလိုပါ။ ဒါက တျာတျာရဲ့ကိုယ်ရေးကိုယ်တာကိစ္စ မဟုတ်လား။

သွေးသစ် ရင်ထဲမှာ မုန်တိုင်းထန်သွားသည်။ တျာ့မှာ ချစ်သူတွေ ဘာတွေများ ရှိနေပြီလား။ တစ်ဆက်တည်းမှာပဲ သူ့ရဲ့ညံ့ဖျင်းမှုကို အားမလိုအားမရ ဖြစ်သွားမိသည်။ တျာ့ကို သူ့ထက်အရင် တစ်ယောက်သောသူက လက်ဆောင်ပေးခဲ့ပြီပဲ။ သူ့စိတ်ထဲမှာ သူနဲ့တျာ ပိုပြီးဝေးကွာသွားသလို ခံစားလိုက်ရသည်။ ဝက်ဝံရုပ်ဆီ သူ့အကြည့်အရောက် သူ့ရင်ထဲ တုန်ခါသွားသည်။





"အဲဒီတစ်ယောက်က ယောကျ်ားလေးလား မိန်းကလေးလား တျာတျာ၊ ဒါတော့ ဖြေလို့ရမှာပေါ့နော်"

ကိုနေဇော်စကားကြောင့် ပထမ တျာ့ကို စစ်လားဆေးလား လုပ်နေတဲ့လေသံ ပေါက်နေတာမို့ ဒေါသထွက်သွားသော်လည်း တျာ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စကို မပြောလိုသော်လည်း ရွဲ့ပြီး အမှန်အတိုင်း ပြောပစ်လိုက်သည်။

"ယောကျ်ားလေးပေးတာ၊ မကြာခင်မှာ တျာ့ ချစ်သူဖြစ်လာမယ့်သူ၊ ဘာထပ်သိချင်ကြသေးလဲ"

တျာ့စကားကြောင့် သွေးသစ် ရင်ထဲမှာ မီးတောင်တစ်လုံး ပေါက်ကွဲသွားသလို အဆမတန် နာကျင်ပူပြင်းလို့နေသည်။ ရုတ်တရက် သူ ဘရိတ်ကိုဆောင့်နင်းလို့ ကားရပ်ပစ်လိုက်သည်။

"အို ... အမေ့၊ ဘာဖြစ်တာလဲ ကိုနေဇော်"

သွယ်သွယ်မင်းက အလန့်တကြား မေးလိုက်သည်။ သို့သော်လည်း သွေးသစ် တော်တော်ထိနေပြီမှန်း ချက်ချင်းသဘောပေါက်လိုက်သည်။ သွေးသစ် စိတ်ကိုပြန်ထိန်းလိုက်ဟန်ဖြင့် ကားကိုပုံမှန်ပြန်မောင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေက အိမ်ကိုပဲရောက်နေသည်။ "လုပ်ရက်လေခြင်း" ဟူသော နာကျင်မှုက သူ့ကိုပိုပြီး အခံရခက်စေသည်။ တျာ့ကို ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံချင်ပါ။ ရှေ့မှာရှိနေသော အတားအဆီးမှန်သမျှကို သူ ရှင်းထုတ်ပစ်ရလိမ့်မည်။

♥○♥





၃၀

"တျာတျာ ... နင် ဝက်ဝံရုပ်ကြီးဖက်ပြီး အိပ်နေတာမဟုတ်လား၊ ပြောစမ်း ... ငါ့ကိုမှန်မှန်"

ဖုန်းထဲမှ ကေရီရဲ့အသံကြောင့် တျာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။ သိပ်တော်တဲ့ ကေရီ၊ တျာ အရုပ်ကိုဖက်ထားတာ ဘယ်လိုလုပ်သိသွားလဲမသိ။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့ ကေရီရဲ့၊ ကျုပ်ချစ်တဲ့သူပေးထားတာဆိုတဲ့ အသိကြောင့်လား မသိဘူး၊ ဖက်လို့ကောင်းလိုက်တာ နွေးနေတာပဲ"

"ဝက်ဝံရုပ်ကြီးကို ဘယ်သူပေးတာလဲလို့ အိမ်ကလူတွေ မစပ်စုကြဘူးလား"

"ဘာပြောကောင်းမလဲ၊ ကားပေါ်စ,တက်ကတည်းက မမယွန်းက စပ်စုတယ်၊ ပြီးတော့ ဟိုဒရိုင်ဘာရောပဲ"

"ဟင် ... နှင် ဘယ်လိုပြောလိုက်လဲ"

"ပထမတော့ ငါလည်း မပြောဘူးလို့နေတာ၊ ကြည့်မရတာနဲ့ အမှန်အတိုင်းပဲ ပြောလိုက်တယ်"

"ဟယ် ... ပြောပြလိုက်တယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ"

"မဟုတ်ဘူးနော် တျာတျာ၊ နှင် မပြောသင့်သေးဘူး၊ ဒုက္ခပါပဲ၊ နှင် မိုးလူကိုရော အဖြေပေးလိုက်လား"

"စကားလိမ်နဲ့တော့ ပြောထားတယ်၊ သူလည်း သိပါတယ်၊ သူက သိပ်ဥာဏ်ကောင်းတဲ့သူပဲ၊ နေပါဦး ... ရှင်ကဘာတွေ ဒီလောက်စိုးရိမ်နေရတာလဲ"





ကေရီက တျာတျာကို အဖြစ်မှန်ပြောသင့် မပြောသင့် ချိန်ဆနေသည်။ နောက်တော့ စိတ်ပိုင်းဖြတ်လိုက်ပြီး စကားစ,လိုက်သည်။

"တျာတျာ ... ငါ အခုပြောမယ့်စကားကို သေချာနားထောင်ပါ၊ ပြီးတော့ နှင် စဉ်းစားဆုံးဖြတ်ပါ"

"အေးပါ ... ဘာမို့လို့လဲ ပြောစမ်းပါဦး"

"နှင်တို့အိမ်မှာ ဒရိုင်ဘာလာလုပ်နေတဲ့ ကိုနေဇော်ဟာ တကယ်တော့ နှင်နဲ့ ကျောင်းပြီးရင် စီစဉ်ပေးမယ်ဆိုတဲ့ သွေးသစ်ပဲ"

"ဟင် ... ကေရီ၊ နှင် ဘာပြောလိုက်တယ်"

"ဟုတ်တယ် တျာတျာ၊ ငါလည်းသိတာမကြာသေးဘူး၊ ငါ့အစ်မသူငယ်ချင်း မမယွန်းရဲ့မင်္ဂလာဆောင်မှာ သူနဲ့တွေ့ခဲ့တာ၊ သူကတော့ ငါ့ကိုမမြင်ပါဘူး၊ မမယွန်းရဲ့အမျိုးသားက သူ့ကို သွေးသစ်လို့ ခေါ်ပြီးနှုတ်ဆက်တာ၊ သူ နှင်တို့အိမ်မှာလာပြီး ဒရိုင်ဘာလာလုပ်တာ နှင်နဲ့နီးစပ်ချင်လို့ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူ့အကြည့်တွေက ကျော့အပေါ်မှာ အရမ်းနွေးထွေးနေတာကိုး။ သူပြောတဲ့ သူသိပ်ချစ်ရတဲ့ကောင်မလေးဆိုတာလည်း ကျော့ကို ပြောတာပဲပေါ့။ ဒီနေ့ သူ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတာလည်း ကျော့စကားကြောင့်ပေါ့။ ကျော ဘာကြောင့်များ မရိပ်မိခဲ့ရတာလဲ။

"ဩော် ... သူတို့က စည်းဝါးကိုက်ပြီး သရုပ်ဆောင်နေကြတာပေါ့လေ၊ ဒါကြောင့် သူ့ကို အခွင့်ထူးတွေ ပေးနေကြတာကိုး"

"ငါစိုးရိမ်တာက အခု နင့်မှာချစ်သူရှိသွားပြီဆိုတာ သိသွားတော့ သွေးသစ်ဆိုတဲ့လူက ဒီအတိုင်းပဲ ငြိမ်နေမယ်လို့ နင်ထင်သလား ကျော့ကျော့၊ သူ တစ်ခုခုတော့ လုပ်မှာပဲ"

"ကျုပ် နားလည်ပါတယ် ဇေကရီ"

ဇေကရီ ဖုန်းချသွားတော့ ကျော အခန်းတံခါးကိုဆွဲဖွင့်လိုက်သည်။ အခန်းဝမှာရပ်နေတာက မေမေ၊ မေမေက ကျော့ပခုံးကိုဖက်ပြီး အခန်းထဲပြန်ဝင်လာသည်။

"ကျော ... ဇေကရီနဲ့သမီး ဖုန်းပြောနေတာ မေမေ တစွန်းတစ ကြားလိုက်တယ်၊ သူ ဘယ်သူလဲ ကျော သိသွားပြီပေါ့နော်"





"ဟုတ်တယ် မေမေ၊ ဒါပေမဲ့ ကျော့အတွက် ဘာအကျိုးသက်ရောက်မှုမှ မရှိဘူးလေ"

ကျော မဲ့ပြုံးလေး ပြုံးလိုက်သည်။

"ကျော ... မေမေ ပြောတာကို သေချာနားထောင်ပါ။ ပထမတစ်ခေါက် မမနုနဲ့ ကျော ပြဿနာတက်တုန်းက မေမေ ဘယ်သူ့ဘက်မှ ဝင်မပါခဲ့ဘူး"

မေမေက ကျော့မျက်နှာရိပ် မျက်နှာကဲကိုကြည့်ပြီး ဆက်ပြောသည်။

"သွေးသစ်ဟာ ကျောနဲ့မေမေ ဒီအိမ်ရှေ့ရောက်ခဲ့တဲ့ နေ့ကတည်းက သမီးကို တွေ့သွားပြီး စွဲလမ်းခဲ့တာ၊ အဲဒီနေ့ကို ကျော မှတ်မိဦးမှာပါ၊ ကိုစိုး သူငယ်ချင်းနှစ်ယောက်နဲ့ခြံထဲမှာ စကားပြောနေတုန်းကလေ၊ အဲဒီနေ့က သူ ကနေဒါမှာ ကျောင်းသွားတက်မှာမို့ ကိုစိုးကို လာနှုတ်ဆက်တာလေ၊ ကျော့ကို စွဲလမ်းတဲ့စိတ်နဲ့ သူ မြန်မာနိုင်ငံ ပြန်ရောက်ခဲ့တယ်၊ ကျော့ကို ချစ်လွန်းလို့ သူ့ရဲ့အချိန်တွေကို အကုန်ခံပြီး အိမ်မှာ သူ ဒရိုင်ဘာလာလုပ်ခဲ့တာ"

"သူ့ဘာသာသူ ရူးတာပဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမပြောနဲ့လေ တျာ၊ သွေးသစ်က ရုပ်လည်းချောတယ်၊ ပညာလည်းတတ်တယ်၊ ငွေကြေးလည်း ပြည့်စုံတယ်၊ သူ့လိုလူမျိုးအတွက် မိန်းမ,မရှားပါဘူး၊ ဒါပေမဲ့ သမီးမှ သမီး သူ ဖွဲ့လမ်းခဲ့တယ်၊ နှစ်ပေါင်းများစွာ သစ္စာရှိခဲ့တယ်၊ တျာ ဘာကြောင့် ခေါင်းခါမှာလဲ"

"တျာ သူ့ကို မချစ်ဘူး မေမေ"

မေမေက တျာ့စကားကို သရော်သလို ပြုံးလိုက်သည်။

"အချစ်ဆိုတာ မိန်းမတွေကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိအောင်၊ ပျော့ညံ့သွားအောင် လုပ်တတ်တဲ့အရာမို့ တျာက အချစ်ကို ဝေးဝေးရှောင်တယ်ဆို၊ မေမေ ကြားပြီးပါပြီ တျာ၊ တျာ့မှာ ချစ်သူရှိနေပြီဆို သူက ဘယ်သူလဲ၊ ဘာလုပ်လဲ၊ သွေးသစ်နဲ့ ယှဉ်နိုင်လို့လား၊ အချစ်ကို ကိုးကွယ်တတ်လို့ အရှုံးများခဲ့တဲ့ မေမေ့အဖြစ်က တျာ့အတွက် သင်ခန်းစာပါဆို တျာ"

"မေမေ"

တျာ မေမေ့စကားတွေကို တစ်ခွန်းမှ ပြန်မချေပနိုင်တော့ပါ။





"မေမေ့သမီးလေးက ဉာဏ်ကောင်းပါတယ်၊ သတ္တိရှိတယ်၊ ရဲရင့်တယ်၊ အခွင့်အရေးဆိုတာ နှစ်ကြိမ်ပြန်မလာတတ်ဘူး တျာ၊ တျာ သေသေချာချာ စဉ်းစားပါ၊ တျာ့ကို မေမေ အရှုံးမများစေချင်ဘူး"

မေမေ ထွက်သွားတော့ တျာ တွေတွေဝေဝေနှင့် ထိုင်ကျန်ခဲ့သည်။ မေမေ့စကားတွေကို တစ်လုံးချင်း ပြန်တွေးနေမိသည်။ ကိုနေဇော် ဆိုသည့် ကိုသွေးသစ်က ဦးနှောက်နဲ့စဉ်းစားရင် တျာ့ဘဝအတွက် အရှေးသင့်ဆုံးလူဆိုတာ တျာ မငြင်းနိုင်ပါ။ မိုးလူကလည်း တျာ့နှလုံးသားက အလိုအပ်ဆုံးလူသားပဲလေ။ ဘက်ညီတဲ့ လွန်ဆွဲပွဲကြောင့် တျာ့ရင်ထဲမှာ တင်းကျပ်လို့နေသည်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



# ၃၁

ခြံထဲလှမ်းဝင်လိုက်သည်နှင့် ကွဲကြေနေသောပန်းအိုး အကွဲနဲ့အတူ နီရဲစိုလက်တောက်ပနေသော နှင်းဆီပွင့်လေး သံမံ တလင်းပေါ်မှာ ငြိမ်သက်စွာ လဲလျောင်းနေတာ တွေ့လိုက်ရသည်။ ဒီပန်းပါတဲ့ ပန်းအိုးလေးကို ကိုသွေး ဈေးကြီးပေးပြီး တျာ့မွေးနေ့ မှာပေးဖို့ ရည်မှန်းဝယ်ထားခဲ့တာ မဟုတ်လား။





"မိုးလူ ... နှင့်အစ်ကို ဘာဖြစ်တယ် မသိဘူး၊ သုံးနာရီခွဲ လေးနာရီလောက် ပြန်ရောက်လာပြီး သူ့အခန်းထဲမှာ ဝုန်းဒိုင်းကြဲနေတယ်၊ ပြီးတော့ ရှေ့မှာတွေ့ခဲ့လား။ သူ့ ကောင်မလေးကိုပေးဖို့ နှင်းဆီအိုးကို ခွဲပစ်ထားတာလေ"

မေမေရဲ့တိုးတိုးကျိတ်ကျိတ် ပြောသံကြောင့် ဝက်ဝံ ရုပ်ကနေ ကိုသွေး သူတို့ကိစ္စကို ရိပ်မိသွားပြီမှန်း သိလိုက်သည်။ ဒီအရုပ်ကို တွေ့တာနဲ့ ပြဿနာတက်တော့မယ်မှန်း သူကြိုတွေး ထားပြီးသားလေ။

"ဒေါက် ... ဒေါက် ... ကိုသွေး ... ကိုသွေး"

သူ တံခါးခေါက်ပြီး တော်တော်ကြာမှ ကိုသွေး တံခါးလာဖွင့်ပေးသည်၊ ကိုသွေးအခန်းထဲမှာ ပစ္စည်းတွေက ဖရို ဖရဲ ပြိုလဲနေသည်။

"ကိုယ် အရှင်းဆုံးပဲမေးမယ် ညီ၊ မင်း ဟိုတစ်နေ့ကဝယ် လာတဲ့ ဝက်ဝံရုပ်က တျာ့ကိုပေးဖို့လား"

"ဟုတ်တယ် ကိုသွေး"

မိုးလူ တည်တည်ငြိမ်ငြိမ်နှင့် ဝန်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်း သိပ်ကြောက်စရာကောင်းတဲ့ကောင်ပဲကွာ၊ တျာက ငါ့နှလုံးသား၊ ငါ့အိပ်မက်ဆိုတာ မင်းမသိလို့လား၊ မသိခဲ့လို့လား ဟောကောင်၊ မင်း ပြောစမ်းပါ"

ကိုသွေးက သူ့အင်္ကျီရင်ဘတ်ကို ဆွဲဆောင့်ရင်း အဆက်မပြတ် မေးနေသည်။ ကိုသွေးပုံစံက တကယ့်အရူးတစ်ယောက်လိုပင်။

"ကျွန်တော်သိတယ် ကိုသွေး၊ ကျွန်တော်ရှောင်ဖို့ ကြိုးစားခဲ့ပါသေးတယ်၊ ဒါပေမဲ့ ကိုသွေးထက်မပိုတောင် ကိုသွေးထက်မနိမ့်တဲ့ အချစ်မျိုးနဲ့ သူ့ကို ကျွန်တော်ချစ်မိသွားတယ်"

"ဘာ ... ဟောကောင် ချစ်ဦးကွာ၊ ချစ်ဦးကွာ"

ကိုသွေး လက်သီးက သူ့မျက်နှာပေါ် တစ်လုံးပြီးတစ်လုံး အရှိန်ပြင်းပြင်း ဝင်လာသည်။ သူ့နှုတ်ခမ်းမှာ ငန်ကျိကျိနဲ့သွေးရဲ့အရသာ။ ဒါပေမဲ့ ကိုသွေးကို သူ လုံးဝမခုခံဘဲ ကိုသွေးပေါက်ကွဲမှုကို ကျေကျေနပ်နပ်ကြီး ခံယူမိသည်။

"ဟောကောင် မိုးလူ၊ ငါ မင်းနဲ့မယှဉ်နိုင်တဲ့ကောင်မှား ထင်နေလို့လား၊ မင်း ငါ့ကို နောက်ကွယ်မှာ လှောင်ပြောင်





ဟားတိုက်နေမှာ ငါ သိတယ် မိုးလူ၊ ညီအစ်ကိုဆိုတဲ့ မျက်နှာကိုမထောက် မင်း သစ္စာမရှိတဲ့ကောင်။ ဒီမှာ ငါ တစ်ခါတည်းပြောလိုက်မယ်၊ မင်းလှမ်းနေတဲ့ ခြေလှမ်းတွေကို ရပ်တန့်က ရပ်လိုက်ပါ၊ ငါ မကြာခင်မှာ တျာ့ကို လက်ထပ်ယူတော့မယ်၊ မဟုတ်တရုတ် ကြံစည်ဖို့တော့ လုံးဝမစဉ်းစားနဲ့"

"စိတ်ချပါ ကိုသွေး၊ ကျွန်တော့်မှာ ခိုးယူတတ်တဲ့စိတ်မရှိပါဘူး၊ ပြီးတော့ လုလည်းမယူတတ်ဘူး၊ ဒါပေမဲ့ ရင်ထဲက ခံစားချက် အစစ်အမှန်ကို ရိုးသားစွာဖွင့်ပြပြီး သဒ္ဓါအောင်တော့ တောင်းတတ်တယ်"

"ကဲ ... တောင်းတတ်ဦးကွာ"

ကိုသွေးရဲ့နောက်ဆုံးအပြင်းဆုံးလက်သီးကြောင့် သူ့မျက်လုံးထဲ ကြယ်တွေ လတွေ မြင်ပြီး တလောကလုံး အမှောင်ဖုံးသွားတော့သည်။

သူသတိရလာတော့ မေမေက သူ့ခုတင်နားမှာ တရှုတ်ရှုတ်နှင့် ငိုနေသည်။ ဖေဖေကတော့ တောက်တခေါက်ခေါက်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"လူကြားလို့မှမတော်ကွာ ညီအစ်ကိုချင်း မိန်းမတစ်ယောက်ကြောင့် ပြဿနာတက်ရတယ်လို့၊ ဟေ့ကောင် ... မိုးလူ၊ မင်းအတွက် မိန်းမရှားသလားကွာ၊ သွေးသစ် ဘာကြောင့် ဒီမြေကို ခြေချလည်း မင်းအသိဆုံးပါ၊ အခုတော့ မျက်နှာပျက်စရာတွေဖြစ်ရပြီ၊ မင်း ဦးနှောက်မရှိတဲ့ကောင်၊ အသုံးမကျတဲ့ကောင်"

"ကိုသီဟ ... ရှင် စကားကို ဆင်ခြင်ပြောရင်ကောင်းမယ်၊ လွတ်လပ်တဲ့မိန်းမတိုင်းကို လွတ်လပ်တဲ့ယောကျ်ားတိုင်း ချစ်ခွင့်ရှိတယ်၊ မိန်းကလေးရဲ့ ရွေးချယ်မှုအပေါ်မှာပဲ မူတည်တယ်၊ ရှင့်တွဘက်ကပဲ လိုက်ပြောမနေနဲ့၊ ကြည့်စမ်းပါဦး၊ ကျွန်မသားမျက်နှာကို ရက်ရက်စက်စက် ထိုးထားတာ၊ လူစိတ်မရှိတဲ့ကောင်၊ အကြင်နာတရားခေါင်းပါးတဲ့ကောင်"

"တော်ပါတော့ မေမေရယ်၊ ကိုသွေး အခု ဘယ်မှာလဲ"

မေမေက သူ့မျက်နှာကို ရေခဲအိတ်ကပ်ပေးရင်း ငိုနေပြန်သည်။

"မရှိတော့ဘူး၊ သူ့ပစ္စည်းတွေယူပြီး ထွက်သွားပြီ၊ မ,စိတ်မွန်ပြီး ရူးနေတဲ့ကောင်"





"ကဲ ... တော်ပါတော့ကွာ၊ မိုးလူ ... ဟေ့ကောင်၊ လူ့လောကအသိုင်းအဝိုင်းထဲမှာနေရင် စောင့်ထိန်းရမယ့်သစ္စာတရားဆိုတာ ပြဋ္ဌာန်းမထားပေမယ့် လိုက်နာတတ်ရမယ်ကွ၊ မင်း အဲဒီမိန်းကလေးနဲ့ ဝေးဝေးနေလိုက်ပါကွာ"

သူ့ရင်ထဲ ဆို့နင့်နာကျင်သွားသည်။ မေမေကတော့ သူ့ကိုနားလည်ဟန် သူ့လက်တွေကို ထွေးဆုပ်လာသည်။ တျာ... ငါဘာလုပ်ရမှာလဲ။ ငါ မင်းကို မခွဲနိုင်ဘူး တျာ၊ ဘာပဲဖြစ်ဖြစ် ငါတို့ဝေးရမယ် ဆိုရင်တောင် မင်းရေးထားတဲ့ မင်းနှလုံးသားကို ဖွင့်ပြတဲ့အဖြေလေး ငါယူထားပါရစေ၊ ဒါမှ ငါဖြေသိမ့်နိုင်လိမ့်မယ်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



## ❦ ၃၂ ❦

မနက်ဆယ်နာရီတိတိ၊ သီရိဂေဟာရဲ့ရှေ့က စာတိုက်ပုံးနီနီလေးရှေ့ သူ ရောက်လာခဲ့သည်။ စာတိုက်ပုံးနီနီလေးကို သူ ဖွင့်ကြည့်လိုက်သည်။ အထဲမှာ ဘာမှမရှိ ဗလာနတ္ထိ။ သူ အဓိပ္ပာယ်ဖော်တာပဲ မှားသွားပြီလား၊ မမှားနိုင်ပါ။ တျာပြောတဲ့





ဆွမ်းစားအမိဆိုတာ အရုဏ်ဆွမ်း မဟုတ်လောက်ပါ။ မနက်နှစ်နာရီတော့ တျာ သူ့ကိုမချိန်းလောက်ပါ။ နေ့ဆွမ်းကလည်း ဆယ့်နှစ်နာရီကျော်ရင် ဆွမ်းစားလို့မှမရဘဲ။ ဒီတော့ တျာချိန်းတာ မနက်ဆယ်နာရီပဲ ဖြစ်ရမည်ပေါ့။

"ဟား ဟား ဟား ဟား"

မိုးလူ ဗလာကျင်းဖြစ်နေသော စာတိုက်ပုံးအနီလေးကိုကြည့်ကာ နာနာကျင်ကျင် အော်ရယ်လိုက်သည်။ တျာ ... နှစ်ဆယ့်လေးနာရီမပြည့်ခင် မင်း ပြောင်းလဲသွားခဲ့တာပဲ။ ကိုသွေးရဲ့သရုပ်မှန်ကို သိသွားပြီး မင်းစိတ်ယိုင်သွားခဲ့တာလား။ ဒါမှမဟုတ် မင်း တွေဝေသွားတာလား။

လှည့်စားခဲ့တယ်လို့တော့ မစွပ်စွဲရက်ပါဘူး။ မနေ့က အထိ မင်းမျက်ဝန်းတွေထဲမှာ ငါ့အတွက် သေချာတဲ့အဖြေ ရှိနေခဲ့တာပဲ။

ကံကြမ္မာကြီးက ငါ့အပေါ်မှာ ရက်စက်လွန်းပါတယ် တျာ။ မင်း ကိုသွေးကို ရွေးခဲ့မယ်ဆိုရင်လည်း ငါ့ကျေကျေနပ်နပ်နဲ့ ကျန်ခဲ့ဖို့အသင့်ပါပဲ။ အမှတ်ရစရာ လှပတဲ့အတိတ်တွေကို ဖန်ဆင်းပေးခဲ့တဲ့အတွက် ငါ မင်းကို ကျေးဇူးတင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ထွက်သွားတဲ့အထိ ကျော ဝရန်တာမှာ ပုပြီး ချောင်းကြည့်နေခဲ့သည်။ ကျော့လက်ထဲမှာ စာအိတ်တစ်အိတ်ရှိပြီး အဲဒီစာအိတ်ထဲမှာ သူ တစ်ခါကပေးထားတဲ့ I love you လို့ရေးထားတဲ့ စာရွက်လေးတစ်ရွက်၊ စာအိတ်လေးကိုကိုင်ထားတဲ့ ကျော့လက်တွေ တဆတ်ဆတ် တုန်နေသည်။ ကျော့ရင်ထဲမှာလည်း မျက်ရည်မိုးတွေ သဲသဲမဲမဲ ရွာလို့ပေါ့။

ကျောက အခု မေမေထွန်းညိုပေးလိုက်တဲ့ အသိတရားမီးအိမ်လေးကို ကိုင်ဆွဲပြီး လမ်းခုလတ်မှာပါ မိုးလူ။ မိုးလူဘက် အလေးသာနေတဲ့ ခြေလှမ်းတွေကို ခေတ္တလောက်ရပ်တန့်ပြီး စဉ်းစားခွင့်ပြုပါ။

ဘာလို့လဲဆိုတော့ ရှင့်ကိုရွေးလိုက်ရင် ကျော ထာဝရပျော်ရွှင်ရမယ်လို့ မသေချာသလို ကိုသွေးသစ်ကိုရွေးလိုက်ရင်လည်း ကျော ပျော်နိုင်ပါ့မလား မသေချာခဲ့ဘူး။ သေချာတာကတော့ ကျော့အတွက် အချိန်တစ်ခု လိုအပ်နေသေးတယ်။ ကျော မမှားချင်ဘူး။

♥ ○ ♥





၂၃

ကန့်တင်းထဲကို ခံစားချက်ကင်းမဲ့နေတဲ့ မျက်နှာထားမျိုးနဲ့ ဝင်လာတဲ့ မိုးလူကိုတွေ့တော့ ကျော့လက်ဖျားခြေဖျားတွေ အေးစက်သွားသည်။ သူ ကျော့ကို လာမျှားပြသနာရှာတာလား။ သူ့မျက်နှာပေါ်က အညိုအမည်းဒဏ်ရာတွေကို အနီးကပ်မြင်လိုက်ရတာမို့ ကျော ပူပန်သွားမိသည်။ သူ ရန်များဖြစ်ခဲ့တာလား။



www.burmeseclassic.com

www.burmeseclassic.com



သူက တျာတို့ဝိုင်းကိုပဲ ဣန္ဒြေမပျက် လျှောက်လာတော့ တျာက အပြစ်ရှိသူတစ်ယောက်လို သူ့ကို ရင်မဆိုင်ရဲဘဲ တုန်လှုပ်သွားမိသည်။ သူ့နောက်နားမှာ မြပိတောက်နဲ့ "ပိုးဥက ခပ်ကုပ်ကုပ်လေး ပါလာသည်။ မတတ်နိုင်ပါ။ တျာ သူ့ကို တျာ့ရဲ့ဝေခွဲရခက်မှုကို နားလည်အောင် ရှင်းပြဖို့ပဲ ရှိတော့သည်။

"နီတျာတျာ ... မနေ့ကကိစ္စအတွက် ကျေးဇူးတင်ကြောင်း ကျွန်တော် လာပြောတာပါ"

"ရှင် ... ဘယ်လို"

တျာက သူ့စကားကို နားလည်အောင် ကြိုးစားလို့မရ ဖြစ်နေသည်။

"နီတျာတျာက ဦးနှောက်တကယ်ကောင်းပြီး ဉာဏ်ရှိတဲ့ မိန်းမတစ်ယောက်ဆိုတာ လက်တွေ့မို့ ကျွန်တော် ယုံသွားပါပြီ"

သူ တျာ့ကို လှောင်ပြောင်နေတာများလား။

"ရှင် ဘာတွေပြောနေတာလဲ မိုးလူ"

"တကယ်တော့ ကျွန်တော်က နီတျာတျာနဲ့ လူကြီးတွေ သဘောတူထားတဲ့ ကိုသွေးသစ်ရဲ့ညီပါ"





"ဟင်"

တျာရော ကေရီပါ အံ့သြသွားကြသည်။

"ရှင် ... ရှင် တကယ်ပြောနေတာလား မိုးလူ"

"ဟုတ်တယ်၊ ကျွန်တော်ကိုယ်တိုင် ကိုသွေးကို ပိတောက်မြိုင်လမ်းထိပ်အထိ လိုက်ပို့ပေး၊ လိုက်ကြိုပေးနေတာလေ"

"ရှင် ဘာကြောင့် အစကမပြောခဲ့တာလဲ မိုးလူ၊ ရှင် ကျွန်မကို ကစားခဲ့တာလား"

သူက တျာ့အမေးကို ပြန်မဖြေဘဲ စကားထပ်ဆက်လိုက်သည်။

"ကျွန်တော် နီတျာတျာ့နား ရောက်လာတာဟာ ချော်လဲရောထိုင် သဘောမျိုးနဲ့ပါ၊ ဒါကြောင့် ဘာ့အနှစ်သာရမှ မရှိဘူး"

သူ့စကားတွေက တျာ့ရင်ကို တဆစ်ဆစ် နာကျင်စေသည်။

"ချော်လဲရောထိုင် ဟုတ်လား၊ ရှင် ဘာလို့ ဒီလောက်ပေါ့ပျက်တဲ့အသုံးအနှုန်းမျိုး သုံးရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးလူ ... ရှင်က အရင်စ,ပြီး ချောချော့ကို စာလာပေးခဲ့တာ မဟုတ်ဘူးလား"

ကေရီကပါ မခံနိုင်၍ ဝင်ပြောလိုက်သည်။

"မြပိတောက် သူက ငါပြောတာ မယုံဘူးဖြစ်နေတယ်ဟာ၊ နင် ရှင်းပြလိုက်ပါ"

မြပိတောက်က အသံမထွက်ဘဲ မိုးလူကိုတစ်လှည့် ချောချော့ကိုတစ်လှည့် ကြည့်နေသည်။ သူက မြပိတောက်ကို စိတ်မရှည်သည့်ဟန်ဖြင့် ဝင်ပြောလိုက်သည်။

"မြပိတောက်က ကျူရှင်မှာ ကျွန်တော်မေးတဲ့မေးခွန်းတွေ မဖြေနိုင်လို့ဆိုပြီး ခင်ဗျားနဲ့ပြိုင်ရအောင် ကျွန်တော်ရေးတဲ့ ပုံစံနဲ့ ခင်ဗျားတို့လက်ထဲ စာထည့်ခဲ့တာ"

"ဒါဆို အဲဒီစာက ရှင်ရေးခဲ့တာ မဟုတ်ဘူးပေါ့"

ကေရီ့အမေးကို သူ ခေါင်းညိတ်ပြလိုက်သည်။

"အဟုတ်ပဲ မြပိတောက်ရေးခဲ့တာ၊ ကျွန်တော် မေကေရီကို စိတ်မဝင်စားခဲ့သလို ခင်ဗျားကိုလည်း စိတ်မဝင်စားခဲ့ဘူး"

သူ့စကားကြောင့် ချော့ရင်ထဲ အောင့်သွားသည်။ ပြီးတော့ လက်မခံနိုင်သလို ခေါင်းခါနေမိသည်။





"ဒါဆို ကျွန်မတို့ ပြဿနာတက်ခဲ့တဲ့နေ့၊ ရှင့်ကို ချောရိုက်ခဲ့တဲ့နေ့က ရှင်ပြောခဲ့တဲ့စကားတွေက အမှန်တွေပဲပေါ့"

"ဟုတ်ပါတယ်"

မိုးလူက မထီတထိအပြုံးနဲ့ ပြောလိုက်သည်။

"ဒါဆို ... ဒါဆို ... ကျွန်မဆီကို မြပိတောက်ကနေတစ်ဆင့် ပေးခိုင်းတဲ့ ကဗျာကရော"

ချော့အသံတွေက အထစ်ထစ်အငေါ့ငေါ့နှင့် တုန်ယင်လို့နေသည်။

"အဲဒါက သူရေးတာ"

မိုးလူက ပိုးဥကို လက်ညှိုးထိုးပြလိုက်သည်။ နီချောချော အကြည့်တွေက ပိုးဥဆီ အရောက် ပိုးဥက မရဲတရဲနှင့် ခေါင်းညိတ်ပြလိုက်သည်။ ချော မျက်နှာက ရှက်စိတ်၊ ခံပြင်းစိတ်တွေပေါင်းပြီး နီရဲမာထန်နေသလို ချော့ရင်ထဲမှာလည်း မီးတောက်တွေက တဖျိုးဖျိုးတဖျစ်ဖျစ်နဲ့ တောက်လောင်နေသည်၊

"ကဲ ... ဒါဆို ကျွန်မ ရှင့်ကို နောက်ဆုံးတစ်ခုပဲမေးဖို့ ကျန်တော့တယ် ကိုမိုးလူ၊ ရှင် ကျွန်မကိုရေးပြီးပေးခဲ့တဲ့ စာသုံးလုံးကရော၊ ရှင် ကျွန်မမျက်လုံးတွေကို ကြည့်ပြီး ဖြေပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိန်းထားတဲ့ကြားက တျာ့မျက်ရည်တွေ ကျလာသည်။ ရှင်ပြောတာတွေ အားလုံး တကယ်လို့ တျာမယုံချင်လို့ပါ။

သူကလည်း တျာ့မျက်လုံးထဲကို တည့်တည့်စိုက်ကြည့်ပြီး တစ်လုံးချင်း ပြောလိုက်သည်။

"ကျွန်တော့်အခန်းရှေ့အထိအောင် ခင်ဗျားရောက်လာပြီဆိုတော့ ကျွန်တော်က ဒီလောက်တော့ အလိုက်သိရမယ်ထင်လို့ပါ"

"ဘာ ... ရှင် ... ဘယ်လိုပြောလိုက်တယ်၊ ရှင် သိပ်အောက်တန်းကျတဲ့သူ"

ဧကရီက တျာ့လက်မောင်းတစ်ဖက်ကို လှမ်းကိုင်ထားပြီး မိုးလူ့ကို မုန်းတီးသောမျက်ဝန်းတစ်စုံနှင့် ကြည့်နေသည်။

"ဒီမှာကြည့်စမ်း ... ဒါ ကိုသွေး ကျွန်တော့်ကိုထိုးထားတာ၊ ဒါကြောင့် ကျွန်တော် ခင်ဗျားနဲ့ ဆက်မပတ်သက်ရဲတော့ဘူး။ ခင်ဗျားသာ ကျွန်တော့်ကို အဖြေပြန်ပေးခဲ့မယ်ဆိုရင် ကျွန်တော်ကလည်း ဆက်ပြီးရောယောင်နေလိုက်ဦးမှာပဲ၊ အဲဒီအခါ ကိုသွေးက ကျွန်တော့်ကို သတ်မှာမို့ ခင်ဗျား





ကျွန်တော့်ကို အဖြေမပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ လာပြောတာ။ ကိုသွေးကို ခင်ဗျား ရွေးလိုက်တာ အကောင်းဆုံးပဲ နီတျာတျာ"

"ကဲ"

တျာတျာက ရှေ့မှာငုံ့ထားသော အငွေ့တထောင်းထောင်းထ,နေသည့် ရေနွေးပူဖြင့် သူ့မျက်နှာကို လှမ်းပက်လိုက်သည်။

"ဒါ ကျွန်မကို အပေါစားမိန်းမတစ်ယောက်လို သဘောထားလို့၊ ကျွန်မကို ကစားခဲ့လို့"

"အား"

မျက်နှာပေါ်က မကျက်တကျက် ဒဏ်ရာတွေပေါ် ရောက်လာတဲ့ ရေနွေးပူပူကြောင့် မိုးလူ ဟန်မဆောင်နိုင်ဘဲ အော်ညည်းလိုက်သည်။

"နီတျာတျာ ... ရှင် လွန်နေပြီနော်"

မြပိတောက်က ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ ပိုးဥကတော့ လက်ကိုင်ပဝါဖြင့် မိုးလူ မျက်နှာကို ခပ်ဖွဖွ သုတ်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ကမှ သိပ်ကြောက်စရာကောင်းတဲ့အုပ်စု၊ မိုးလူ ... ရှင့်ကို ကျွန်မဒီတစ်သက်မပြောနဲ့ ဆယ်သက် ဆယ်ကမ္ဘာ မုန်းတယ်၊ သိပ်မုန်းတယ်"

ငိုပြီးပြေးထွက်သွားသော တျာ့ကို စိုစွတ်သောမျက်ဝန်းတွေနှင့် သူ လိုက်ကြည့်နေသည်။

"နင် ရရဲ့လား မိုးလူ"

"သူ့ဆုံးဖြတ်ချက် ပြတ်သားသွားအောင် ငါလုပ်ခဲ့တာပါ၊ ငါလိုချင်တာလည်း ဒီပုံစံမျိုးပဲလေ၊ မတတ်သာလို့ ကိုသွေးကို လက်ခံလိုက်ရပြီး ငါ့ကို တမ်းတနေမှာကို ငါမလိုလားဘူး။ ငါ့ကိုရွေးချယ်ဖို့လည်း သူ့မှာ သတ္တိမှမရှိဘဲ"

မြပိတောက်နဲ့ ပိုးဉကတော့ ဟန်မဆောင်နိုင်ဘဲ ယောကျ်ားတန်မဲ့ မျက်ရည်ကျနေသော မိုးလူကိုကြည့်ပြီး မျက်ရည်ဝဲနေကြသည်။

♥ ○ ♥



## ၃၄

မိုးလူကို မုန်းတဲ့စိတ်နဲ့ နောက်ဆုံးနှစ်စာမေးပွဲဖြေပြီးပြီးချင်း ကိုသွေးရဲ့ကမ်းလှမ်းချက်ကို တျာ လက်ခံလိုက်သည်။ အားလုံးက တျာ လက်ခံလိုက်တာကို မယုံကြည်နိုင်အောင် အံ့သြဝမ်းသာနေကြသည်။ အထူးသဖြင့် ကိုသွေးပေါ့၊ ဧကရီက

www.burmeseclassic.com



လည်း မိုးလူကို ကြည့်မရတဲ့စိတ် အပြည့်အ၀ရှိတာမို့ ကျွန်မလုပ်ရပ်ကို အားပေးသည်။

သူ့ပါးစပ်က ဘာကြီးပဲပြောနေနေ၊ သူ ကျွန်မကို စိတ်ထဲမှာ ရှိတော့ရှိခဲ့မှာပါ။

သူပြောသလို ကိုသွေးကို ကျွန်မရွေး လိုက်တော့ သူ တကယ်ပျော်နိုင်မှာလား၊ သူ တကယ်နည်းနည်းလေးမှ မခံစားရဘူးလား ကျွန်မ သိချင်သည်။

"ကျွန်မရေ ... ကျွန်မနဲ့တွေ့ချင်လို့တဲ့ အိမ်ရှေ့မှာ ကျွန်မသူငယ်ချင်းတွေလား မသိဘူး ရောက်နေတယ်"

ကြီးကြီးစုက ကျွန်မအခန်းရှေ့ လာပြောတော့ ကျွန်မ ဧည့်ခန်းဘက် ထွက်လာသည်။

"ဟင်း ... မြပိုတောက်၊ ပိုးဥ၊ ချစ်စု၊ ကိုထိန်လင်း၊ ကြည်ပြာ"

မိုးလူကလွဲပြီး အုပ်စုတစ်စုလုံး တွေ့ရတာမို့ ကျွန်မ အံ့သြသွားသည်။

သူတို့ ကျွန်မဆီ ဘာကြောင့်ရောက်လာကြတာလဲ။

"ဪ ... ဘာကိစ္စရှိလို့လဲ မသိဘူး"





တကယ်တမ်းပြောရမယ်ဆို ကျွန်မ ဉာဏ်များလှတဲ့ သူတို့အုပ်စုနဲ့ မပတ်သက်ချင်ပါ။ နောက်ဆုံးတွေ့ခဲ့သည့်နေ့ကလည်း မြပိုတောက်နဲ့ ကျွန်မ စကားများခဲ့ကြသည် မဟုတ်လား။

"လက်ဖွဲ့လာပေးတာပါ နီကျွန်မကျွန်မ"

ကိုထိန်လင်း စကားကြောင့် ကျွန်မ အံ့အားသင့်သွားသည်။ လက်ဖွဲ့ပေးရအောင် ကျွန်မတို့က ဖိတ်စာတောင် မရိုက်ရသေး။ ကိုသွေးက ဖိတ်စာကို ကနေဒါကတောင် လှမ်းမှာမယ်လုပ်လို့ ကျွန်မနဲ့ စကားအခြေအတင် ပြောနေရသည်။ ခန်း၀င်ပစ္စည်း၊ အ၀တ်အစားဒီဇိုင်းကအစ ကိုသွေးက တော်ရုံတန်ရုံလောက်နဲ့မပြီးဘဲ ဇာချဲ့ချင်နေသည်။

"ကျွန်တော်တို့ကို နီကျွန်မကျွန်မ မင်္ဂလာဆောင်တဲ့နေ့မှ လက်ဖွဲ့ပေးဖို့ သူ ပြောထားခဲ့တာ၊ ဒါပေမဲ့ ကျွန်တော်တို့တွေ ခရီးရက်ရှည် ထွက်စရာလေးရှိလို့ ပေးရမယ့်အတူတူ မထူးပါဘူးလေဆိုပြီး လာပေးတာ"

ကိုထိန်လင်းက သူ့လက်ထဲက ပါကင်ဘူးလေးကို ကျွန်မကို လှမ်းပေးတာမို့ ကျွန်မလည်း အားနာတာနဲ့ လှမ်းယူလိုက်သည်။ "သူ"ဆိုတာက မိုးလူပဲ နေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကို ခွင့်ပြုပါဦး နီတျာတျာ၊ နီတျာတျာရဲ့ မင်္ဂလာပွဲကို မတက်နိုင်ခဲ့တဲ့အတွက် စိတ်မကောင်းပါဘူး"

"ရပါတယ် ကိုထိန်လင်း၊ တျာ နားလည်ပါတယ်"

မြပိတောက်တို့ မိန်းကလေးအုပ်စုဆီက ဘာသံမှ ထွက်မလာပါ။

သူတို့အားလုံးရဲ့မျက်နှာတွေက နွမ်းနေသလိုပင်။

"ဒါနဲ့ ဒီနေ့ ရှင်တို့သူငယ်ချင်းတွေ လူစုံတက်စုံပဲနော်"

တျာက သူတို့အိမ်မှအထွက် ပြောစရာစကားမရှိ၍ ပါးစပ်ထဲတွေ့ရာ ပြောလိုက်သည်။

"ဟုတ်တယ် ... သူငယ်ချင်းတစ်ယောက် နိုင်ငံခြားသွားလို့ လေယာဉ်ကွင်း လိုက်ပို့ပြီး အပြန်ဝင်လာတာ"

"ဟင်"

တျာ့ရင်တွေ ဒိုင်းခနဲ ဆောင့်ခုန်သွားသည်။ သူတို့ပြောတဲ့ သူငယ်ချင်းဆိုတာ ဘယ်သူလဲ။ မိုးလူများလား မေးချင်ပေမယ့် တျာ့ပါးစပ်မရဲပါ။ မှုန်းခဲ့ပေမယ့် သံယောဇဉ်အငွေ့က ဝေနေဆဲပဲလေ။





သူတို့ပြန်သွားတော့ တျာ အခန်းတံခါးကိုပိတ်လို့ ဇါကင်ဘူးလေးကို ဖွင့်ကြည့်လိုက်သည်။ အထဲမှာ စာအုပ်အနီလေး တစ်အုပ်နဲ့ ဘူးအနီလေးတစ်ဘူး။ ဘူးအနီလေးကို ဖွင့်ကြည့်လိုက်တော့ ပတ္တမြားပွင့်လေးတွေ စီခြယ်ထားတဲ့ နှင်းဆီဖူးပုံရင်ထိုးလေး တစ်ခု။ တျာ တုန်ယင်နေတဲ့လက်တွေနဲ့ ရင်ထိုးလေးကို အသာယူပြီး တျာ့အင်္ကျီရင်ဘတ်ပေါ်မှာ ထိုးထားလိုက်သည်။

ပြီးတော့ အနီရောင်အဖုံးလေးနဲ့ စာအုပ်ကိုလှန်လှော ကြည့်မိသည်။ လှပသေသပ် ဝိုင်းစက်သောလက်ရေးနဲ့ရေး ထားတဲ့ ပုံပြင်လေးတစ်ပုဒ်။ တျာ့ရင်ထဲ ဆို့နင့်ကြေကွဲသွားသည်။ တျာ သူရေးထားတဲ့ပုံပြင်လေးကို ဖတ်ကြည့်မိသည်။

"တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ ဘုရင်ကြီးတစ်ပါး အုပ်စိုးတယ်။ အဲဒီဘုရင်ကြီးမှာ ဉာဏ်သိပ်ကောင်းတဲ့သမီး တော်တစ်ပါးရှိတယ်။ မင်းသမီးလေး အရွယ်ရောက်လာ တော့ သူ့ကို လက်ဆက်ပေးပြီး ထီးနန်းအုပ်ချုပ် မင်းလုပ် ခိုင်းဖို့ အိမ်ရှေ့စံမင်းသားလေးကို ဘုရင်ကြီးက တောင့်တ မိတာပေါ့ ....



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခက်နေတာက မင်းသမီးလေးပဲ၊ သူက သူနဲ့ဉာဏ်ရည်တူတဲ့သူမှ ဖခင်ရဲ့အရိုက်အရာနဲ့တန်တဲ့သူ ဖြစ်မယ်ဆိုပြီး လာရောက်ကမ်းလှမ်းတဲ့ ခုနစ်ပြည်ထောင် မင်းသားတွေကို မေးခွန်းပုစ္ဆာတွေမေးပြီး မဖြေနိုင်ရင် လှောင်ပြောင်သရော် ကဲ့ရဲ့ပြောဆို လွှတ်လိုက်ကြတယ်တဲ့ ...

ဘုရင်ကြီးကလည်း ဒီပုံအတိုင်းဆို ငါ့ရဲ့တိုင်းပြည်မှာ အုပ်ချုပ်မင်းလုပ်နိုင်မယ့်သူ မရှိဘဲ နေရော့မယ်ဆိုပြီး စိတ်ဆင်းရဲနေကာပေါ့၊ ဒါနဲ့ပဲ အတိုင်ပင်ခံအမတ်တွေနဲ့ တိတ်တဆိတ် တိုင်ပင်ပြီး အိမ်နီးချင်းတိုင်းပြည်က မင်းသားတစ်ပါးကို မင်းသမီးလေးနား အပါးတော်မြဲ ကိုယ်ရံတော်တပ်မှူးလေးအရာပေးလို့ တာဝန်ထမ်းဆောင်စေတယ် ...

မင်းအတိုင်ပင်ခံအမတ်က ဒီလိုပြောတာကိုး ...

'ဣတ္ထိယလို့ခေါ်တဲ့ မိန်းမဆိုတဲ့အမျိုးဟာ နီးရာကိုတွယ်တတ်တဲ့ သဘာဝရှိတာမို့ အရှင်မင်းကြီးသဘောတူတဲ့ မင်းသားတစ်ပါးကို သမီးတော်လေးအနားမှာ အမြဲခစားစေခဲ့ရင် တစ်နေ့မှာတော့ အရှင်မင်းကြီးရဲ့အကြံအစည် အထ မြောက်နိုင်တယ်'လို့ပေါ့ ...





တစ်နေ့ကျတော့ ကျေးတောသား လှူငယ်တစ်ယောက်ဟာ မင်းသမီးလေးနေတဲ့ ရွှေမြို့တော်ကြီးကို ရောက်လာတော့တာပေါ့၊ မင်းသမီးလေးဟာ သူ့ကိုလာကမ်းလှမ်းတဲ့ မင်းသားတွေကို ပညာစမ်းလို့ အားမရနိုင်ဘဲ နန်းတော်ရဲ့အရပ်လေးမျက်နှာကို လှည့်လည်ပြီး ခက်ခဲတဲ့ ပုစ္ဆာတွေကိုမေးလို့ ပြည်သူတွေကိုပါ ဒုက္ခပေးနေတာပေါ့ ...

တိုက်တိုက်ဆိုင်ဆိုင်ပဲ ကျေးတောသားလေးက မင်းသမီးလေးရဲ့ပုစ္ဆာတွေမေးရာ မဏ္ဍပ်ထဲ ရောက်သွားတယ်။ အဲဒီအခါမှာ မင်းသမီးလေးက 'သင်က ငါ့ရဲ့မဏ္ဍပ်ထဲဝင်လာတာ ဘာလဲ ... ငါမေးတဲ့မေးခွန်းတွေကို ဖြေချင်လို့လား'လို့ မေးလိုက်တယ် ...

ကျေးတောသားလေးက မသိလို့ ဝင်မိတာပါလို့ တောင်းပန်လည်းမရဘဲ မင်းသမီးလေးရဲ့ နှုတ်အတင်းမေးတဲ့ မေးခွန်းတွေနဲ့ ရင်ဆိုင်ရတော့တာပေါ့ ...

'ဒီမှာ ကျေးတောသားလေး၊ ငါမေးတဲ့မေးခွန်းကို သေချာနားထောင်နော် ...



www.burmeseclassic.com

www.burmeseclassic.com



မနေ့က ငါ ကျောက်တုံးတစ်တုံးကို ညှစ်လိုက်တယ်၊ ကျောက်တုံးက အရည်ထွက်လာတယ်၊ အဲဒါ ဘာဖြစ်လို့လဲ၊ မနေ့က ငါကျောက်ခဲတစ်ခဲကို ကောင်းကင်ပေါ် ပစ်တင်လိုက်တယ်၊ ဒါပေမဲ့ မြေပြင်ပေါ် ပြန်မကျလာဘူး၊ မနေ့က ငါ ကျောက်တုံးတစ်တုံးကို တက်နင်းမိလိုက်တယ်၊ အဲဒီကျောက်တုံး ငါ့ခြေထောက်အောက်မှာ မွမွကြေသွားတယ်၊ အဲဒါ ဘာကြောင့်လဲ' တဲ့ ...

အဲဒီအခါမှာ ကျေးတောသားလေးက စဉ်းတောင်မစဉ်းစားဘဲ မင်းသမီးလေးရဲ့မေးခွန်းကို ပြန်ဖြေလိုက်တယ် ...

'မင်းသမီးလေး ... ကျောက်တုံးဆိုတဲ့အရာမျိုးဟာ အရည်ထွက်ရိုးထုံးစံ မရှိဘူး၊ မင်းသမီးလေးရဲ့လက်နုနုလေးကြောင့်ဆို ပိုလို့တောင်မဖြစ်နိုင်သေးတယ်၊ တကယ်တော့ မင်းသမီးလေး ညှစ်မိတာ ဒိန်ခဲတစ်ခု ဖြစ်မှာပါ ...

ပြီးတော့ ကျောက်ခဲဆိုတဲ့ အရာမျိုးကလည်း ဘယ်လောက်ပဲ အားထည့်ပြီး အပေါ်ကိုမြှောက်ပစ်ပစ် အရှိန်ကုန်သွားတာနဲ့ ပြန်ကျတတ်တာ သဘာဝပဲ၊ သူပြန်မကျလာတာဟာ ကျောက်ခဲမဟုတ်ဘဲ ငှက်တစ်ကောင်ဖြစ်နေလို့ပါပဲ ...

ပြီးတော့ ကျောက်တုံးတစ်တုံးကို နင်းမိတာနဲ့ မွမွကြေသွားတတ်တာလည်း ထုံးစံမရှိဘူး၊ မဟုတ်မှလွဲရော အခေါင်းပွမုန့်တစ်မျိုးကို မင်းသမီးလေး နင်းမိလိုက်တာဖြစ်မယ် ...

မင်းသမီးလေးဟာ သူမေးတဲ့မေးခွန်းတွေကိုသေချာတောင်မစဉ်းစားဘဲ ဖြေနိုင်တဲ့ ကျေးတောသားကို တော်တော်မကျေမနပ် ဖြစ်သွားတာပေါ့ ...

ကျေးတောသားလေးက 'ဒါတွေအားလုံးကို ထောက်ချင့်ကြည့်ရင် မင်းသမီးလေးမှာ ပြဿနာနှစ်ခုတက်နေတယ်၊ တစ်ခုက အမြင်အာရုံချို့တဲ့တာဖြစ်ပြီး တစ်ခုကတော့ ဝေါဟာရမကြွယ်ဝတာပဲ၊ ဒါကြောင့်သာ အရာအားလုံးကို ကျောက်တုံးကျောက်ခဲတွေလို့ ထင်နေတာပဲ' လို့ ပြောလိုက်တော့ မင်းသမီးရဲ့ဒေါသတွေက တဝုန်းဝုန်းနဲ့ ထ,ကြွလာတော့တာပေါ့၊ ဒါပေမဲ့ မင်းသမီးလေးဟာ သူ့ဒေါသကို ပြန်ထိန်းလိုက်ပြီး ...







www.burmeseclassic.com

www.burmeseclassic.com



'သင်ဟာ တော်တော်ပညာရှိတဲ့သူပဲ၊ တကယ်တော့ ငါက သင့်ကို ကျေးတောသားမို့ ပညာကုန်မသုံးဘဲ လျှော့ပေါ့ပြီး မေးထားတာပါ။ ဒီထက်ခက်ခဲတဲ့မေးခွန်းတွေ မေးရင်တော့ သင် ဖြေနိုင်မှာမဟုတ်ဘူး'လို့ ကြည့်ရှုနားထောင်နေကြတဲ့ ညီ့ပရိသတ်တွေရှေ့မှာ အရှက်ပြေပြောလိုက်တယ် ...

'ဟုတ်ပါတယ်၊ ကျွန်တော်မျိုးဉာဏ်က မင်းသမီးလေးကို ဘယ်ယှဉ်နိုင်ပါ့မလဲ၊ ပြီးတော့ ကျွန်တော်မျိုး ဒီရွှေမြို့တော်ကို ရောက်လာခဲ့တာ ပျောက်ဆုံးနေတဲ့ ကျွန်တော်မျိုးအဖေနဲ့ အစ်ကို့ကိုရှာရအောင် လာခဲ့တာပါ၊ ဒီတော့ ကျွန်တော်မျိုးကို သွားခွင့်ပြုပါလို့' ကျေးတောသားက ပြောလိုက်တယ် ...

'ဟင့်အင်း ... ငါ သင့်ကို ထွက်သွားခွင့်မပြုနိုင်ဘူး၊ သင်ရဲ့ပညာ ဘယ်လောက်ရှိလဲလို့ စမ်းသပ်ကြည့်ချင်သေးတယ်၊ ဒီမဏ္ဍပ်မှာ ငါ့အမိန့်က ငါ့ခမည်းတော်အမိန့်နဲ့ တစ်ထပ်တည်း အာဏာရှိတယ်။ ဒီတော့ မင်းလွန်ဆန်ရဲလား'လို့ မေးလိုက်တယ် ...





'ကျွန်တော်မျိုး မလွန်ဆန်ရဲပါဘူး မင်းသမီးလေး၊ ဒါပေမဲ့ ကိစ္စတစ်ခုဟာ အပေးအယူတစ်ခုခုရှိမှ အဓိပ္ပာယ်ရှိမှာပေါ့၊ သူတစ်ပါးကို မေးခွန်းတွေမေးတတ်ရုံနဲ့ ပညာဉာဏ်ကြီးမားတယ်လို့ မခေါ်ထိုက်ပါဘူး၊ သူတစ်ပါးမေးလာတဲ့ အမေးပုစ္ဆာတွေကိုလည်း ဖြေနိုင်မှ ပညာရှိပီသရာကျမယ် ...

ဒီတော့ ကျွန်တော်မျိုးနဲ့ မင်းသမီးလေး တစ်ယောက်ကို မေးခွန်းသုံးခုစီ မေးကြမယ်၊ ကျွန်တော်မျိုးရှုံးရင် မင်းသမီးလေး ကျွန်တော်မျိုးကို ဒီကနေ ထွက်ခွာခွင့်ပေးပါ၊ ကျွန်တော်မျိုးနိုင်ခဲ့ရင်တော့ မင်းသမီးလေးရဲ့တန်ဖိုးအထားဆုံး ပစ္စည်းတစ်ခုကိုပေးပါလို့' ပြောလိုက်တယ် ...

မင်းသမီးကလည်း မခေပါဘူး၊ တောသားလေး တောင်းဆိုသမျှကို အကုန်လက်မခံဘဲ ...

'သင်ရှုံးရင် သင့်ရဲ့တန်ဖိုးအထားဆုံးပစ္စည်းတစ်ခုကို ငါ့ကိုပေးခဲ့ပြီးမှ ထွက်သွားရမယ်'လို့ ကျေးတောသားလေးရဲ့ပါးနပ်တဲ့တောင်းဆိုမှုမှာ တွေဝေမသွားဘဲ ကျေးတောသားလေးကို စကားနဲ့ပြန်ချည်နှောင်လိုက်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်တစ်ခုလုံးနဲ့ ပြည်သူပြည်သားတွေဟာ မင်းသမီးလေးမေးခွန်းတွေကို ဖြေနိုင်တဲ့သူ ပေါ်လာတဲ့အတွက် နှစ်ထောင်းအားရ ဖြစ်နေကြတယ် ...

စစချင်းမှာပဲ မင်းသမီးလေးဟာ ကျေးတောသားလေးကို မေးခွန်းတစ်ခု အရင်စ,မေးခွင့် ပြုလိုက်တယ်၊ မင်းသမီးလေးနဲ့ ကျေးတောသားလေးရဲ့ပြိုင်ပွဲကို လာရောက်ကြည့်ရှုကြတဲ့ သူတွေက ကြိတ်ကြိတ်တိုးလို့ပေါ့”

ပုံပြင်လေး ဖတ်နေရင်း တျာ ဆွေးဆွေးမြည့်မြည့်လေးပြုံးမိသည်။ ရှင် ဘာကြောင့် ဒီလောက်ဖန်တီးနိုင်စွမ်း ရှိရတာလဲ မိုးလှု။

“ခြေလေးချောင်းနဲ့
မိုးပေါ်ရောက်
သို့ပါသော်လည်း
အတောင်မပေါက်
ရာဇဝင်မှာ သူထင်ရှား
စုံတင်လောက်တဲ့
ရွှေမင်းသား ...





လို့ ကျေးတောသားလေးက အသံနေအသံထားနဲ့ ရွတ်ဆိုလိုက်ပြီး အဲဒီအဓိပ္ပာယ်က ဘာလဲလို့ မင်းသမီးလေးကို မေးလိုက်တယ် ...

မင်းသမီးလေးက မဆိုင်းမတွပဲ ‘လပေါ်ကယုန်’ လို့ ပြန်ဖြေလိုက်တယ်။ ဒီတစ်ခါ အလှည့်ကျတာတော့ မင်းသမီးလေးအလှည့်ပေါ့ ...

ထိုးရိုက်ထုထောင်း
ညစ်ကြေးလောင်းလည်း၊
ပေးဝေကောင်းစား
အကျိုးများနဲ့
တုံ့ဏှိုဘာဝေ
ဆိတ်ဆိတ်နေ၏ ...

လို့ မင်းသမီးလေးကလည်း အားကျမခံ ပြန်လည်ရွတ်ဆိုလိုက်တယ်၊ ဉာဏ်ရည်တူတဲ့ ကျေးတောသားလေးကလည်း မင်းသမီးလေး ရွတ်ဆိုပြီးပြီးချင်းမှာပဲ ‘မဟာပထဝီမြေကြီး’ လို့ ဖြေလိုက်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ မင်းသမီးလေးက ဒီလိုတော့မဖြစ်သေးဘူး၊ ငါ အချိန်တစ်ခုယူပြီး ခက်ခဲတဲ့ပုစ္ဆာတွေကို သေသေချာချာ စဉ်းစားပြီးမှ မေးမယ်ကွဲပြီး နောက်ထပ်မေးခွန်းနှစ်ခုအတွက် အချိန်ယူမယ်လို့ပြောပြီး နန်းတော်ထဲဝင်ထာပေါ့ ...

နောက်တစ်ပတ်ကြတော့ မင်းသမီးလေး ပြန်ရောက်လာတယ်။ သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်နဲ့ပေါ့။ ဒါနဲ့ပဲ မင်းသမီးလေးက ကြည်လင်ပြတ်သားတဲ့အသံနဲ့ စ,ပြောလိုက်တယ် ...

'တောတစ်တောမှာ ဝက်ဝံတစ်ကောင်ဟာ ပျားရည်သောက်ချင်တာနဲ့ ပျားအုံတစ်အုံရှိရာ အနံ့ခံသွားနေတယ်။ အဲဒီလိုပဲ ရွာသားတစ်ယောက်ဟာလည်း ဆေးအဖြစ်မှီဝဲဖို့ ပျားရည်လိုချင်လို့ ပျားအုံရှိရာကို လိုက်ရှာနေတယ် ...

ဒီလိုနဲ့ လူနဲ့ဝက်ဝံဟာ ပျားအုံရှိတဲ့အပင်ကြီးရဲ့ ဟိုဘက်ဒီဘက်မှာ ရောက်နေကြတာပေါ့၊ အဲဒီအချိန်မှာပဲ ကျားတစ်ကောင်ဟာ ချုံထဲမှာဝပ်ပြီး သူ့မြင်ကွင်းထဲဝင်လာတဲ့ လူနဲ့ဝက်ဝံကို ချောင်းမြောင်းကြည့်ရှုနေတယ်။ အဲဒီကျားရဲ့အနောက်ဘက်က သစ်ပင်ကြီးတစ်ပင်ပေါ်မှာ





ရှိတဲ့ လင့်စင်ကြီးပေါ်မှာ မုဆိုးတစ်ယောက်ဟာလည်း ဒူးလေးနဲ့ ကျားကိုချိန်ရွယ်နေတယ်။ မေးခွန်းကတော့ ပျားအုံကို ဘယ်သူရသွားသလဲလို့ မေးလိုက်တယ် ...

မင်းသမီးလေးက တော်တော်ကြာအောင် စဉ်းစားနေတဲ့ တောသားလေးကို သဘောတကျနဲ့ ပြုံးကြည့်နေတယ်။ ဒီတစ်ခါတော့ ဒီကောင် ဖြေနိုင်တော့မှာ မဟုတ်ဘူးလို့ပေါ့ ...

တောသားလေးက စဉ်းစားတယ်။ ဒါကြောက်စရာကောင်းတဲ့ မေးခွန်းပဲ၊ ငါက တစ်ခုဖြေရင် သူကမဟုတ်ဘူးပြောပြီး တစ်ခုကိုလှည့်ပြီး ဖြေပြလိမ့်မယ်၊ ငါ ဘယ်လိုလုပ်ရပါ့မလဲပေါ့။ နောက်တော့ အကြံရသွားပြီး မင်းသမီးလေးကို ရဲရဲဝံ့ဝံ့ ရင်ကော့ဖြေလိုက်တယ် ...

'မုဆိုးရယ်၊ ရွာသားရယ်၊ ဝက်ဝံရယ်ထဲက မင်းသမီးပေးချင်တဲ့သူ ရမယ်၊ ဘယ်သူ့မှမပေးချင်ရင်တော့ ဘယ်သူမှ မရဘူး"

နားထောင်လာကြတဲ့ ပရိသတ်တွေဟာ ကျေးတောသားလေးရဲ့အဖြေကို အံ့အားသင့် ဝမ်းမြောက်ကြပြီး ချီးကျူးသံတွေ မစဲနိုင်အောင်ပဲတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးလေးကလည်း ကျေးတောသားလေးကို အထင်မသေးဝံ့တော့ဘဲ လေးစားသွားတာပေါ့။ အဲဒီခဏမှာပဲ ကျေးတောသားလေးနဲ့ မင်းသမီးလေးတို့ဟာ အကြည့်ချင်းဆုံသွားကြတယ်။ ဘဝဟောင်းကရေစက်လို့ပဲ ပြောရမလား၊ ကျေးတောသားလေးဟာ မင်းသမီးလေးကို တစစနဲ့ မေတ္တာရှိသွားတော့တာပေါ့။ မင်းသမီးလေးကလည်း သူနဲ့ ဉာဏ်ရည်တူတဲ့ ကျေးတောသားလေးကို သံယောဇဉ်တွယ်သွားတယ် ...

ဒါပေမဲ့ ကျေးတောသားလေးမှာ ဘာမှမရှိဘူးလေ။ ဂုဏ်ထူးအဆောင်အယောင် ဆိုတာ ဝေလာဝေးပေါ့။ ဒါကြောင့် မင်းသမီးလေးဟာ ကျေးတောသားလေးကို နှစ်သက်မိပေမယ့်လည်း ဣန္ဒြေဆည်ထားခဲ့တယ် ...

သူတို့နှစ်ယောက် မျက်လုံးတွေရဲ့အကြည့်ကို နားလည်တဲ့ ကိုယ်ရံတော်တပ်မှူးလေးဟာ ကြိတ်ဒနိုင်ခဲမရဖြစ်နေတာပေါ့။ ဒီတောသားကို ငါ ဘယ်လိုမောင်းထုတ်ရင် ကောင်းမလဲလို့ စဉ်းစားနေတယ်။ မင်းသမီးကိုယ်တိုင် ဖိတ်ခေါ်ထားတာမို့လည်း သူ့မှာ ဘာမှ လုပ်ခွင့်မရှိဘူးလေ...





မင်းသမီးလေးက ကျေးတောသားလေး ထွက်ခွာသွားမှာ စိုးကြောက်နေသလို၊ ကျေးတောသားလေးကလည်း မင်းသမီးနားက ထွက်မသွားချင်ခဲ့ဘူး။ တစ်နေ့တော့ ကိုယ်ရံတော်တပ်မှူးလေးဟာ မင်းသမီးနန်းတော်ပြန်ချိန်မှာ မဏ္ဍပ်ထဲကို ရောက်လာပြီး တောသားလေးကိုပြောလိုက်တယ် ...

'ကျေးတောသား အစုတ်ပလုတ်၊ မင်းသမီးလေးပေါ်မှာ မင်း ဘာစိတ်ညာစိတ်မှ မထားနဲ့၊ ငါဟာ မင်းသမီးလေးနဲ့ မကြာခင် လက်ဆက်တော့မယ့် မင်းသားတစ်ပါးပဲ'လို့ ပြောလိုက်တယ် ...

တောသားလေးက ပြုံးတယ်။ 'ကျွန်တော်မျိုးကို အမိန့်ပေးလို့ရပေမယ့် ကျွန်တော်မျိုးရဲ့နှလုံးသားကိုတော့ အမိန့်ပေးလို့ မရပါဘူး တပ်မှူးလေး'လို့ ပြန်ချေပလိုက်တယ်။ အဲဒီမှာပဲ တပ်မှူးလေးက ဒေါသမထိန်းနိုင်ဘဲ ကန်ကျောက်လို့ ကျေးတောသားလေးက ပြန်ခုခံလိုက်တာ တပ်မှူးလေးရဲ့အပေါ်ဝတ်ရုံ ပြဲစုတ်ပြီး ရင်ညွန့်တည့်တည့်မှာရှိတဲ့ အနီရောင်အမှတ်ကလေးကို တောသားလေးတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်ဆိုရင်ပဲ ပါးစပ်အပေါင်းသားနဲ့ အံ့သြတွေဝေသွားတာပေါ့ ...

ဘာလို့လဲဆိုတော့ သူလိုက်ရှာနေတဲ့ သူ့ရဲ့အစ်ကိုဟာ ရင်ညွန့်တည့်တည့်မှာ အမှတ်အနီလေးရှိတယ်လေ။ သူတို့ရဲ့ဖခင် ဘုရင်ကြီး တောကစားထွက်တုန်းက သားတော်နှစ်ပါးကိုပါ ခေါ်သွားရာ တောထဲမှာ မျက်စိလည်လမ်းမှားပြီး ကွဲကွာသွားခဲ့တာလေ။ ငါးနှစ်သားအရွယ်ဖြစ်ပြီဖြစ်တဲ့ ကျေးတောသားလေးဟာ ရင်ညွန့်မှာ အမှတ်အနီရှိတဲ့ သူ့အစ်ကို,ကိုပဲ မှတ်မှတ်ရရ ရှိနေခဲ့တာပါ ...

သူဟာ တောလိုက်မုဆိုးတစ်ယောက်ရဲ့ ကောက်ယူမွေးစားတာကို ခံရပြီး၊ နှစ်ပေါင်းများစွာ သူ့ရဲ့အတွေးမှာ မပီဝိုးတဝါး ထင်ကျန်နေတဲ့ အဖေနဲ့အစ်ကို,ကို လိုက်ရှာနေခဲ့မိတယ်။ တောထဲမှာ မြင်းတစ်ကောင်ရဲ့ကုန်းနှီးပေါ်မှာ ကြောက်အားလန့်အား ပါသွားရှာတဲ့ ကျေးတောသားလေးဟာ မုဆိုးကြီးတွေ့တဲ့အချိန်မှာ အပြင်းဖျားနေပြီး၊ ပြန်သတိရလာတဲ့အခါ ဘာမေးမေး ဘာတစ်ခုကိုမှ ရေရေရာရာ မဖြေနိုင်တော့ဘူးတဲ့။ သူ အမြဲပြောပြောနေတာက





'ကျွန်တော့်အစ်ကို ရင်ညွန့်မှာ အမှတ်အနီရှိတယ်'ဆိုတာပဲတဲ့ ...

ဒါနဲ့ပဲ သူဟာ ဝမ်းသာအားရဖြစ်သွားပြီး သူဟာ တပ်မှူးလေးပျောက်သွားတဲ့ ညီဖြစ်ကြောင်း ပြောပြလိုက်တယ်တဲ့၊ တပ်မှူးလေးကတော့ ဝမ်းမသာနိုင်ဘူး။ သူက ငါ့ညီဆို သူလည်းမင်းသားပဲပေါ့၊ သူ မင်းသားဆိုရင် မင်းသမီးလေးနဲ့ ဂုဏ်ရည်တူသွားမယ်။ ငါ့ရဲ့အရိုက်အရာလည်း မသေချာတော့ဘူးပေါ့၊ ဒါပေမဲ့ သူဟာ ဝမ်းသာဟန်ဆောင်ပြီး အဲဒီအပေါ် အမြတ်ထုတ်ဖို့ ကြံစည်တာပေါ့ ...

'ညီလေး ... တကယ်တမ်း တွက်ကြည့်မယ်ဆို မင်းသမီးလေးဟာ အစ်ကိုတော်နဲ့ လျာထားတဲ့ မင်းရဲ့မရီးလော်င်းပဲ၊ ဒါကြောင့်မို့လို့ မင်း နောက်ဆုတ်စေချင်တယ်'လို့ ပြောလိုက်တယ် ...

ကျေးတောသားလေးလည်း မှိုင်ငေးသွားတာပေါ့။ သူက မင်းသမီးလေးကို သိပ်ချစ်မိနေပြီလေ။ ဒါနဲ့ပဲ နောက်ဆုံးတော့ သူဟာ မင်းသမီးလေးကို အရှုံးပေးဖို့ သဘောတူလိုက်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ် မင်းသမီးရောက်လာတော့ မင်းသမီးလေးဟာ ခါတိုင်းထက် ပိုလှနေတယ်လို့ ကျေးတောသားလေး ထင်နေမိတယ်။ မင်းသမီးလေးက မေးခွန်း စ, မေးတယ် ...

'မိကျောင်းဟာ အိမ်မြှောင်နဲ့တူရင်၊ မြွေဟာတီကောင်နဲ့တူရင်၊ ကျားက ကြောင်နဲ့တူရင်၊ စိတ်ကလေးနဲ့တူရင်၊ နှလုံးသားဟာ ဘာနဲ့တူသတဲ့' တဲ့ ...

တောသားလေးဟာ ဥပါယ်တံမျဉ်နဲ့မေးတဲ့ မင်းသမီးလေးရဲ့မေးခွန်းအဖြေကို သိပေမယ့် အစ်ကိုရဲ့ကြင်ယာတော်ကို မျက်နှာပြောင်တိုက်ပြီး မမျှော်မှန်းဝံ့တာကြောင့် ဆိတ်ဆိတ်ပဲ နေလိုက်တယ် ...

အဖြေကို တောသားလေး သေချာပေါက်သိမယ်လို့ ယုံကြည်ထားတဲ့ မင်းသမီးလေးဟာ မချင့်မရဲဖြစ်နေမိတာပေါ့။ ဒါပေမဲ့ တပ်မှူးလေးမျက်နှာကို တောသားလေးက တစ်ချက်လှမ်းကြည့်ပြီးတော့ 'ကျွန်တော်မျိုး အဖြေကိုမသိပါဘူး' လို့ ပြောလိုက်တယ် ...





'ဘာ ... သင် ငါ့ကို သက်သက်မဲ့ အရှုံးပေးတာလား' လို့ မင်းသမီးလေးက ဒေါသတကြီးနဲ့ ပြောလိုက်တယ်။ အဲဒီအခါမှာ တောသားလေးက 'မင်းသမီးလေး ... ကျွန်တော်မျိုး ဒီကိုလာခဲ့တာ ကျွန်တော်မျိုးရဲ့ အစ်ကို,ကို ရှာဖို့ထွက်လာခဲ့တာပါ၊ မင်းသမီးလေးရဲ့အမေးတွေကိုဖြေနေရတာနဲ့ ကျွန်တော်မျိုးမှာ အချိန်တွေပုပ်ပါတယ်၊ ဒါကြောင့် ကျွန်တော်မျိုး မင်းသမီးလေးနဲ့ အချိန်ကုန်မခံနိုင်တော့ပါဘူး' လို့ ရင်နာနာနဲ့ ပြောလိုက်တယ် ...

မင်းသမီးလေးက အထိနာသွားတာပေါ့။ ကျေးတောသားလေးရဲ့ မာကျောပြတ်တောက်တဲ့စကားတွေဟာ သူမ နှလုံးသားကို ဆတ်ဆတ်ခါအောင် နာကျင်စေခဲ့တယ်လေ ...

'ကျွန်တော်မျိုး အကြံပေးရမယ်ဆိုရင် မင်းသမီးလေး အနေနဲ့ သင့်တော်တဲ့ကြင်ယာတစ်ယောက်ကိုရှာပြီး ပျော်ရွှင်စွာနဲ့ ဘဝကိုလျှောက်လှမ်းစေချင်ပါတယ်' လို့ ထပ်



www.burmeseclassic.com

www.burmeseclassic.com



လောင်းပြီး ပြောလိုက်တော့ မင်းသမီးလေးက ဆက်သည်း ခံနိုင်စွမ်း မရှိတော့ဘူး ...

'ကဲ ... ငါတို့ထားခဲ့တဲ့ ကတိအတိုင်းပဲ သင်ထွက်သွားလို့ရပါပြီ။ ဒါပေမဲ့ သင်တန်ဖိုးအထားဆုံး ပစ္စည်းတစ်ခု ထားခဲ့ပါလို့' မင်းသမီးလေးက ပြောလိုက်တယ် ...

ဒါနဲ့ပဲ တောသားလေးက ခေါင်းညိတ်လိုက်ပြီး 'မဏ္ဍာပ်အပြင် တစ်နေရာမှာ ထားခဲ့ပါ့မယ်၊ ကျွန်တော်မျိုးကို ယုံကြည်တယ် ဆိုရင် ခဏနေမှ မင်းသမီးလေး ထွက်လာကြည့်ပါ၊ အခုတော့ လိုက်မလာပါနဲ့လို့' ပြောပြီးထွက်သွားတယ် ...

ပရိသတ်တွေလည်း တစ်ယောက်မှ သူ့နောက်က မလိုက်ရဲကြဘူးပေါ့။ မင်းသမီးလေးက သူ့ကတိစကားကို ယုံကြည်ပါတယ်။

သင့်တော်တဲ့မင်းသားတစ်ပါးကို ယူဖို့လည်း တောသားလေးကို မကျေနပ်စိတ်နဲ့ ဆုံးဖြတ်လိုက်တယ်၊ သူမအား





နားမှာ အပါးတော်မြဲ ကိုယ်ရံတော်ဟာ မင်းသားတစ်ပါး မှန်းလည်း သူမ သိပြီးသွားပြီလေ ...

ခဏကြာတော့ မင်းသမီးလေးနဲ့ ပရိသတ်တွေဟာ မဏ္ဍာပ်အပြင်ဘက် ထွက်လာကြတယ်။ မဏ္ဍာပ်အပြင်ဘက်မှာ ဘာမှထူးထူးခြားခြား မရှိပါဘူး။ တောသားလေးကိုလည်း မတွေ့ရတော့ဘူး။ မင်းသမီးလေးက သူ့ကို တောသားလေး တစ်ပတ်ရိုက်သွားပြီထင်ပြီး ဒေါသထွက်နေတာပေါ့ ...

ဒါပေမဲ့ လေထဲမှာ လွင့်မျောလာတဲ့ မွှေးပျံ့တဲ့ရနံ့ကြောင့် အနံ့လာရာဆီ မင်းသမီးလေး ကြည့်လိုက်တော့ နီရဲပြီးလှပနေတဲ့ နှင်းဆီပင်တစ်ပင်ကို တွေ့လိုက်ရတယ်။ နှင်းဆီပင်လေးနားကို မင်းသမီးလေးက တိုးတိုးပြီးကြည့်လိုက်တယ် ...

နှင်းဆီရဲ့ပွင့်ဖတ်တွေဟာ သွေးလိုပဲ ရဲရဲနီနေတယ်။ တကယ်တော့ တောသားလေးထားခဲ့တဲ့ နှလုံးသားက



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းအသွင် ပြောင်းသွားခဲ့တာကို၊ အသက်မဲ့တဲ့ သူ့ရဲ့ရုပ်အလောင်းကိုတော့ အချစ်နတ်တွေက သယ်မ,သွားကြတယ် ...

တကယ်တော့ တောသားလေးဟာ သူ့နှလုံးသားကို မင်းသမီးလေးနားမှာပဲ ရှိစေချင်တာလေ။ မင်းသမီးလေး မေးခဲ့တဲ့မေးခွန်းရဲ့အဖြေကို လက်တွေ့ဖြေပြီးတော့ပေါ့။ တကယ်တော့ နှလုံးသားနဲ့တူတာ အချစ်ပါပဲ။ နှလုံးသား မရှိရင် အသက်မရှင်နိုင်သလို အချစ်မရှိတော့ရင်လည်း အသက်ကင်းမဲ့သွားတာနဲ့ အတူတူပါပဲ"

"မိုးလူ ... မိုးလူ"

တျာ ပုံပြင်စာအုပ်လေးကို ရင်မှာအပ်ပြီး ရှိုက်ကြီးတငင် အော်ဟစ်ငိုကြွေးနေမိသည်။

ရုတ်တရက် အခန်းတံခါးက ဝုန်းခနဲပွင့်သွားပြီး လက်တစ်စုံက တျာ့ရင်ဘတ်မှာကပ်ထားသော ပုံပြင်စာအုပ်လေးကို ဆွဲလုလိုက်သည်။





ပြီးတော့ လှန်လှောကြည့်ရင်း ဒေါသတကြီး အခန်းထောင့်ကို ပစ်ပေါက်လိုက်သည်။

"ရှင် ဒါ ဘာလုပ်တာလဲ ကိုသွေးသစ်"

တျာက ပုံပြင်စာအုပ်လေးကို ပြေးကောက်ရင်း အသံပြာတဲ့အထိ အော်ဟစ်လိုက်သည်။

"နီတျာတျာ ... မင်း လွန်နေပြီနော်၊ ငါသည်းခံနိုင်တဲ့ အတိုင်းအတာ ကျော်သွားပြီ။ မင်းနဲ့ငါ မကြာခင် လက်ထပ်တော့မှာနော်၊ မင်း ဆင်ဆင်ခြင်ခြင်နေပါ"

"ဒီမှာ ကိုသွေးသစ်၊ ရှင်နဲ့တျာ တရားဝင် လက်ထပ်ရသေးတာမဟုတ်ဘူး၊ ပြီးတော့ ရှင်က တျာ့ချစ်သူလည်းမဟုတ်ဘူး၊ ရှင် တျာ့ကို ဒီလိုအချိုးမျိုး လာချိုးစရာမလိုဘူး၊ ရှင် တျာ့အခန်းထဲက အခုချက်ချင်း ထွက်သွားပါ"

"မသွားနိုင်ဘူးကွာ၊ ငါ့ရင်ထဲကို မင်းဝင်ကြည့် နီတျာတျာ၊ ငါနေရာမှာ မင်းနေကြည့်လိုက်၊ မင်းကို တစ်နှစ် နှစ်နှစ် မဟုတ်ဘူး၊ နှစ်ပေါင်းများစွာ မျှော်လင့်ခဲ့ရတာကွ၊ နီတျာ



www.burmeseclassic.com

www.burmeseclassic.com



တျာ ... ငါ တောင်းပန်ပါတယ်၊ မင်း ဒီကောင့်ကိုမေ့ပစ်လိုက်ပါ"

"မမေ့နိုင်ဘူး ကိုသွေးသစ်၊ သူ့ကို တျာ ဘယ်တော့မှမေ့နိုင်မှာ မဟုတ်ဘူး၊ သူက တျာ့နှလုံးသားထဲမှာ အမြဲရှိနေမှာ"

တျာက ကိုသွေး မျက်နှာကို စေ့စေ့ကြည့်ပြီး အေးစက်စက် ပြောလိုက်သည်။

"နီတျာတျာ ... မင်းကွာ ... မင်း"

သွေးသစ်က လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး တျာ့အခန်းထဲက ထွက်သွားသည်။ ကြီးကြီးနှ၊ ကြီးကြီးစုနဲ့ မေမေတို့ တျာ့အခန်းရှိရာ ပြေးလွှားရောက်လာကြသည်။

"ကျွန်တော်တို့မင်္ဂလာပွဲကို တစ်ပတ်အတွင်း စီစဉ်မယ်"

သူက အံကြိတ်သံဖြင့် ပြောနေသည်။

"စီစဉ်လေ ... စီစဉ်ပေါ့၊ တျာက စကားကျွံထားပြီးပြီပဲ၊ ဒါပေမဲ့ တစ်ခါတည်းပဲ ပြောလိုက်မယ် ကိုသွေးသစ်၊ တျာက ရှင့်ရဲ့အိမ်ထောင်ရှင်မကောင်းတစ်ယောက် ဖြစ်ချင်





ဖြစ်လာမယ်၊ ရှင့်ကိုတော့ ဘယ်တော့မှ ချစ်လာမှာမဟုတ်ဘူး"

တျာက သူ့နောက်ကနေလိုက်ပြီး စိန်ခေါ်သည့်လေသံဖြင့် ပမာမခန့် ပြောလိုက်သည်။

"တျာတျာ"

"ဟယ် ... ဘယ်လိုပြောလိုက်တာလဲ မိတျာ"

တျာ အခန်းထဲကိုပြန်ဝင်ပြီး တံခါးကျက်ထိုးထားလိုက်သည်။ ပြီးတော့ ခေါင်းအုံးပေါ် မျက်နှာမှောက်ပြီး ရှိုက်ကြီးတငင်ငင် ငိုကြွေးလိုက်သည်။ တျာ့ကို ခွင့်လွှတ်ပါ မိုးလုံ့ရယ်၊ ရှင်ထားခဲ့တဲ့ နှလုံးသားကို တျာ ထာဝရမြတ်မြတ်နိုးနိုး သိမ်းထားမှာပါ။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



## ၃၅

"ငါတို့လုပ်တာ မှန်ရဲ့လား ထိန်လင်း"

မြပိတောက်က ကားမောင်းနေတဲ့ ထိန်လင်းကို မပွင့်တပွင့် မေးလိုက်သည်။

"မှန်တယ်လို့တော့ ထင်တာပဲ မြပိတောက်၊ အခုအချိန် အထိတော့ သူ့ပုံပြင်စာအုပ် ပျောက်နေတာ သူသိမှာမဟုတ်





သေးဘူး။ သူသိသွားရင်တော့ ငါတို့လက်ချက်မှန်း သိသွားမှာ အသေအချာပဲ"

"ငါတို့လုပ်လိုက်လို့ နီတျာတျာ ကိုသွေးသစ်နဲ့ အဆင်ပြေပါ့မလား မသိဘူးနော်"

ချစ်စုက စိုးရိမ်မကင်းလေသံနှင့် ပြောလိုက်သည်။

"ငါတို့ရည်ရွယ်ချက်က တစ်ခုတည်းပဲလေ၊ မိုးလူ နီတျာတျာကို ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ နီတျာတျာသိအောင် လုပ်ဖို့ပဲ၊ နီတျာတျာ မိုးလူကို မုန်းမနေစေချင်ဘူး။ ကျန်တဲ့ အပိုင်းကတော့ ကံအတိုင်းပဲပေါ့"

ကဗျာဆရာမ ပိုးဉက နှလုံးသားက နည်းနည်းနုတာမို့ မိုးလူ အသည်းကွဲနေတာကို ကြားထဲက မခံစားနိုင်ပါ။

တကယ်တော့ မိုးလူ ပေးခဲ့တာ ရင်ထိုးလေးတစ်ခုတည်းပါ။ စာအုပ်အနီလေးကတော့ သူတို့ မိုးလူ့ခရီးဆောင်အိတ်ထဲက ခိုးထားတာ။ မနေ့ညက မိုးလူတို့အိမ်မှာ သူတို့တစ်အုပ်စုလုံး အိပ်ကြသည်။

ထိန်လင်းက မိုးလူယူမည့် ပစ္စည်းတွေကိုထည့်ပေးရင်း စာအုပ်အနီလေးကို တွေ့မိရာက ဖတ်ကြည့်မိပြီး သူမတို့ကို



www.burmeseclassic.com

www.burmeseclassic.com



သတင်းပေးခဲ့သည်လေ။ မိုးလူသွားခါနီးကျမှ ပစ္စည်းစစ်သလိုလို ဘာလိုလိုနှင့် ထိုစာအုပ်ကို ခိုးထားလိုက်ကြသည်။

"သေချာတယ်၊ နီတျာတျာ ဖတ်ပြီးရင် ငိုနေလိမ့်မယ်၊ ငါတို့တောင် ဘာမဆိုင် ညာမဆိုင် ငိုကြသေးတာပဲ"

"အေးပေါ့ ... နှလုံးသွေးနဲ့ရေးထားတာဆိုတော့ အသက်ဝင်တာပေါ့"

"သူ့ ဟိုမှာ နှစ်နှစ်ကြီးများတောင် ကြာမှာနော်၊ ငါတို့ သူငယ်ချင်း အဆင်ပြေမှာပါ"

မိုးလူ ဩစတြေးလျနိုင်ငံက နော်သမ်ဘီရမ် တက္ကသိုလ်မှာ ကျောင်းလျှောက်ထားတာ ကြာပြီမဟုတ်လား။ ကျောင်းပြီးတာနဲ့ကွက်တိ။ နီတျာတျာရဲ့လက်ထပ်ပွဲမတိုင်မီကွက်တိမှာ သူ ထွက်သွားနိုင်ခဲ့တာ သူ့ ကံကောင်းတာပေါ့။

"ငါကတော့ ငရဲကြီးရင် ,ကြီးပလေ့စေ၊ နီတျာတျာ့ကို ကိုသွေးသစ်နဲ့ မရစေချင်ဘူး"

ပိုးဥက တစ်ဘာသာ ထ,ပြောလိုက်ပြန်သည်။

"ဒါကတော့ ငါတို့အားလုံးရဲ့ ရင်ထဲက အဖြစ်ချင်ဆုံးဆန္ဒပဲလေ"





"အေး ... ငါ အကြံရပြီ"

မြပိတောက်က ငြိမ်နေရာမှ ထ,ပြောသည်။

"ဘာလဲ မြပိတောက်"

အားလုံးက ဝိုင်းမေးလိုက်ကြသည်။ မြပိတောက်က အကြံအစည်ကောင်းတယ် မဟုတ်လား။ နီတျာတျာ့ကို စာအုပ်အနီ ပါထည့်ပြီး မင်္ဂလာဆောင်လက်ဖွဲ့ပေးဖို့ အကြံပေးတာလည်း မြပိတောက်ပဲလေ။

"နီတျာတျာ ကိုသွေးသစ်နဲ့ ယူဖြစ်သည်ဖြစ်စေ မယူဖြစ်သည်ဖြစ်စေ ငါတို့ မိုးလူနဲ့ Online မှာတွေ့ကြရင် နီတျာတျာ့ အကြောင်း မပြောကြေးနော်"

"ဘာဖြစ်လို့လဲ မြပိတောက်"

အားလုံးက နားမလည်ဟန် ဝိုင်းမေးကြသည်။

"ငါ့စိတ်ထဲမှာ သိနေတယ်၊ နီတျာတျာ အဲဒီပုံပြင်ကိုဖတ်လိုက်ရတဲ့အချိန်မှာ ကိုသွေးသစ်ကို လုံးဝယူတော့မှာမဟုတ်ဘူး၊ ဒါပေမဲ့ မိုးလူကတော့ သူ လက်ထပ်သွားပြီလို့ ထင်နေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အရှုံးမ မြပိတောက်၊ မိုးလူ မိဘတွေက ပါးစပ်မပါလို့လား၊ တစ်နည်းနည်းနဲ့ သူသိမှာပဲဟာ၊ ပြောတော့ မိုးလူကို သနားလှချည်ရဲ့ဆိုပြီး သတင်းကောင်းကို ဘာကြောင့်ဝှက်ထားချင်တာလဲ၊ ဒီတစ်ခါတော့ နင့်အတွေးကြီးက ခပ်ကြောင်ကြောင်ကြီးပါဟာ၊ ရုပ်ရှင်လည်း ဆန်လွန်းတယ်၊ ဟား ဟား ဟား ဟား"

မြပိတောက်က အားလုံးရဲ့အလောင်ခံရ၍ မျက်နှာရှုပုပ်သွားပြီး ပါးစပ်ပိတ်သွားသည်။

"နင်တို့မိန်းကလေးတွေက စိတ်ကူးယဉ်ဆန်လွန်းပါတယ်ဟာ၊ ဘာပဲဖြစ်ဖြစ် နိတျာတျာ ကိုသွေးသစ်ကိုပဲ လက်ထပ်မှာပါ"

ထိန်လင်းက အားလျော့တဲ့အသံနဲ့ ပြောလိုက်တာမို့ မြပိတောက်တို့သူငယ်ချင်းတစ်စု ကိုယ်စီ ကိုယ်စီ အတွေးတွေနဲ့ ငြိမ်သက်သွားကြသည်။

♥○♥





## ၃၆

ငါးနှစ်ကျော် ခြောက်နှစ်နီးပါး ကြာမြင့်ခဲ့ပေမယ့် ပြန်တွေးလိုက်တိုင်း တျာ့အာရုံမှာ သူ့ပုံရိပ်တွေက ထင်ရှားနေတုန်းပဲလေ။ နယ်မှာ နှစ်နှစ်တာဝန်ကျပြီး ဒဂုံတက္ကသိုလ်မှာ တာဝန်ပြန်ကျတော့ အမှတ်ရစရာတွေက တျာ့ရင်ထဲကို အလု



www.burmeseclassic.com

www.burmeseclassic.com



အယက် ဝင်လာကြသည်။ အထူးသဖြင့် တျာတို့ထိုင်နေကျ ကန်တင်းလေးဘက်က ဖြတ်လျှောက်မိတဲ့အခါမှာပေါ့။ သူ့ကိုသတိရမိတိုင်း အကျီရင်ဘတ်ပေါ်က နှင်းဆီဖူးကို ခပ်ဖွဖွ စမ်းမိဆဲပဲလေ။

"ဟိုဆရာမလေ ... နှင်းဆီးဖူးပုံရင်ထိုး အမြဲထိုးတဲ့ ဆရာမလေ၊ အဲဒီဆရာမက တစ်ခုလပ်တဲ့ဟ"

"ပေပါဝမ်းသင်တဲ့ ဆရာမလား၊ ဟုတ်လို့လား၊ နင်ဘယ်လိုလုပ်သိလဲ"

သူမရှေ့က ကျောင်းသူနှစ်ယောက်ရဲ့အသံတွေကြားတော့ တျာ နားနားကြည်းကြည်း ပြုံးမိသည်။ ရှင် ဖြစ်စေချင်တာ ဒီလိုမဟုတ်လား ကိုသွေးသစ်။

"ဟယ်တော့"

ကောင်မလေးတစ်ယောက်က အနောက်ကိုလှည့်ကြည့်ရင်း တျာ့ကိုတွေ့တော့ ကြောက်သွားသည့်ပုံ။ တျာကတော့ သူတို့ပြောတာတွေ မကြားသည့်ဟန်ဖြင့် သူတို့နှစ်ယောက်ကို ဖြတ်ကျော်လျှောက်သွားမိသည်။ တျာ့အတွေးတွေက လွန်ခဲ့တဲ့ အတိတ်ကမ္ဘာဆီ တစ်ပတ်ပြန်လည်သွားသည်။





စူးရဲသော မျက်ဝန်းနှစ်စုံတို့သည် မီးဖွားမီးစဖွေ့ ပန်းထွက်တော့မည့်အလား ပါဝါအပြည့်ဖြင့် အကြည့်ချင်းပြိုင်နေကြသည်။

"ကောင်းပြီ နီတျာတျာ၊ ပြတ်သားလှတဲ့ မင်းစကားတွေဟာ ငါ့နှလုံးသာကို အမြစ်ပါအောင် ဆွဲနုတ်ခဲ့ပြီးပြီပဲ။ အခုချိန်မှာ ငါ့အတွက် နီတျာတျာကိုသိပ်ချစ်ခဲ့တဲ့ နှလုံးသားလုံးဝရှိမနေတော့ဘူး၊ ဒါပေမဲ့ ငါ့ရဲ့ သွေးသစ်ဆိုတဲ့ကောင်ရဲ့ ဂုဏ်သိက္ခာအတွက် မင်းကို လက်ထပ်ရလိမ့်မယ်"

"စိတ်ချ ... ရှင် ဘယ်တော့မှ စိတ်ချမ်းသာမှာမဟုတ်ဘူး"

"မင်းလည်း စိတ်ချမ်းသာမှာ မဟုတ်ဘူးလေ နီတျာတျာ၊ ဒီတော့ မင်းကို ငါ အခွင့်အရေးတစ်ခုပေးမယ် နီတျာတျာ၊ မင်း ရွေးချယ်ပေါ့၊ မင်း ငါ့ကို စိတ်ဆင်းရဲစွာနဲ့ တစ်ဘဝလုံး ပေါင်းသင်းမလား၊ ဒါမှမဟုတ် တစ်ခုလပ်ဆိုတဲ့ဘွဲ့ကို ယူမလား၊ လက်ထပ်ဖို့ကိစ္စကိုတော့ မင်း ငြင်းဆိုခွင့်လုံးဝမရှိဘူးနော်"

"ရှင် ... ဒါ ... ဒါဘာသဘောလဲ၊ ဘာအဓိပ္ပာယ်လဲ"

သူ့ရဲ့မထီတတီ မျက်နှာပေးကို တျာ မုန်းတီးစွာ ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပါတယ် ... ငါ့ဘက်က မင်းအတွက် စောင့်စားခဲ့ရတဲ့အချိန်တွေ၊ ပေးဆပ်ခဲ့ရတဲ့ အရင်းအနှီးတွေအတွက် တန်တဲ့လျော်ကြေးတစ်ခု မင်းဆီက ပြန်ရယူဖို့အတွက်ပဲ နီတျာတျာ"

"ဘာ ... ရှင် တော်တော်လူမဆန်တဲ့သူ၊ ယုတ်မာပက်စက်ပြီး ကြောက်စရာကောင်းတဲ့လူပဲ ကိုသွေးသစ်"

"ဟင်း ဟင်း ဟင်း ... ဟုတ်တယ်၊ အချစ်အတွက် သိပ်ကိုစိတ်ကူးယဉ်ဆန်လွန်းတဲ့ နူးညံ့တဲ့ လူတစ်ယောက်ရဲ့ မယုံကြည်နိုင်အောင် ပြောင်းလဲမှုတစ်ခုပဲ၊ ဒါပေမဲ့ ငါ့ကို ဒီလိုပြောင်းလဲသွားအောင် မင်းပဲလုပ်ခဲ့တာ နီတျာတျာ၊ ပြီးတော့ မိုးလူ၊ မင်းတို့နှစ်ယောက်ပေါင်းပြီး ငါ့ကိုအရောင်ဆိုးခဲ့ကြတာ"

"ရှင် တျာတို့ကို အပြစ်ဖို့စရာမလိုဘူး ကိုသွေးသစ်၊ အချစ်မှာ ပုံသေကားချပ်မရှိဘူး၊ အချစ်က လွတ်လပ်စွာတည်ရှိနေတယ်၊ ဘာကြောင့် ညာကြောင့်ဆိုတဲ့ အကြောင်းပြချက် သူ့မှာမရှိဘူး၊ သူ ဝင်ရောက်ချင်တဲ့ နှလုံးသားမှာ ခိုဝင်နားတတ်တယ်ရှင့်"





"ဟား ဟား ဟား ဟား"

သွေးသစ်က ခေါင်းမော့ပြီး ခြောက်ကပ်ကပ်ရယ်မောနေသည်။ သူ့ရင်ထဲမှာ နာကျင်မှုက အဆုံးစွန်ဆုံးအထိ ရောက်ရှိသွားပြီမို့ တကယ့်ကို ဗလာနတ္ထိ။

"ရတယ်လေ ... နီတျာတျာဆိုတဲ့ မိန်းမကလည်း သတ္တိမကြောင်တတ်ပါဘူး၊ ရှင်လို သိပ်ကြောက်စရာကောင်းတဲ့ ယောကျ်ားနဲ့ ထာဝရအတူနေရမယ့်အစား တစ်ခုလပ်ဆိုတဲ့ ဘွဲ့ထူးကိုပဲ ရွေးလိုက်မယ်"

"စဉ်းစားပါဦး နီတျာတျာ၊ မိန်းမတစ်ယောက်အတွက် ဒီနာမည်ကြီးက ဘယ်လောက်ဆိုးဝါးလဲ မင်း သိပါတယ်၊ မင်း သိပ်ချစ်လှပါချည်ရဲ့ဆိုတဲ့ မိုးလူကရော မင်းကို ကြည်ဖြူနိုင်ပါ့မလား"

"ဒီမှာ သွေးသစ်၊ တျာ့ကို လာမခြောက်နဲ့၊ တျာမကြောက်တတ်ဘူး၊ တစ်ခုပဲမေးချင်တယ်၊ ရှင် တျာ့ကို ဘယ်တော့ကွာရှင်းပေးမှာလဲ"

"မကြာပါဘူး၊ မင်းဆီက ငါ လျော်ကြေးရပြီးနောက်တစ်ရက်မှာပါ၊ သိပ်လည်းကြောက်မသွားပါနဲ့ဦး၊ ငါ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘာခံစားချက်မှမရှိတဲ့ မင်းကို ငါ လက်ဖျားနဲ့တောင်မတို့ပါဘူး ...

ငါသာ နှလုံးသားဗလာနဲ့ မင်းကို ပိုင်ဆိုင်ချင်ခဲ့တယ်ဆိုရင် မင်းအိမ်မှာ ဒရိုင်ဘာလုပ်နေတဲ့ အချိန်တုန်းကတည်းက မင်းကိုကားတင်ပြေးခဲ့ပြီးပြီ။ ဒါပေမဲ့ လူတွေကတော့ ဒါတွေမသိတော့ မင်းကို ဒီလိုမြင်ကြမှာ မဟုတ်ဘူး။ အဲဒီ အတွက် မင်း နစ်နာသွားတယ် ဆိုရင် လျော်ကြေးအတွက် ငါ့ပိုင်ဆိုင်မှု တစ်ဝက်တိတိကို မင်းကို ပေးခဲ့မှာပါ”

“တော်တော့ ကိုသွေးသစ် ... ရှင့်ပါးစပ် ပိတ်လိုက်တော့၊ ရှင် ရူးနေပြီ ... ရှင် ရူးသွားပြီ”

သူက တျာ့ရဲ့ဒေါသတကြီးစကားတွေနဲ့ အမူအရာတွေကို တည်တည်ငြိမ်ငြိမ် ပြုံးကြည့်နေသည်။ ပြီးတော့ တျာ့လက်ထဲကို ချစ်စရာကောင်းသော မင်္ဂလာဖိတ်စာလေးတစ်စောင် ထည့်ပေးပြီး ထွက်သွားသည်။

တျာက ထိုဖိတ်စာကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဆွဲဖြဲလိုက်သည်။ Restaurant တစ်ခုရဲ့အထူးခန်းထဲမှာ





တျာ တစ်ယောက်တည်း ငိုကျွန်နေခဲ့သည်။ ကံကြမ္မာက တျာ့ကို ဘာကြောင့် ဒီလောက်မညှာတာခဲ့ရတာလဲ။

ကွာရှင်းစာချုပ်လေးကို တျာ စားပွဲပေါ်မှာ ချပြလိုက်သည်။ မယုံကြည်နိုင်သော မျက်လုံးများအလယ်တွင် တျာ ကြေကွဲစွာ ထိုင်နေသည်။ မနေ့က မင်္ဂလာပွဲရဲ့အတွေ့အကြုံတွေကို သူတို့ကတော့ စမြုံ့ပြန်ပြောလို့ ကောင်းနေကြတုန်း မဟုတ်လား။ ခမ်းနားစွာ လက်ထပ်ခဲ့တဲ့ မင်္ဂလာပွဲရဲ့ဗီဒီယိုမှတ်တမ်းတွေနဲ့ ဓာတ်ပုံတွေတောင် မရသေးခင် ကွာရှင်းစာချုပ်ကို အရင်မြင်လိုက်ရတော့ အားလုံး သွေးပျက်သွားကြမှာ သေချာပါသည်။

“ဒီကောင် ဒါဘာလုပ်တာလဲ၊ ဘာအချိုး ချိုးတာလဲ၊ တျာတျာ ပြောစမ်း ငါ့ကို၊ နင်တို့ ဘာတွေဖြစ်ခဲ့တာလဲ၊ ဘာကြောင့် ဒီလိုအဆင်အခြင်မဲ့တဲ့အလုပ်ကို လုပ်ရတာလဲ”

ကွာရှင်းစာချုပ်ကို ယူကြည့်ပြီး ကိုကိုစိုး ထပေါက်ကွဲနေသည်။ ငိုင်တွေတွေ ထိုင်နေသော တျာ့ကိုကြည့်ပြီး တစ်အိမ်သားလုံး ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေကြသည်။

“တျာတျာ ... ဘယ်လိုဖြစ်ရတာလဲ၊ အခု သွေးသစ် ဘယ်မှာလဲ၊ သူ ဘယ်မှာလဲ ကြီးကြီးနကို ပြောစမ်း တျာတျာ”



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးနက တျာ့ပခုံးကိုလှုပ်ပြီး မေးနေသည်။ ကိုကိုစိုးက ကိုသွေးသစ်ဆီ ဖုန်းဆက်နေသည်။ သူ့ဖုန်းကပိတ်ထားတာမို့ ကိုကိုစိုး ဒေါသတွေက ပိုအုံကြွလာသည်။

"တျာတို့ လက်မထပ်ခင်ကလတည်းက သဘောတူညီမှု ယူထားတာပါ၊ သူ ကနေ့ဒါကို ဒီနေ့ညနေလေယာဉ်နဲ့ ထွက်သွားပါပြီ"

တျာက သွေးအေးအေးနဲ့ ပြောလိုက်သည်။

"ဟင်"

"ဟယ်"

အားလုံးက တျာ့စကားတွေကို မယုံနိုင်လေဟန် ပါးစပ်အဟောင်းသားနှင့် နားထောင်နေကြသည်။

"ဘာကြောင့်လဲ ... ဘာကြောင့်လဲ ... ဘာကြောင့် ဒီလိုလုပ်ရတာလဲ တျာ၊ ပြောစမ်း ... ဒါကလေး ကစားစရာ မဟုတ်ဘူး မိတျာ၊ ညည်းဘဝတစ်ခုလုံးနဲ့ဆိုင်တယ်၊ ညည်း အသိဉာဏ်မရှိတဲ့မိန်းမ၊ ဆင်ခြင်တုံတရားမရှိတဲ့မိန်းမ"

မေမေက တျာ့ကို အရူးတစ်ယောက်လို ဆွဲကိုင်လှုပ်ပြီး ထုရိုက်နေသည်။ ပြီးတော့ ဝုန်းခနဲ လဲကျသွားတာမို့ တစ်အိမ်သားလုံး အလုပ်ရှုပ်သွားကြသည်။





"နှင်းဖွေး ... နှင်းဖွေး ... သတိထားလေ"

"မေမေ ... မေမေ ... တျာ မှားပါတယ် မေမေရယ်၊ မေမေ ... မေမေ ... ထပါ ... သတိရပါ"

တျာကလည်း မေမေ့အဖြစ်ကိုကြည့်ပြီး ယူကျုံးမရ အော်ဟစ်ငိုကြွေးနေသည်။

တျာတို့ သီရိဂေဟာလေး ကမ္ဘာပျက်တဲ့နေ့ပေါ့။ အဲဒီနောက်ပိုင်းမှာ လူတကာရဲ့မေးငေါ့ကဲ့ရဲ့ ပြောဆိုမှုအလယ်မှာ တျာ သတ္တိရှိစွာ ရပ်တည်ခဲ့ပါတယ်။ နောက်ဆုံးနှစ်စာမေးပွဲမှာ တျာက ခရက်ဒစ်လေးခု ထွက်ခဲ့တာမို့ မာစတာတန်းဆက်တက် ဖြစ်ခဲ့တယ်။ ကိုသွေးသစ်က သူ့ရဲ့အထည်ချုပ်စက်ရုံကို တျာ့နာမည်နဲ့ လွှဲပေးသွားခဲ့တယ်လေ။ ဒါပေမဲ့ တျာ့ဘဝမှာတော့ ဖျက်မရတဲ့ အမည်းစက်တစ်ခု စွန်းထင်းခဲ့ပြီပေါ့။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



## ၃၇

Black board ပေါ်မှာ ရေးထားသော စာပိုဒ်ကြောင့် တျာ မျက်မှောင်လေး ကြုတ်မိသည်။

❢ တစ်ခါက ဦးထုပ်တစ်လုံးဟာ
အနွေးထည်တစ်ထည် ပြောင်းသွားခဲ့တယ်။





အနွေးထည်ဝတ်ထားတဲ့ ရင်ဘတ်ထဲမှာ
ပက်ကြားအက်နေတဲ့ ပန်းသီးပုပ်တစ်လုံးလည်း
ပါသွားခဲ့တယ်လေ။

❢ အခု အနွေးထည်တစ်ထည်က
ဦးထုပ်တစ်လုံး ပြန်ဖြစ်လာပြီ
ဦးထုပ်ဆောင်းထားတဲ့ ခေါင်းထဲမှာ
ချိုမြိန်တဲ့သကြားလုံးတွေ ရှိနေတယ်။

❢ ဒါပေမဲ့ ...
အခွံခွာပေးမယ့်သူ ပျောက်နေလို့
ရာသီသုံးပတ်လည်တဲ့အထိ
စောင့်နေရရှာတယ်လေ။

"ဒါ ဘယ်သူရေးထားတာလဲ"

တျာက အခန်းဘက်လှည့်ပြီး မေးသော်လည်း အားလုံးက ခေါင်းခါပြကြတာမို့ duster နဲ့ ဖျက်ပစ်လိုက်သည်။ ခေါင်းထဲမှာတော့ ထိုကဗျာလိုလို စာလိုလို အဓိပ္ပာယ်တစ်မျိုးနဲ့ ရေးထားသောစာရဲ့အဓိပ္ပာယ်ကို ဖော်နေမိသည်။

စာသင်ချိန်ပြီးတော့ တျာ နောက်တစ်ချိန်ဝင်ရမည့် အခန်းဘက်သို့ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"တီချယ် နီတျာတျာ"

နောက်နားဆီမှ အသံကြောင့် တျာ လှည့်ကြည့်လိုက်သည်။ အရပ်ရှည်ရှည် အသားညိုညိုနဲ့ ကောင်လေးတစ်ယောက်။ သူ့ကိုမြင်တော့ တျာ တစ်ယောက်သောသူကို သွားသတိရလိုက်မိသည်။

"ဩော် ... သား၊ ဘာကိစ္စလဲ"

"ဒီထဲက ကဗျာတွေရဲ့အဓိပ္ပာယ်ကို ကျွန်တော်မဖော်တတ်လို့ တီချယ်၊ တီချယ် ဖြေကြည့်ပေးပါလား"

တျာ့လက်ထဲကို စာရွက်ပြာပြာခေါက်လေး လာထည့်သွားတာမို့ တျာ့ရင်တွေ ဆောင့်ခုန်သွားသည်။ စာရွက်အပြာရောင်လေးက တျာ့ဘဝမှာ အမှတ်ရစရာတွေ များခဲ့သည် မဟုတ်လား။

အတန်းချိန်တွေပြီးတော့ တျာ department ထဲက ကိုယ့်စားပွဲမှာထိုင်ပြီး စာရွက်လေးကို ဖွင့်ဖတ်မိသည်။

- ပန်းပျိုးသူဟာ
  ပန်းရဲ့အနားမှာ ပျံဝဲနေတဲ့
  ပျားပိတုန်းလိပ်ပြာတွေကို
  မနာလိုမဖြစ်ရိုး ထုံးစံပါ။





- ပန်းပျိုးသူဟာ
  တသုန်သုန်တိုက်ခတ်နေတဲ့
  လေနတ်သားရဲ့
  မထိကလုတ် ထိခလုတ် နမ်းကြူမှုကိုလည်း
  အရေးမစိုက်တတ်ဘူး။
- ပန်းပျိုးသူဟာ
  ပန်းလေး လဲကျခဲ့ရင်တော့
  နူးညံ့တဲ့နှလုံးသားနဲ့
  ပြန်မတ်ပေးတတ်သူပါ ...

တဲကယ်လို့များ ပန်းလေး သံသယရှိခဲ့မယ်ဆိုရင် ...

  ရှင်ရင်သစ်သား
  သေသွားကျောက်ဖြစ်
  အပင်နံ့ရက်ရဲ့
  အထူးခြားဆုံးနာရီမှာ
  အနက်ရောင်ခြေလေးချောင်း
  သတ္တဝါကိုစီးလာတဲ့
  ပန်းပျိုးသူရဲ့



www.burmeseclassic.com

www.burmeseclassic.com



စစ်မှန်တဲ့နှလုံးသားကို
ပေါင်းစည်းခြင်း
သင်္ကေတအဖြစ်နဲ့
မျက်ဝါးထင်ထင် တွေ့ရမှာပါ။

တျာ စာထွက်ကိုဖတ်ပြီး မျက်လုံးလေးဝိုင်းပြီး ရင်တွေတဒိတ်ဒိတ် ခုန်နေသည်။ ဒါ ... ဒါ ... ဒါမျိုးရေးတတ်တာ မိုးလှပဲ။ သူ တျာ့ရဲ့အနီးအနားမှာ ရှိနေသလို ခံစားလိုက်ရသည်။ ပြီးတော့ သူ့ကဗျာလေးကို အဖြေရှာနေမိသည်။ ပြီးတော့ အခန်းထဲက black board ပေါ်မှာ ရေးထားတဲ့ စာပိုဒ်လေးတွေရဲ့ အဓိပ္ပာယ်ကိုရှာပေါ့။

♥○♥





## ၃၈

တျာ့အနားမှာ ကြီးကြီးနဲ့၊ ကြီးကြီးစုနဲ့ မေမေတို့ ဝိုင်းထိုင်နေကြသည်။ တစ်ယောက်ကိုတစ်ယောက် မျက်စတွေပစ်လို့ တျာ့ကို တစ်ခုခု ပြောချင်နေကြတဲ့ပုံ။

"တျာတျာ ... သမီးလည်း မငယ်တော့ဘူး၊ အခုဆို တက္ကသိုလ်က ဆရာမကြီးတောင် ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးနုရဲ့ စကားအသွားက ဘယ်ကိုရှေ့ရှုနေလဲ တျာ သိတာကြောင့် မပွင့်တပွင့် အပြုံးတစ်ခုကို ခပ်ပါးပါးလေး ခြွေမိသည်။

"ဟုတ်တယ် တျာ၊ မေမေတို့ တျာ့ကို သင့်တော်တဲ့ ယောကျ်ားတစ်ယောက်နဲ့ တည်ငြိမ်တဲ့ဘဝတစ်ခုကို တည်ဆောက်စေချင်ပြီ"

မေမေကလည်း ကြီးကြီးနု စကားနောက်က သံယောင်လိုက်သည်။

"တျာ စိတ်မဝင်စားဘူး၊ တျာ ဒီလိုပဲ တစ်ယောက်တည်း နေပါရစေ၊ ပြီးတော့ တျာ့လို တစ်ခုလပ်မိန်းမကို ဘယ်သူက တန်ဖိုးထားနိုင်မှာမို့လို့လဲ"

ကြီးကြီးစုက ခေါင်းအသာခါရင်း တျာ့စကားမှားကြောင်း သက်သေပြလိုက်သည်။

"မဟုတ်သေးဘူး တျာတျာ၊ တျာတျာ မော်လမြိုင်တက္ကသိုလ်မှာ တာဝန်ကျနေကတည်းက သူက မိသားဖသားပီပီ တျာ့ကို ကမ်းလှမ်းခဲ့တာ၊ တျာ အိမ်ထောင်ပျက်ဖူးတဲ့ အကြောင်းလည်း သူသိပါတယ်၊ ကြီးကြီးစုတို့က တျာ့





သဘောထားလေး မေးကြည့်ဦးမယ်လို့ပဲ စကားပြန်ထားတာ၊ အခု ဟိုဘက်က လာနေပြီ၊ တျာ စဉ်းစားပါဦး"

"တော်ပါပြီရှင်၊ တျာ မစဉ်းစားတော့ပါဘူး၊ တျာ့ကိုခွင့်ပြုပါဦး"

"သူက မိုးလူဆိုရင် တျာ သူ့ကိုလက်ခံမှာလား"

နောက်နားက မေမေရဲ့စကားကြောင့် တျာ့ရင်ထဲ လှိုင်းကြက်ခွပ်လေးတွေ ထ,သွားသည်။ ဒါ ဘယ်တုန်းကမှ တျာ မမျှော်လင့်ခဲ့တဲ့၊ မမျှော်လင့်ရဲတဲ့ ကိစ္စတစ်ခုပဲလေ။

"ဟုတ်တယ် တျာ၊ သူ့ကြောင့် တျာ ဒီဘဝရောက်ရတာမို့ တျာ့ဘဝတစ်ခုလုံးကို သူ တာဝန်ယူပါရစေလို့ ပြောတယ်"

"ဟင့်အင်း ... မဟုတ်ပါဘူး၊ သူ့ကြောင့် မဟုတ်ခဲ့ပါဘူး၊ တျာ တွေဝေခဲ့မိတဲ့ အမှားကြောင့်ပါ၊ ဒါကြောင့် ဒီတာဝန်ကို သူ ယူစရာမလိုပါဘူး"

တျာ မျက်ရည်တဝဲဝဲနှင့် ငြင်းဆန်နေသည်။

"တျာ ... သူ့ကို သမီး ဘယ်လောက်ချစ်ခဲ့လဲ၊ သမီးရင်ဘတ်မှာ အမြဲထိုးထားတဲ့ ရင်ထိုးလေးက သက်သေပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူလည်း သမီးကို သိပ်ချစ်ခဲ့တယ်ဆိုတာ မေမေ ခံစားလို့ရပါတယ်၊ မေမေ့သမီးလေး စက်ရုပ်တစ်ရုပ် ဖြစ်နေတာကို မေမေ မကြည့်ရက်ဘူး၊ အရင်လို တက်ကြွတဲ့ ပျော်ရွှင်တတ်တဲ့ နီတျာတျာဆိုတဲ့ မိန်းကလေးတစ်ယောက်ကို မေမေ ပြန်မြင်ချင်တယ်”

မေမေက ပြောရင်း မျက်ရည်ကျလာတာမို့ တျာလည်း မထိန်းနိုင်ဘဲ မျက်ရည်စက်တွေ ကျဲချနေမိသည်။

မေမေ ပြောသလို တျာက စက်ရုပ်တစ်ရုပ် ဖြစ်ခဲ့တာ ကြာခဲ့ပြီပဲ။

အရယ်အပြုံး ကင်းမဲ့သွားသလို စကားလည်း နည်းသွားခဲ့သည်။ တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်နဲ့ နေရတာကို ပိုနှစ်ခြိုက်ခဲ့သည်လေ။

ရက်တရက် မကြာသေးခင်က တျာ လက်ခံရရှိထားတဲ့ ကဗျာလေးရဲ့အဓိပ္ပာယ်ကို သဘောပေါက်မိသည်။

“သူတို့ ဒီတစ်ပတ်တနင်္ဂနွေ မနက်ကိုးနာရီမှာ တျာတို့အိမ်ကိုလာဖို့ အစီအစဉ်ရှိတယ် မဟုတ်လား”

“ဟင် ... တျာ ဘယ်လိုလုပ်သိလဲ”





အားလုံးက တျာ့ကို အံ့အားတသင့် ပြန်မေးကြသည်။ အဲဒီနေ့ တျာ့ကို ဟိုဘက်က တရားဝင် လူကြီးစုံရာနဲ့ လာရောက်တောင်းရမ်းဖို့ အစီအစဉ်ရှိသည် မဟုတ်လား။ ဒါကြောင့် တျာ့ကို သူမတို့ ကြိုတင်အသိပေး နားသွင်းနေကြသည်ပေါ့။

“တျာ သိတာပေါ့၊ သူ တျာ့ဆီ ကဗျာတစ်ပုဒ်ပို့ခဲ့တယ်လေ၊ ရှင်ရှင်သစ်သား၊ သေသွားကျောက်ဖြစ်တဲ့ အပင်ရဲ့နံ၊ အထူးခြားဆုံးနာရီမှာ အနက်ရောင်ခြေလေးချောင်းသတ္တဝါကို စီးလာခဲ့မယ်တဲ့”

“ဟင် ... အဲဒါ ဘာကြီးလဲ တျာတျာ”

သုံးယောက်စလုံး နားမလည်ဟန် ပြိုင်တူမေးလိုက်ကြသည်။

“ရှင်ရှင် သစ်သား၊ သေသွားရင် ကျောက်ဖြစ်တဲ့အပင်က အင်ကြင်းပင်ပဲ၊ အင်ကြင်းရဲ့နံဆိုတော့ တနင်္ဂနွေပေါ့၊ အထူးခြားဆုံးနာရီ ဆိုတာကတော့ ကိုးနာရီကိုပြောတာ၊ ကိုးဂဏန်းက ဂဏန်းတွေထဲမှာ အထူးခြားဆုံး မဟုတ်လား၊ အနက်ရောင်ခြေလေးချောင်းသတ္တဝါဆိုတာ သူစီးလာမယ့်ကားအနက်ကို ပြောတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒီလိုဆိုတော့လည်း အဟုတ်သားပဲ၊ ဒါနဲ့နေပါဦး၊ သူက ဘာလို့ ဒီလိုဟာမျိုး တို့ကို ပေးခဲ့တာလဲ"

တျာက ကြီးကြီးနု စကားကြောင့် လတ်ဆတ်သော အပြုံးတစ်ခုကို ဖန်တီးလိုက်မိသည်။ တျာ့မျက်ဝန်းတွေထဲမှာ တျာတို့ ပညာပြိုင်ခဲ့ကြပုံတွေကို မြင်ယောင်နေမိသည်။

"တျာ့တို့နှစ်ယောက်ရဲ့ဇာတ်လမ်းက အဲဒီလို ပုစ္ဆာမေးခွန်းတွေနဲ့ စ,ခဲ့ကြတာလေ"

တျာက မိုးလူနဲ့ ဇာတ်လမ်းအကြောင်း ပြန်ပြောင်းပြောပြနေသည့်အချိန်တွင် မေမေ၊ ကြီးကြီးနုနဲ့ ကြီးကြီးစုတို့ သုံးယောက်စလုံး စိတ်ပါဝင်စားစွာ ငြိမ်သက်နားထောင်နေကြသည်။ နီတျာတျာ့မှာ ဒီလိုထူးဆန်းပြီး စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းလေးတစ်ပုဒ် ရှိခဲ့မှန်း အခုမှ သူမတို့သိခွင့်ရခဲ့သည် မဟုတ်လား။

♥○♥





## ( ၃၉ )

သီရိဂေဟာအိမ်ရှေ့သို့ တနင်္ဂနွေနေ့ မနက်(၉)နာရီတွင် အနက်ရောင် တိုယိုတာကော်ရိုလာကားလေးတစ်စီး ဆိုက်ရောက်လာပြီး အဆင်သင့် ဖွင့်ပေးထားသော ခြံတံခါးမှ ခြံထဲသို့ ခပ်ဖြည်းဖြည်း မောင်းဝင်လာသည်။ ကားပေါ်မှ ဆင်းလာကြသော



www.burmeseclassic.com

www.burmeseclassic.com



သားအမိသားအဖလေးဦးကို အဆင်သင့်စောင့်နေကြသော အမျိုးသမီးသုံးဦးက ပျူငှာစွာ ဆီးကြိုနေသည်။

"လာပါ ကိုသိဟနဲ့ မနွယ်၊ လာ ... သားတို့လည်းလာကြ"

ဒေါ်နှင်းဖွေးက ဦးဆောင်ပြီး ဧည့်ခန်းထဲသို့ ခေါ်လာသည်။

ဧည့်ခန်းထဲမှ ဧည့်သည်တွေအတွက် နေရာထိုင်ခင်းတွေကို ကျကျနန စီစဉ်ထားသည်။

မိုးလှုကတော့ အိမ်ထဲကို ဝေ့ဝဲကြည့်နေသည်။ တျာတျာနဲ့တူတဲ့ အရိပ်အယောင်တောင် မမြင်ရပါ။ သူ ဟိုမှာရှိနေတုန်း ကိုသွေးနဲ့ တျာတျာတို့ မင်္ဂလာဆောင်ပြီး ကွာရှင်းလိုက်သည့်ကိစ္စ ကြားကတည်းက သူ့ကြောင့်ဆိုတာ အတပ်သိပြီးသား။

တျာ့ဆီ ပြန်ပြေးလာပြီး အားပေးနှစ်သိမ့်ခဲ့ချင်တာလည်း တားမနိုင်ဆီးမရ။ သူ မြန်မာနိုင်ငံ ပြန်ရောက်လာတော့ တျာတျာက မော်လမြိုင်တက္ကသိုလ်မှာ တာဝန်ကျနေသည်။ သူကလည်း management နဲ့ပတ်သက်သည့် training centre တစ်ခုဖွင့်ဖို့ကိစ္စတွေနဲ့ အလုပ်ရှုပ်နေခဲ့သည်။





တျာ့အတွက် ခိုင်မာတဲ့အားကိုးရာ သူဖြစ်ချင်ခဲ့တာကြောင့်လည်းပါသည်။ ဒီအတောအတွင်း မေမေနဲ့ ဖေဖေ့ကို နည်းမျိုးစုံနဲ့ အပူကပ်ပြီး တျာ့ကို လက်မလွှတ်ခိုင်းခဲ့သည်။ ပထမတော့ မေမေရော ဖေဖေပါ အင်တင်တင်။ နောက်ဆုံးတော့ ပြင်းပြတဲ့ သူ့ဆန္ဒကို ဖြည့်ဆည်းပေးခဲ့ကြသည်။

"ဧည့်သည်တွေလည်း မကြာခင် ရောက်လာကြတော့မှာပါ။ တျာတျာကလည်း ဒီက ကလေးကို လက်ခံပါတယ်။ ဒါပေမဲ့ လောလောဆယ်တော့ သူ မရှိဘူး၊ ဒီကသားကို စာတစ်စောင် ပေးသွားတယ်၊ သူရှိနေတဲ့ နေရာကို လိုက်ခဲ့ပါလို့လည်း ပြောသွားတယ်"

ဒေါ်နှင်းဖွေးက စာရွက်ခေါက်တစ်ခုကို မိုးလှုကို လှမ်းပေးလိုက်သည်။

"ကိုကို ဘာတွေရေးထားတာလဲ"

နေထူးက စာရွက်ကိုဖြန့်ဖတ်နေသော မိုးလှုအနားတိုးကပ်ပြီး စာရွက်မှာရေးထားတဲ့ စာပိုဒ်ကို လိုက်ဖတ်နေသည်။ သူက ဉာဏ်ရည်တူသလို အချစ်ချင်းပါတူသော ကိုကိုနဲ့ တီချယ်နီတျာတျာတို့ကို အားကျခဲ့သူ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်မရဲ့တဲစက်မြိတ်

အမြတ်ဆုံးရတနာမမေ့ထိပ်

အစွန်းထွက်ရင်

ဝေးသွားလိမ့်"

"အန်တီ ... ကျွန်တော် ဒီမှာရှိမနေလို့ ရမလားဟင်"

"ရပါတယ်၊ နှစ်ဦးနှစ်ဖက် သဘောတူပြီးသွားကြပြီဆိုတော့ လူကြီးတွေကို အသိပေးပြီး မင်္ဂလာရက်ရွေးဖို့ပဲ ရှိတော့တယ်၊ မင်းပဲ တျာတျာ့ဆီ အရောက်သွားပြီး ပြန်ခေါ်လာခဲ့ပါ"

"ကျွန်တော်ပါလိုက်ခဲ့မယ် ကိုကို"

သူက ခေါင်းအသာညိတ်ပြလိုက်သည်။ ကသုတ်ကရက်နှင့် ထွက်သွားကြသော ညီအစ်ကိုနှစ်ယောက်ကို ဦးသိဟနဲ့ ဒေါ်နွယ်နွယ် နားမလည်နိုင်ဟန် ကြည့်ကျန်ခဲ့ကြသည်။

"ဒီနေ့ နေ့လယ်စာကို ကျွန်မတို့ ညှော်ခံကျွေးမွေးပါရစေ၊ မိုးလူတို့ တျာတျာတို့ ပြန်အလာကိုစောင့်ပြီး အေးအေးဆေးဆေးမှ ပြန်ကြပေါ့"

ဒေါ်နုနုရဲ့စကားကြောင့် ဒေါ်နွယ်နွယ် ခေါင်းညိတ်လိုက်သော်လည်း မထွေးနိုင်မအန်နိုင် သိချင်လှသောမေးခွန်းကို ကောက်ကာငင်ကာ မေးလိုက်သည်။





"နီတျာတျာက ဘယ်ကိုသွားလို့ မိုးလူက လိုက်ခေါ်တာလဲဟင်။ နီတျာတျာက ဒီကိစ္စကို သဘောမတူလို့ အိမ်ကထွက်သွားတာလား၊ ကျွန်မတို့ကို အမှန်အတိုင်းပြောပြပါ"

"အော် ... မဟုတ်ပါဘူး မနွယ်ရယ်၊ နှင်းဖွေး ရှင်းပြလိုက်စမ်းပါဟယ်၊ ဟိုသုခမိန်နှစ်ယောက်အကြောင်းကို"

ဒေါ်နုနုက ရယ်မောကာ ပြောလိုက်သည်။

ညှော်သည်တွေမလာသေးတာမို့ ဒေါ်နှင်းဖွေက တစ်ယောက်နဲ့တစ်ယောက် ပညာပြိုင်ကြသော မိုးလူနဲ့ နီတျာတျာအကြောင်းကို အတိုချုံး ပြောပြလိုက်သည်။

"အော် ... ဒီလိုကိုး"

ဒီတော့မှ လင်မယားနှစ်ယောက် ဘဝင်ကျသွားကြသည်။ မကြာမီ ဖိတ်ထားသော ညှော်သည်များ ရောက်ရှိလာကြပြီး လူကြီးစုံရာရှေ့တွင် အိမ်ထောင်နှစ်ခု ခွေလမ်းငွေလမ်းဖောက်လို့ မင်္ဂလာရက်ကို ရွေးချယ်နိုင်ခဲ့ကြသည်။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



## ၄၀

“ကိုကို ... ကျွန်တော်တို့ ဘယ်သွားကြမှာလဲ၊ အဲဒီစာရဲ့ အဓိပ္ပာယ်ကရော ဘာလဲ”

ညီဖြစ်သူရဲ့အမေးကို သူ ပြုံးပြီး အဖြေပြန်ပေးမိသည်။





“ဘုရင်ကို ကေရာဇ်လို့ ခေါ်တယ်လေကွာ၊ ဘုရင်မဆိုတော့ ကေရီပေါ့၊ ကေရီဆိုတာ သူ့ရဲ့အချစ်ဆုံး သူငယ်ချင်းလေ၊ တံစက်မြိတ်ဆိုတာတော့ ကေရီရဲ့အိမ်ရှေ့ကို ဆိုလိုတာပဲ”

“ဒါဆို အမြတ်ဆုံးရတနာ မမေ့ထိပ် ဆိုတာကရော”

“အမြတ်ဆုံးရတနာက ရတနာသုံးပါးလေ၊ သုံးကိုရည်ညွှန်းတာပေါ့၊ အောက်ကစာကြောင်း အစွန်းထွက်ရင် ဝေးသွားလိမ့်မယ်ဆိုတာကြောင့် သုံးနာရီထက် မကျော်စေနဲ့၊ ကျော်ရင်ဝေးသွားမယ်ဆိုပြီး ခြိမ်းခြောက်ထားတာပဲ”

“ဟာ ... ကိုကိုက တော်လိုက်တာ၊ တီချယ်ကလည်း တော်တယ်၊ ကိုကိုတို့နှစ်ယောက်ကတော့ တကယ့်ကို ဘက်ညီတဲ့စုံတွဲပဲ”

“ဟော့ကောင် ... ဟော့ကောင် ... စကားကိုရမ်းမပြောနဲ့ကွ၊ ငါတို့ ပညာချင်းသာတူချင်တူမယ်၊ အချစ်ချင်းတော့ မတူဘူး၊ သူ ငါ့ကိုချစ်တာထက် ငါက သူ့ကိုပိုချစ်တယ်ကွ”

“ဟား ဟား ... ထားလိုက်ပါတော့ဗျာ၊ ကိုကိုက ပိုချစ်တယ်လို့ပဲ”



www.burmeseclassic.com

www.burmeseclassic.com



မကြာမီအချိန်အတွင်း ဧကရီတို့အိမ်ရှေ့ သူတို့ ရောက်လာကြသည်။

"ဩော် ... မောင်လေးက မိုးလူဆိုတာ ထင်တယ်"

ဧကရီနဲ့ ရုပ်ချင်းခပ်ဆင်ဆင် အစ်မကြီးတစ်ယောက်ရဲ့အမေးကို သူ ခေါင်းညိတ်ပြလိုက်သည်။

"ဒီကို နီတျာတျာ ရောက်လာသေးလား ခင်ဗျာ၊ ဧကရီရော ရှိလား"

"ဧကရီက ဒီမှာမနေတော့ဘူးလေ မောင်လေးရဲ့၊ အိမ်ထောင်ကျပြီး သူ့ယောက်ျားနဲ့ အတူနေတယ်"

"ဒါဆို သူနေတဲ့နေရာ ပြောပြပါလားဗျာ"

"သူက စမ်းချောင်းမှာနေတယ်၊ ဒုတိယထပ် တိုက်နံပါတ် (xx)မှာပါ၊ မြေနီကုန်းကားဂိတ်ပြီးတော့ ပထမလမ်းသွယ်ထဲမှာ၊ ဒါပေမဲ့ ခုနက နီတျာတျာဆီက ဖုန်းလာတယ်၊ သူ့ဆီလာရင် သူနဲ့ မောင်လေးတို့နှစ်ယောက်စလုံးနဲ့ ဆက်စပ်မှုရှိတဲ့ ပစ္စည်းတစ်ခု ယူလာခဲ့ပါတဲ့"

"ဗျာ"





"တကယ်လို့ အဲဒီပစ္စည်း မပါခဲ့ရင် သူ မောင်လေးကို တံခါးဖွင့်ပေးမှာ မဟုတ်ဘူးတဲ့"

"ဟုတ်ကဲ့ အစ်မ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး"

နေထူးက နဖူးကြောတွေရှုံ့ပြီး စဉ်းစားနေသော အစ်ကိုဖြစ်သူကို အနှောင့်အယှက်မပေးဘဲ ခပ်ဆိတ်ဆိတ်နေနေသည်။ ဒီတစ်ခါတော့ တီချယ်ရဲ့ပဟေဠိကို ကိုကို မဖော်နိုင်တော့ဘူး ထင်ပါရဲ့။

ခဏနေတော့ ကိုကိုက အဖြေကိုသိသွားသည့်ဟန်ဖြင့် မျက်နှာက လမင်းပမာ ဝင်းပသွားပြီး ရွှေဂုံတိုင် ဗဟန်းသုံးလမ်းက ကန်တော်ကြီးပန်းခြံထဲသို့ ကားလေးချိုးကွေ့ဝင်လိုက်သည်။

"ဘာလုပ်မလို့လဲ ကိုကို"

မိုးလူက အဖြေမပေးဘဲ ကားပေါ်ကဆင်းပြီး ပန်းပင်လေးတွေရောင်းသော နေရာကိုလျှောက်လို့ အိုးနဲ့ရိုုးထားသော နှင်းဆီတွေကို တစ်အိုးပြီးတစ်အိုး စေ့စေ့ငုငုကြည့်ကာ မနီတနီ နှင်းဆီပွင့်လေး ပွင့်နေသော နှင်းဆီပျိုပင်လေးပါသည့် ပန်းအိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်အိုးကို ဝယ်ယူပြီး လေလေးချွန်ကာ ကားကိုပြန်ကွေ့မောင်းလာသည်။

"ကိုကို ... ကျွန်တော်မေးတာ ဖြေဦးလေ"

"ဟိုရောက်ရင် မင်းသိရမှာပေါ့ နေထူးရာ"

ကိုကိုက သူ့ကိုမပြောချင်သေးတဲ့ပုံမို့ သူ အလိုက်သိစွာနှင့် ထပ်မမေးတော့။ သူ့ရှိသလောက်ဉာဏ်နှင့် စဉ်းစားကြည့်တော့လည်း ဘာအဖြေမှမထွက်။

မြေနီကုန်းလမ်းဆုံကိုရောက်ပြီး ပထမလမ်းသွယ်ထဲ သူတို့ ချိုးဝင်လိုက်ကြသည်။ ပြီးတော့ ကေရီ့အစ်မဖြစ်ဟန်တူသော အစ်မကြီးညွှန်လိုက်သည့် တိုက်ခန်းပါတ်ကို လိုက်ရှာသည်။ ဟော ... တွေ့ပါပြီ။ ကားကို တိုက်ခန်းရှေ့မှာ ပါကင်ထိုးထားလိုက်ပြီး ကားပေါ်က ဆင်းလိုက်ကြသည်။

"တျာတျာ ... သူလာပြီ"

ကေရီ့အသံကြောင့် တျာ ကေရီတို့တိုက်ခန်းဝရန်တာကနေ အောက်ကိုငုံ့ကြည့်မိသည်။ သူ ... မိုးလူ ... မတွေ့ရတဲ့ခြောက်နှစ်ဆိုတဲ့ ကာလမှာ သူ ဘာမှထူးထူးခြားခြား ပြောင်းလဲမသွားပါ။





ပြီးတော့ သူ့ဘေးနားက ကောင်လေးတစ်ယောက်။ သေချာကြည့်လိုက်တော့မှ တျာ့ကို ကဗျာလာပေးသည့် physic မေဂျာက ပထမနှစ်ကျောင်းသားလေး။ မိုးလူမှာ ညီတစ်ယောက်ရှိသည်ဟု ကြားဖူးထားတာမို့ တျာ သဘောပေါက်သွားဟန်ဖြင့် လွန့်လွန့်လေး ပြုံးမိသည်။

တိုက်နံရံဘေး တပ်ထားသော လူခေါ်ဘဲလ်လေးကို မိုးလူ နှိပ်လိုက်သည်။ slide door တံခါးလေး ပွင့်သွားပြီး သူ့ အမြင်ချင်ဆုံး မျက်နှာတစ်ခု ဘွားခနဲ ပေါ်လာသည်။ တျာက အရင်ကထက် အများကြီးပိုလှလာသည်ပဲ။ သူ တျာ့မျက်နှာလေးကို ရင်ခုန်စွာ ငေးကြည့်နေမိသည်။

"တျာ ပြောတဲ့ပစ္စည်း ပါလာလား"

တျာတျာက သူ့ကို ရဲရဲမကြည့်ဘဲ မေးနေသည်မို့ သူ့အသည်းတော့ နည်းနည်းယားသွားမိသည်။

"ဒီမှာလေ တျာ"

ဝယ်လာတဲ့ ပန်းအိုးကို တျာ့ကိုပြတော့ တျာက နှာခေါင်းရှုံ့သွားသည်။

"အဲဒါ ဘာလုပ်ရမှာလဲ၊ ပန်းအိုးတစ်လုံးပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး တျာ၊ ဒါက မိုးနဲ့ပျိုးထားတဲ့ နှင်းဆီပါ၊ ကိုယ်တို့နှစ်ယောက်စလုံးနဲ့ ဆက်စပ်မှုရှိပါတယ်"

"ဟင်"

တျာက ပထမအံ့အားသင့်နေရာမှ နီတျာတျာ နှင်းဆီပွင့်လေးကိုကြည့်ပြီး တဖြည်းဖြည်းနဲ့ ပြုံးသွားကာ တံခါးသော့ကို ဖွင့်ပေးရင်း ...

"လူလည်"

လို့ တိုးတိုးလေးဆိုသည်။ ဒါပေမဲ့ သူမရဲ့အသံတိုလေးထဲမှာ အဆုံးအစမဲ့ ချစ်ခြင်းတို့ ပျော်ဝင်နေကြတာ သူ့ရင်ဘတ်ကြီးက ကောင်းကောင်းသိလိုက်သည်ပဲ။

BURMESE CLASSIC .com

အသင်

၂၆-၁၂-၁၁

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com